# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ ရက် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)


၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့။ Monday, 20 May 2019 ၉၆၅၅


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲသို့ တက်ရောက်

နေပြည်တော် မေ ၁၉

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သော ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြောင်းနှင့်လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

## ကြေးမုံ ယနေ့ဖတ်စရာ

**တရုတ်နယ်စပ် ၁၀၅ မိုင်တွင် အရောင်းစင်တာဖွင့်ပေးနိုင်ရန် GAP လက်မှတ်ရ သရက်စိုက်တောင်သူများ မျှော်လင့်**

စာမျက်နှာ » ၂

**တစ်နိုင်ငံလုံးရှိ မြို့ရွာနှင့် ကျေးလက်ဒေသနေ ပြည်သူများ ရေကောင်း ရေသန့်ရရှိသုံးစွဲနိုင်ရေး အစီအစဉ်ကောင်းများ လျာထားဆောင်ရွက်**

စာမျက်နှာ » ၄

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသည့် UEHRD အား အာဆီယံနိုင်ငံများက ထောက်ခံလျက်ရှိ**

စာမျက်နှာ » ၈

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော မိုင်းဆတ်- တာချီလိတ်ကားလမ်း

**ရန်ကုန် မေ ၁၉**

မိုင်းဆတ်- တာချီလိတ်ကားလမ်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ မိုင်းဆတ်မြို့နှင့် တာချီလိတ်မြို့တို့အား ဆက်သွယ်ဖောက်လုပ်ထားပြီး မြောက်လတ္တီကျူ ၂၀ ဒီဂရီ ၂၃ မိနစ်မှ ၃၁ မိနစ်နှင့် အရှေ့လောင်ဂျီကျူ ၉၉ ဒီဂရီ ၁၂ မိနစ်မှ ၅၄ မိနစ်အကြားတွင် တည်ရှိသည်။ ကီလိုမီတာအားဖြင့် (၉၆ ဒသမ ၁၀)ကီလိုမီတာရှိပြီး ပြည်နယ်အစိုးရက စီမံခန့်ခွဲသော ခရိုင်ချင်းဆက် လမ်းတစ်လမ်းဖြစ်သည်။

လမ်း၏ နောက်ခံသမိုင်းမှာ မြန်မာ-ထိုင်းနယ်စပ်တွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော တာချီလိတ်မြို့သို့ မိုင်းဆတ်မြို့မှ ခရိုင်ချင်းဆက်ဖောက်လုပ်ထားသော (၅၉/၆)မိုင်ရှည်လျားသည်။ အနီးဆုံးလမ်းကြောင်းဖြစ်ပြီး မိုင်းဆတ်ခရိုင်ဖွံ့ဖြိုးတိုးတက်မှုအတွက် လွန်စွာအရေးပါသော ကုန်စည်စီးဆင်းရာလမ်းကြောင်း ဖြစ်သည်။ Road Network Corridor Plan အရ သတ်မှတ်ထားသည့် ပြည်ထောင်စုလမ်းမကြီး National Highway အဆင့် နမ့်စန်-မိုးနဲ-မိုင်းတုံ- မိုင်းဆတ်လမ်း ($NH_{23}$) ၏ အဆုံး မိုင်းဆတ်မြို့မှ နိုင်ငံတကာဆက်သွယ်ရေး လမ်းအဆင့်အတန်း Asian Highway No.(2) ($AH_2$) မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ- တာချီလိတ် ($NH_{27}$) လမ်းအဆုံး တာချီလိတ်မြို့သို့

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**



မိုင်းဆတ်- တာချီလိတ် ကားလမ်းတစ်နေရာကို တွေ့ရစဉ်။


**စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...**

**ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။**

ကြေးမုံ

## လူသားမျိုးနွယ်အန္တရာယ် တားဆီးကာကွယ်

လူသားမျိုးနွယ်တစ်ရပ်လုံး၏အန္တရာယ်သည် မူးယစ်ဆေးဝါးဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာများကို မြန်မာနိုင်ငံတွင် အထင်အရှားမြင်တွေ့နိုင်ပြီး နောက်ဆက်တွဲဆိုးကျိုးများကို လူမှုပတ်ဝန်းကျင်တစ်ခုလုံး ခံစားနေရသည်။ ယနေ့ကာလ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်နေသောအန္တရာယ်များတွင် ဘိန်းဘင်း၊ ကစော်၊ လော်စာ၊ အရက်စသည်တို့ကို အကြောင်းပြုသည့် မူးယစ်ဆေးဝါးအန္တရာယ်များကြောင့် မိသားစုအသိုင်းအဝိုင်းများ ထိခိုက်နေသည်ကိုတွေ့ရသည်။

ဖြစ်ပေါ်ခဲ့သော အမှုအခင်းများနှင့် ဒုစရိုက်မှုပြဿနာများကို အများဆုံးဖြစ်စေသောအကြောင်းအချက်မှာ မူးယစ်စေတတ်သောဆေးဝါးတစ်မျိုးမျိုး၏ နောက်ဆက်တွဲဆိုးကျိုးဖြစ်သည်။ မူးယစ်ဆေးဝါးများမှာ ထုတ်လုပ်သူရှိသောကြောင့် သုံးစွဲသူများရှိနေပြီး ထုတ်လုပ်မှုလျော့ကျလျှင် သုံးစွဲမှုလည်း လျော့ကျသွားနိုင်သည်။ ယခုအခါ ထုတ်လုပ်မှုထက် ရောင်းဝယ်ဖောက်ကားသုံးစွဲမှုများကိုသာ ရှာဖွေဖမ်းဆီးအရေးယူမှုပြုလုပ်နေရပြီး ထုတ်လုပ်မှုကို သိသာစွာလျော့ကျအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မူးယစ်ဆေးဝါးပြဿနာလည်း လျော့နည်းသွားမည်ဖြစ်သည်။

မူးယစ်ဆေးဝါး၏ အဓိကထုတ်ကုန်မှာ ဘိန်းဖြစ်ပြီး ဘိန်းစိုက်ပျိုးမှုတိမ်ကောပပျောက်ခြင်းမရှိသရွေ့ မူးယစ်ဆေးဝါးများ ထွက်ပေါ်နေမည်ဖြစ်သည်။ ဘိန်းစိုက်ပျိုးမှု အခွန့်ရှည်နေသည့်အချက်သည် ပြည်တွင်းစစ်ကြောင့်ဖြစ်ပြီး ပြည်တွင်းစစ်ကြောင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် အချိန်တို၊ အလွယ်တကူ၊ ဝင်ငွေရလွယ်သောဘိန်းကို စိုက်ပျိုးနေကြခြင်းဖြစ်သည်။ ထို့ကြောင့် ဒေသငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် မြန်မာတစ်မျိုးသားလုံးအတွက်သာမက ကမ္ဘာ့လူသားအားလုံးအတွက် ကြီးမားကျယ်ပြန့်သောစိန်ခေါ်မှုဖြစ်နေ၍ ထုတ်လုပ်ရောင်းဝယ်မှုများကို တားဆီးနှိမ်နင်းရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးတို့ဆောင်ရွက်ရာတွင် ကြီးမားသောအခက်အခဲများရှိနေသည်။ ထိုပြဿနာကို ဖြေရှင်းရန်အတွက် စစ်မှန်သည့်ငြိမ်းချမ်းရေးကိုတည်ဆောက်ပြီး ဘိန်းစိုက်ပျိုးသည့်တောင်သူများ၏ ဘဝနှင့် ခံယူချက်များကိုပြောင်းလဲပေးကာ လူမှုဘဝကိုမြှင့်တင်ပေးရမည် ဖြစ်သည်။

ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရန် နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် ကုန်ထုတ်လမ်းများကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ နှစ်တို၊ နှစ်ရှည်သီးနှံစိုက်ပျိုးရေး၊ နည်းပညာများပံ့ပိုးရေး၊ မြေယာပြုပြင်ရေး၊ ရေရရှိရေး၊ အစားထိုးသီးနှံများ ဈေးကွက်ဝင်ရေးတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိကာ ဘိန်းစိုက်ပျိုးမှုလည်း လျော့နည်းကျဆင်းသွားမည်ဖြစ်သည်။ အရေးအကြီးဆုံးအချက်မှာ နယ်မြေအေးချမ်းသာယာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးဖြစ်သည်။

ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက အဓိကအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များပါ လက်တွဲပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဒေသခံပြည်သူများလည်း အကျိုးရှိပြီး မူးယစ်ဆေးဝါးပြဿနာများလည်း လျော့နည်းကျဆင်းသွားမည်ဖြစ်သည်။ ဘိန်းအစားထိုးစိုက်ပျိုးရေးကို ရှေးယခင်ကလည်း ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုမရှိခြင်းမှာ နယ်မြေဒေသများ မငြိမ်းချမ်းသောကြောင့်ဖြစ်၍ မိမိတို့ဒေသငြိမ်းချမ်းရမည်ဟူသည့် ခံယူချက်ဖြင့် လက်တွဲပါဝင်ရမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများတွင် ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများ ရှိနေသော်လည်း ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့၍ အောင်မြင်မှုများရှိနေပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ယခုထက်ပူးပေါင်းလက်တွဲ၍ ပိုမိုနှိမ်နင်းတိုက်ဖျက်သွားရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စဉ်ဆက်မပြတ် နိုင်ငံရေးဆွေးနွေးပွဲများကို ဆောင်ရွက်လျက်ရှိရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်လာသည်နှင့်အမျှ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ မူးယစ်ဆေးဝါးပြဿနာများလျော့နည်းကျဆင်းလာရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဟော်မုန်းနှင့် ဆီးချိုသွေးချိုရောဂါဆိုင်ရာ ဆေးပညာညီလာခံကျင်းပ




**ရန်ကုန် မေ ၁၉**
မြန်မာနိုင်ငံဆရာဝန်အသင်း(ဟော်မုန်းရောဂါဗေဒ ပညာရှင်များအသင်း)နှင့် မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းတို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ဟော်မုန်းနှင့် ဆီးချိုသွေးချိုရောဂါဆိုင်ရာ ဆေးပညာ ညီလာခံ (Myanmar Endocrine and Diabetes Conference -2019) ကို ယမန်နေ့နံနက် ၈ နာရီက ရန်ကုန်မြို့ရှိ Melia Hotel ၌ ပြုလုပ်သည်။

**ရည်ရွယ်ကျင်းပ**

အဆိုပါ ညီလာခံကို မြန်မာနိုင်ငံမှ ဆရာဝန်များ၏ ဆီးချိုသွေးချိုရောဂါနှင့် ဟော်မုန်းရောဂါများနှင့်ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးတက်ဖွံ့ဖြိုးလာရန်၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော ဆေးပညာဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့် ဆေးကုထုံးကျင့်သုံးမှုများကို ဖြန့်ဝေပေးသွားရန်၊ မြန်မာနိုင်ငံ၏ ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါပညာရပ်ဆိုင်ရာ မြှင့်တင်ရာတွင် နိုင်ငံတကာမှ ပညာရှင်များနှင့် ပိုမိုရင်းနှီး၍ အဆက်အသွယ်များ ရရှိလာရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

“မကူးစက်နိုင်တဲ့ ရောဂါတွေထဲမှာ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်တဲ့ ဆီးချိုသွေးချိုရောဂါကို ကုသပေးနေတဲ့ ဆရာဝန်တွေကို အရည်အသွေးမြှင့်တင်ပေးရာရောက်မယ်။ ပြည်တွင်း၊ ပြည်ပက ဆရာဝန်တွေအချင်းချင်း နှီးနှောဖလှယ်ခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့၊ ထိရောက်တဲ့ နည်းစနစ်သစ်တွေ ရလာဖို့အတွက်ပါ” ဟု မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်းမှ တွဲဖက်ပါမောက္ခ ဒေါက်တာသိန်းမြင့်က ပြောသည်။

မေ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် အဆိုပါညီလာခံတွင် ဆီးချိုသွေးချို ဝေဒနာရှင်များအတွက် ဆေးဝါးကုသရေးဆိုင်ရာ ဘေးကင်းလုံခြုံမှု၊ ဆီးချိုသွေးချို ဝေဒနာရှင်များ၏ မုန်ကန်စွာ စားသောက်နေထိုင်မှု၊ လူမှုဘဝ နေထိုင်နည်း၊ ဆီးချိုသွေးချို ဝေဒနာရှင်များတွင်ဖြစ်ပေါ်တတ်သော နောက်ဆက်တွဲရောဂါများ၊ သားဖွားမီးယပ်ဆိုင်ရာများ၊ ဆေးဝါးများ၊ ကုထုံးများ၊ ဆီးချိုသွေးချိုရောဂါနှင့် ဆက်နွယ်သည့်ရောဂါများ၊ အခြားအကြောင်းအရာအသီးသီးတို့ကို ရှုထောင့်အမျိုးမျိုးမှ မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်နှင့် ပြည်တွင်း၊ ပြည်ပမှ အထူးကုဆရာဝန်များက ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ဆီးချိုသွေးချိုဖြစ်ပွားသူ ၄၂၅ သန်းမျှ ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သော စာရင်းအရ ၂၅ နှစ်မှ ၆၅ နှစ်အကြား အရွယ်ရောက်ပြီးသူများ၏ ၁၀ ဒသမ ၅ ရာခိုင်နှုန်းသည် ဆီးချိုသွေးချို ဖြစ်ပွားနေကြောင်း ယနေ့ပြုလုပ်သည့် အခမ်းအနားမှ သိရသည်။

**သီသီမင်း**

# တရုတ်နယ်စပ် ၁၀၅ မိုင်တွင် အရောင်းစင်တာ ဖွင့်ပေးနိုင်ရန် GAP လက်မှတ်ရ သရက်စိုက်တောင်သူများ မျှော်လင့်



**စစ်ကိုင်း မေ ၁၉**
စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းလက်မှတ်(GAP) ရထားသော သရက်စိုက်တောင်သူများအနေဖြင့် တရုတ်နယ်စပ် ၁၀၅ မိုင်တွင် သရက်သီးဈေးကောင်းမရဖြစ်နေသေးကြောင်း စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာ သရက်စိုက်တောင်သူ ဦးကျော်မြင့်ထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၇ ခုနှစ်က သရက်စိုက်တောင်သူ ခုနစ်ဦး၊ ၂၀၁၈ ခုနှစ်တွင် သရက်စိုက်တောင်သူ ၁၉ ဦး၊ သခွားမွှေးတောင်သူ တစ်ဦးနှင့် ယခုနှစ်တွင် သရက်စိုက်တောင်သူ ၁၄ ဦးကို GAP အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးထားကြောင်း သိရသည်။

“သရက်သီး GAP ရတာ မန္တလေးက ရတာ။ ဒီနှစ်ရောဆို လေးနှစ်ရှိပြီ။ GAP ရပြီးသားခြံရှင်တွေ ရောင်းချရမယ့် အရောင်းစင်တာကို ၁၀၅ မိုင်မှာဖွင့်ပေးနိုင်ရင် တခြား GAP မရှိသေးတဲ့ သရက်သီးရောင်းမယ့်သူတွေ စိတ်ဝင်စားလာပြီး GAP ကို လျှောက်လာကြမယ်။ GAP နဲ့ ရောင်းနေတဲ့သူတွေလည်း ပျော်တယ်။ ဈေးနှုန်းလည်း ပိုရတော့ GAP လက်မှတ်အပေါ် ပိုစိတ်ဝင်စားလာမယ်။ GAP လျှောက်အောင်လုပ်ဖို့ ဘယ်လိုဆွဲဆောင်မလဲဆိုတာ စဉ်းစားဆောင်ရွက်သင့်ပါတယ်”ဟု ဦးကျော်မြင့်က ပြောသည်။

“၁၅ ကီလို တစ်ဖာကို ငွေကျပ် ၅၀၀၀၊ ၆၀၀၀ တက်သွားတယ်။ တစ်ဖာကို အလုံး သေးရင် အလုံး ၆၀ ကနေ ၈၀ အထိပါပါတယ်။ အလုံးကြီးရင် ၃၅ လုံး၊ ၄၀ ပါတယ်။ ဒီနှစ်မှာ ငွေကျပ် ၁၅၀၀၀ ဈေးနဲ့ရောင်းရတယ်။ ပြီးခဲ့တဲ့နှစ်က သရက်ဈေးကွက်ပျက်ခဲ့တော့ တစ်ဖာကို ငွေကျပ် ၅၀၀၀ လောက်အထိ ဈေးကျခဲ့တယ်။ မနှစ်က ဈေးကွက် အနိမ့်ဆုံးပါ။ ဒီနှစ်ကျတော့လည်း ဈေးအမြင့်ဆုံးပါ။ ဧပြီလနဲ့ မေလဆန်းလောက်ပဲ ဈေးမြင့်ခဲ့ပြီး အခုကျတော့ ဈေးအေးသွားပြီ။ အခု တစ်ဖာကို ငွေကျပ် ၁၂၀၀၀ လောက်ရှိတယ်”ဟု သရက်စိုက်တောင်သူကိုမွှေးက ပြောသည်။

လက်ရှိကာလတွင် သရက်စိုက်တောင်သူများ ဈေးအမြင့်ဖြင့် အသာစီးရနေသော်လည်း ကုန်ထုတ်လမ်းအခက်အခဲနှင့် ကြုံနေရကြောင်း သိရသည်။

**မျိုးဝင်းထွန်း**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ ကြိမ်မြောက်... [partial]

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

❂ ရှေ့ဖုံးမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မောင်မယ်တို့အနေဖြင့် ရှည်လျားလှသည့် လူ့လောကခရီးကို ဆက်လက်လျှောက်လှမ်းရဦးမည့် လူငယ်များဖြစ်ပြီး ထိုသို့ လျှောက်လှမ်းနေချိန်တွင် မိမိတိုင်းပြည်နှင့်လူမျိုးအတွက် ကျရာတာဝန်များကို သက်ဆိုင်ရာအခန်းကဏ္ဍအသီးသီးမှ ထမ်းဆောင်ရဦးမည့် လူငယ်များလည်း ဖြစ်ကြောင်း၊ မလွဲမသွေရင်ဆိုင်ကြုံတွေ့လာရမည့် အခြေအနေအရပ်ရပ်အပေါ်တွင် မှန်ကန်သည့်အသိအမြင်များနှင့် ရင်ဆိုင်ဖြေရှင်းသွားကြရန်လည်း လိုအပ်ကြောင်း၊ မောင်မယ်တို့သည် ငယ်ရွယ်စဉ်ကတည်းက သိသင့်တတ်သင့်သည့် ပညာရပ်များကို အခြေခံကျကျ အပတ်တကုတ်ဆည်းပူးလေ့လာသွားရမည်ဖြစ်ကြောင်း၊ ငယ်ရွယ်စဉ်ကာလဆိုသည်မှာ ကာယအား၊ ဉာဏအားတို့ ကြံ့ခိုင်နေချိန်ဖြစ်သဖြင့် အကောင်းဆုံး အသုံးချသွားရန်လိုအပ်ကြောင်း။

မိမိတို့ဘဝတိုးတက်မှုကိုရှာဖွေရင်း တစ်ဖက်တစ်လမ်းမှလည်း နိုင်ငံတော်အတွက်ကျေးဇူးဆပ်နိုင်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ ဒီနိုင်ငံမှာမွေး ဒီနိုင်ငံမှာ ကြီးပြင်းခဲ့သူများဖြစ်သဖြင့် နိုင်ငံကြီးသားကောင်းတစ်ယောက်ပီသသည်ကို သက်သေပြကြရမည်ဖြစ်ကြောင်း၊ ထိုသို့သက်သေပြကြရာတွင် အပျက်သဘောမပါသည့် အပြုသဘောများကို ရင်ဝယ်ပိုက်ပြီး ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး လူငယ်မောင်မယ်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။ ထို့နောက် ရေကြောင်းလူငယ်သင်တန်းမှ မမြတ်နန္ဒာထွေးနှင့် လေကြောင်းလူငယ်သင်တန်းမှ မနှင်းသဇင်တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ မတက်ရောက်မီ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှ ထုတ်လုပ်သည့် ရေယာဉ်များ၏ ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ပုံစံငယ်များ၊ လေသူရဲများ၏ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှု သရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသကြသည်။



ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များ တပ်မတော်(ရေ)မှထုတ်လုပ်သည့် ရေယာဉ်များ၏ ပုံစံငယ်များကို ကြည့်ရှုလေ့လာကြစဉ်။

ယင်းနောက် ညနေပိုင်းတွင် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် နေပြည်တော်ရှိ စစ်သမိုင်းပြတိုက်သို့သွားရောက်၍ ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ရေ၊လေ)ပြကွက်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## မိတ္ထီလာသစ်တောဦးစီးဌာန ပျိုးဥယျာဉ်အား ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကြည့်ရှုစစ်ဆေး

**မိတ္ထီလာ မေ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်သစ်တောဦးစီးဌာနက ဆောင်ရွက်ထားရှိသည့် ပေါက်ချောင်းရပ်ကွက်ရှိပျိုးဥယျာဉ်အား ယနေ့နံနက် ၉ နာရီက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း လာရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာန၏ ပျိုးဥယျာဉ်တွင် သစ်ပင်ပျိုးပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီးက လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်သစ်တောဦးစီးမှူး ဦးစိုးလွင်သူက ပျိုးထောင်စိုက်ပျိုးထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လူထုသို့ အခမဲ့ဖြန့်ဝေပေးမည့်သစ်ပင်ပျိုးပင်များကိုဖြန့်ဝေရာတွင် လူထုက အမှန်တကယ်တောင်းဆိုပြီး ဒေသနှင့်ကိုက်ညီသည့် သစ်ပင်ပျိုးပင်များ စိုက်ပျိုးနိုင်ရေးဖြန့်ဝေရန် လိုအပ်ကြောင်း၊ သစ်ပင်ပျိုးပင်များ၏ အမည်များကို မြန်မာအမည် ၊ ရုက္ခဗေဒ အမည်များကို စနစ်တကျမှန်ကန်စွာရေးသားတပ်ဆင်ရန်လိုအပ်ကြောင်း၊ အပူပိုင်းဒေသနှင့်ကိုက်ညီပြီး စိုက်ပျိုးသူအတွက်အကျိုးရှိမည့် မန်ဂျန်ရှားပင်မျိုးများ စိုက်ပျိုးကြရန်လိုအပ်ကြောင်း စသည်ဖြင့် လမ်းညွှန်မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပျိုးဥယျာဉ်အတွင်း သစ်ပင်ပျိုးပင်များအား ပြုစုပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ မိတ္ထီလာမြို့နယ် သစ်တောဦးစီးဌာန ပျိုးဥယျာဉ်တွင် ကျွန်း၊ ယူကလစ်၊ တမာ၊ စိန်ပန်းနီ၊ မြန်မာကုက္ကို၊ လျှော်ဖြူ၊ မဲဇလီ၊ မန်ကျည်း၊ ပိတောက်၊ ထနောင်း၊ သစ်ပလွေ၊ စောင်ချမ်း၊ သပွတ်ကြီး၊ ဥသျှစ်၊ သပြေကြီး၊ ပင်လယ်ကဗွီး ၊ ဝါးဖြူ စုစုပေါင်း သစ်ပင်ပျိုးပင် ၁၂၆၀၅၅ ပင် ပျိုးထောင်ပြုစုထားရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ချိုနှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၁၉**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ချိုနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌနှင့် တရားရေးဝန်ကြီးတို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် မေ ၁၄ ရက်မှ ၁၇ ရက်ထိကျင်းပခဲ့သည့် "(၉) ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ ဥပဒေဖိုရမ်"သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



## ချင်းတိုင်းရင်းသားစာပေသင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး မေ ၁၉**

ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ နွေရာသီ ချင်းတိုင်းရင်းသားစာပေ သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် လမ်း၆၀၊ ၂၉ လမ်းနှင့် လမ်း ၃၀ကြားရှိ သုံးပါးတစ်ဆူဇေံဂေလိဘုရားကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ တိုင်းရင်းသားလူမျိုးစုအဖွဲ့များ၊ ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ချင်းလူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ချင်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီနှင့် ချင်းလူမှုရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဝမ်လျန်းထန်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်နုနုအောင်က တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုများထိန်းသိမ်းရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အငယ်တန်းနှင့် အကြီးတန်းသင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများချီးမြှင့်သည်။

ထို့နောက် ချင်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး(ငြိမ်း) ဦးအင်ခန့်ခွါလ်က သင်တန်းဆရာဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍သင်တန်းသားသင်တန်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေသည်။ **မန်း(ကိုယ်ပွား)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တို့မှ ကျောင်းအုပ်ဆရာ ဆရာမများနှင့်တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် မေ ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တို့မှ ကျောင်းအုပ်ဆရာ ဆရာမများနှင့်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ စန္ဒိမာခန်းမ၌ ကျင်းပသည်။




**မည်သည့်လက်ဆောင်ပစ္စည်းကိုမျှ လက်ခံခြင်းမပြုလုပ်ရန် အသိပေး**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၅ ရက်မှစ၍ ကျောင်းစတင်ဖွင့်သည့် ဇွန် ၁ ရက်မှ မတ် ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်သဖြင့် ဆရာ ဆရာမများအားလုံး၊ ကျောင်းအုပ်ကြီးများအားလုံးက မိဘအုပ်ထိန်းသူ ပြည်သူများ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များမှ ပညာရေး အရည်အသွေးကောင်းမွန်စေရေး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကျောင်းအပ်နှံရာတွင် မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကျောင်းအပ်လက်ခံရမည်ဖြစ်ပြီး မည်သည့် ငွေကြေး၊ လက်ဆောင်ပစ္စည်းကိုမျှ လက်ခံခြင်းမပြုလုပ်ရန် အသိပေးပြောကြားလိုကြောင်း။

ပညာရေးအရည်အသွေးရှိပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများကို ကြည့်ပါက စာမေးပွဲရမှတ်များများရရှိရန် သင်ယူခြင်းမဟုတ်ဘဲ သင်ယူပြီးရင်း တစ်သက်တာသင်ယူရန်အတွက် နက်နက်နဲနဲသင်ယူခြင်းဖြစ်ပါကြောင်း၊ ဆရာဗဟိုပြု သင်ကြားသင်ယူခြင်းမဟုတ်ဘဲ သင်ယူသူဗဟိုပြုသင်ကြားသင်ယူခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စစ်ဆေးအကဲဖြတ်ခြင်းအတွက် စစ်ဆေးမှုများကို ဇူလိုင် /သြဂုတ်တွင် တစ်ကြိမ်၊ နှစ်လယ်စာမေးပွဲကို အောက်တိုဘာလတွင် တစ်ကြိမ်၊ ဒီဇင်ဘာလတွင် စစ်ဆေးအကဲဖြတ်မှု တစ်ကြိမ်၊ နှစ်ဆုံးစာမေးပွဲကို ဖေဖော်ဝါရီလနှင့် မတ်လများတွင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စတုတ္ထတန်း (Grade-5)၊ အဋ္ဌမတန်း(Grade-9)နှင့် တက္ကသိုလ်ဝင်စာမေးပွဲများကို ပုံမှန်ဆောင်ရွက်ပြီး ကျန်အတန်းများကို မတ်လအကုန်တွင် စစ်ဆေးအကဲဖြတ်ခြင်းများ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျောင်းသား ကျောင်းသူအားလုံးအတွက် အရည်အသွေးရှိသော ပညာရေးစနစ်ဖြင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး တာဝန်ယူ တာဝန်ခံပူးပေါင်းဆောင်ရွက်တတ်ပြီး ဆန်းသစ်တီထွင်တတ်သည့် လူသားကောင်းများဖြစ်လာစေရေး အားလုံးကညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အခြေခံပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ပညာရေးမူဝါဒ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဖြေကြား**

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ကျောင်းအုပ်ကြီးများက သိရှိလိုသည်များကို မေးမြန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် ညနေပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)ရှိ အမှတ်(၁၈)အခြေခံပညာအလယ်တန်းကျောင်းခွဲ (ရှမ်းတဲကြီး)၌ ကျင်းပသည့် ပထမအကြိမ် နွေရာသီအင်္ဂလိပ်စာ၊ ကွန်ပျူတာသင်တန်းဆင်းပွဲနှင့် ကွန်ပျူတာပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တို့မှ ကျောင်းအုပ်ဆရာ ဆရာမများနှင့်တွေ့ဆုံခဲ့သည်။

**သတင်းစဉ်**

## တစ်နိုင်ငံလုံးရှိ မြို့ရွာနှင့် ကျေးလက်ဒေသနေပြည်သူများ ရေကောင်းရေသန့်ရရှိသုံးစွဲနိုင်ရေး အစီအစဉ်ကောင်းများ လျာထားဆောင်ရွက်



**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံတွင် စစ်တမ်းများကောက်ယူချက်အရ တစ်နိုင်ငံလုံးလူဦးရေ ၅၄ သန်းကျော်အနက် ၃၄ ဒသမ ၅ ရာခိုင်နှုန်းသာ သန့်ရှင်းပြီး နည်းစနစ်ကျ သန့်စင်ထားသော ရေကောင်းရေသန့်ကို သုံးစွဲနေရကြောင်း၊ နိုင်ငံ၏သန့်ရှင်းသောရေလိုအပ်ချက်သည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြင့်တက်လျက်ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ပြောသည်။

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းရှိ WYNDHAM GRAND YANGON HOTEL ၌ မေ ၁၆ ရက် ညပိုင်းက ကျင်းပသည့် Kobelco Supreme Water Engineering Co.,Ltd. ၏ ရေသန့်နှင့် ရေဆိုးသန့်စနစ် နည်းပညာဆိုင်ရာ ဖက်စပ်ကုမ္ပဏီမိတ်ဆက်ပွဲ အခမ်းအနားတွင် လွှတ်တော်ဥက္ကဋ္ဌက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ၎င်းက နိုင်ငံတော်အစိုးရအနေဖြင့် ရေကောင်းရေသန့်ရရှိရေးကိစ္စများကို အလေးအနက်ထားပြီး ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်မြို့တွင်း ရေကောင်းရေသန့်များ ဖြန့်ဖြူးနိုင်ရန် လုပ်ငန်းများအပြင် နိုင်ငံတော်အနေဖြင့်လည်း လာမည့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသနေ ပြည်သူများ ရေကောင်းရေသန့် ရရှိသုံးစွဲနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် Supreme Group of Companies ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်က Supreme Water Doctor Co.,Ltd. ၏ ရေသန့်နှင့် ရေဆိုးသန့်စနစ် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး စီးပွားရေးတာဝန်ခံနှင့် Kobelco Eco-Solutions ကုမ္ပဏီမှ တာဝန်ရှိသူတို့က အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဂျပန်သံရုံးနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရေနှင့်သက်ဆိုင်သည့် ပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဖြည့်ဆည်းသွားမည်**

အဆိုပါ Kobelco Supreme Water Engineering Co., Ltd. သည် ယနေ့ မြန်မာနိုင်ငံတွင် လိုအပ်နေသည့် မြို့ရွာများနှင့် စက်မှုဇုန်များတွင် ရေကောင်းရေသန့် ဖြန့်ဖြူးနိုင်ရေးလုပ်ငန်း၊ ရေဆိုးသန့်စင်ခြင်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား ရန်ကုန်တိုင်းဒေသကြီးကို ဗဟိုပြုပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံတကာအဆင့်မီ ဂျပန်နည်းပညာကို အသုံးပြု၍ သင့်တင့်သော ဈေးနှုန်းဖြင့် နိုင်ငံတော်၏ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)**



ပေါင်မြို့မရဲစခန်းမှူး ဒု-ရဲမှူး ထွန်းဇော်ဦးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မေ ၁၈ ရက်တွင် ပေါင်မြို့နယ် ကျွဲခြံကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံပြည်သူများအား မူခင်းအသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့စဉ်။

ဝရဇိန်(ပေါင်)

## “ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော် မေ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ထုတ်ရန် ရည်ရွယ်၍ စီစဉ်ကျင်းပပြုလုပ်သည့် “ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ” ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ဖိတ်ခေါ်ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ပေါ်လွင်ထင်ဟပ်စေသော ယဉ်ကျေးမှုပွဲတော်များ၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်သော ပွဲတော်များကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်စေပြီး မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၂၀၆ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံ ၇၂၉ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ၏ ဆုများစိစစ်အကဲဖြတ်ဆောင်ရွက်ခြင်းကို မေ ၁၉ ရက်တွင် ဆောင်ရွက်ခဲ့ရာ ပထမဆု ဝဏ္ဏ(မန်းတက္ကသိုလ်)၊ ဒုတိယဆု သန်းနိုင်ဦး(ပြန်/ဆက်)၊ တတိယဆု ကျော်နိုင်လင်း(လရိပ်ပြာ) တို့က ရရှိခဲ့ကြသည်။ နှစ်သိမ့်ဆုများအဖြစ် ကျော်နိုင်လင်း(လရိပ်ပြာ)၊ စိုင်းသူ(တောင်ကြီး)၊ သန်းနိုင်ဦး(ပြန်/ဆက်)၊ ခင်မောင်လွင်နှင့် ကိုမြင့်သန်း(ငွေကြယ်မင်း) တို့က အသီးသီးရရှိကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေး အကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# “ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ”ရောင်စုံဓာတ်ပုံပြိုင်ပွဲအကဲဖြတ်မှုနှင့် အတွေးအခေါ်သစ်များနှင့် အရေးအသားသစ်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ကြည့်ရှုအားပေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် “ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ” ပြိုင်ပွဲဝင်ဓာတ်ပုံများမှ ပဏာမစိစစ်ရွေးချယ်ထားသော ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

**ရန်ကုန် မေ ၁၉**

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနခန်းမ၌ ပြုလုပ်သည့် “ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ” ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများ စိစစ်အကဲဖြတ်မှုကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဓာတ်ပုံပြိုင်ပွဲ စိစစ်အကဲဖြတ်အဖွဲ့ဝင်များက ဓာတ်ပုံပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်၊ ပြိုင်ပွဲကျင်းပမှုအစဉ်အလာနှင့် ဓာတ်ပုံများစိစစ်အကဲဖြတ်မှု၊ ဆုငွေနှုန်းထားတိုးမြှင့်နိုင်ရေးနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာမှု အနေအထားများကို ဓာတ်ပုံပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်စပ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

**ရှင်းလင်းပြသ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲဝင်ဓာတ်ပုံများအနက် ပဏာမစိစစ်ရွေးချယ်ထားသော ဓာတ်ပုံ ၁၀၀ ကို လှည့်လည်ကြည့်ရှုရာ ဓာတ်ပုံအကဲဖြတ်အဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသသည်။

အကဲဖြတ်အဖွဲ့ဝင် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက “ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ကျင်းပတဲ့ပြိုင်ပွဲပါ။ ပေးထားတဲ့ စည်းကမ်းချက်တွေ ရှိပါတယ်။ မည်သူမဆို ပြိုင်လို့ရတယ်။ ဓာတ်ပုံတွေက ဆုရပြီးသားဓာတ်ပုံတွေ မဖြစ်ရဘူး။ ဒစ်ဂျစ်တယ်နည်းနဲ့ ပြုပြင်ထားတဲ့ပုံ မဖြစ်ရဘူး။ အဲဒါတွေပြီးရင် ဓာတ်ပုံပညာပြည့်ဝမှု၊ ခေါင်းစဉ်ကိုက်ညီမှု၊ တင်ပြပုံဆန်းသစ်မှု၊ ခေါင်းစဉ်ရဲ့သဘောသဘာဝကို ဆီလျော်အောင် ဆန်းသစ်နိုင်မှု စတဲ့အချက်တွေအပေါ်မှာ မူတည်ပြီး အမှတ်ပေးသွားတာပါ။ ဓာတ်ပုံပြိုင်ပွဲသမားတွေသာမက မည်သူမဆို ရိုက်လာကြတဲ့အခါကျတော့ ပြိုင်ပွဲဝင် အရေအတွက်ကလည်း အများကြီးဖြစ်လာတယ်။ အခုဆိုရင် ၇၀၀ ကျော်၊ ၁၀၀၀ ကျော် စသည်ဖြင့် ပြိုင်ပွဲဝင် ဘယ်လောက်တိုးတက်လာတယ်ဆိုတဲ့ အရေအတွက်ကိုပြနေတာပါ။ အရည်အသွေးကတော့ ဝါသနာရှင်အဆင့်နဲ့ ကျွမ်းကျင်အဆင့်က နည်းနည်းကွာပါတယ်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လုပ်ပေး**

“တိုင်းရင်းသားရိုးရာပွဲတော်တွေမှာ သွားရိုက်ရတယ်။ အခြေအနေအပေါ်မှာ မူတည်ပြီး ရိုက်ရတဲ့အခါကျတော့ တစ်ယောက်နဲ့တစ်ယောက် မကွာခြားဘူး။ ကွာတာကတော့ တင်ပြပုံနဲ့ ကိုယ်ရဲ့အတွေးအခေါ်အပေါ်မှာ ကွာသွားပါတယ်။ အကဲဖြတ်ဒိုင်အများစုက ဓာတ်ပုံပညာကောင်းတယ်။ တင်ပြပုံဆန်းတယ်။ အတွေးအခေါ် သူများထက်ဆန်းတယ်ဆိုရင် အမှတ်ပိုပေးပါတယ်။ ဓာတ်ပုံဝါသနာပါတယ်ဆိုရင် ဓာတ်ပုံများများကြည့်ပါ။ ဓာတ်ပုံများများရိုက်ပါ။ ဓာတ်ပုံပြိုင်ပွဲတွေ များများပြိုင်ပါ။ ပြိုင်ရင် ကိုယ်ဆုမရရင် ဆုရတဲ့ပုံ ကိုယ်နဲ့ ဘယ်လိုကွာသလဲ ပြန်သုံးသပ်ပါ”ဟု ပြောကြားသည်။

အကဲဖြတ်အဖွဲ့ဝင် ဦးမြင့်သိန်းဖေက “လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဓာတ်ပုံပြိုင်ပွဲတွေ ကျင်းပပေးခဲ့တယ်။ ကျင်းပတဲ့အခါ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ များသောအားဖြင့် တစ်နှစ်ကို နှစ်ကြိမ်၊ လွတ်လပ်ရေးနေ့ ဓာတ်ပုံပြိုင်ပွဲရှိတယ်။ တိုင်းရင်းသားရိုးရာဓလေ့ ဓာတ်ပုံပြိုင်ပွဲဆိုပြီး ရှိတယ်။ ဒီလိုဓာတ်ပုံပြိုင်ပွဲတွေ ကျင်းပပေးခြင်းဖြင့် တိုင်းရင်းသားတွေရဲ့အမွေအနှစ်တွေ ထိန်းသိမ်းလို့ရတယ်။ အများပြည်သူတွေလည်း တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို မြင်ရတယ်။ ဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံအတွင်းမှာရှိနေတဲ့ တိုင်းရင်းသားအားလုံးရဲ့ ဓလေ့၊ ထုံးစံ၊ ရိုးရာယဉ်ကျေးမှု၊ ပွဲတော်အစရှိသဖြင့် ယှဉ်ပြိုင်တာကို အကဲဖြတ်ပေးရတယ်။ အကဲဖြတ်ပေးတဲ့အခါမှာ ဓာတ်ပုံပြိုင်ပွဲခေါင်းစဉ်နဲ့ လိုက်လျောညီတဲ့ပုံလေးတွေ၊ ဓာတ်ပုံပညာအရ ထူးချွန်တဲ့ပုံလေးတွေကို ရွေးပေးတဲ့သဘောပါ။ နောင်ကိုလည်း ပြည်နယ်/တိုင်းဒေသကြီးက ဓာတ်ပုံပညာရှင်တွေ ပြိုင်ကြဖို့သင့်တဲ့ ပွဲလေးတစ်ပွဲဖြစ်ပါတယ်။ ဓာတ်ပုံပညာက တစ်ဖက်တစ်လမ်းက ရိုးရာယဉ်ကျေးမှုကို ထိန်းတယ်။ ရိုးရာဓလေ့တွေကို ဖော်ကျူးတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လုပ်ပေးတယ်”ဟု ပြောသည်။

**ရိုးရာယဉ်ကျေးမှုဓလေ့များ ပေါ်လွင်စေရန်ရည်ရွယ်**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့်ပူးပေါင်းပြီး ဓာတ်ပုံလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိရာ နှစ်တစ်နှစ်၏ နှစ်ဦးကာလတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဓာတ်ပုံပြိုင်ပွဲကိုလည်းကောင်း၊ နှစ်လယ်ကာလတွင် မြန်မာနိုင်ငံ၏ပုံရိပ်ကို မြှင့်တင်နိုင်မည့် ခေါင်းစဉ်/အကြောင်းအရာဖြင့် ဓာတ်ပုံပြိုင်ပွဲကိုလည်းကောင်း နှစ်စဉ်နှစ်ကြိမ် ပုံမှန်ကျင်းပပေးလျက်ရှိသည်။

ယခုနှစ်လယ်ဓာတ်ပုံပြိုင်ပွဲကို “ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားရိုးရာပွဲ” အမည်ဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိနိုင်ရန်အတွက် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ပေါ်လွင်ထင်ဟပ်စေမည့် ပွဲတော်များကို ဖော်ကျူးပြသနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ဓာတ်ပုံပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ဓာတ်ပုံဆရာ ၂၀၆ ဦးတို့က ပြိုင်ပွဲဝင်ဓာတ်ပုံ ၇၂၉ ပုံ ပေးပို့ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကဲဖြတ်ပညာရှင်အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်း၍ စိစစ်ရွေးချယ်ပြီး ယခုနှစ် ဇွန်လလယ်ခန့်တွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြန်မာ့ရေးရာ လေ့လာရေးအဖွဲ့က စီစဉ်ကျင်းပသည့် "New Ideas and New Writings" အတွေးအခေါ်သစ်များနှင့် အရေးအသားသစ်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေနှင့် အနုပညာဆိုင်ရာဖိတ်ကြားထားသူများ၊ လူငယ်စာရေးဆရာများ၊ ကဗျာဆရာများနှင့်အတူ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများအား ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် အမှုထမ်း၊ အရာထမ်းများနေထိုင်ရာ ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ကံ့ကော်အိမ်ရာ၊ သဇင် (၁)၊ သဇင် (၃)၊ သဇင် (၆)၊ သပြေ (၃)၊ ညွှန်ကြားရေးမှူးအိမ်ရာများ၊ ဇေကတစ်ထောင်၊ ဘူးကွဲအိမ်ရာ (လူပျိုဆောင်)၊ ခရေအိမ်ရာနှင့် သပြေတောင် (လူပျို၊ အပျိုဆောင်) တို့သို့ သွားရောက်၍ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး၊ သန့်ရှင်းသာယာရေး၊ ရေ၊ မီး၊



မိလ္လာနှင့် ရေဆိုးနုတ်စနစ်များ ကောင်းမွန်ရေးနှင့် လုံခြုံရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများ၏ တင်ပြချက်များအပေါ် ဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✱ ကျောဖုံးမှ

စာရင်းကောက် လိုင်းအရှည်ကြီး မလျှောက်နိုင်ကြတာလည်းပါတယ်။ အဲဒီတော့ အကောင်ရေ တွေ့ရှိမှုကနည်းသွားပြီး တွက်ချက်မှုဇယားထဲ ထည့်လိုက်တော့ စာရင်းလျော့သွားတဲ့သဘောပါ”ဟု ဘေးမဲ့တောဦးစီးအရာရှိ ဦးသိန်းလွင်က ပြောသည်။

**နေထိုင်မှုပုံစံအပြောင်းအလဲများရှိ**

၁၉၈၉ ခုနှစ်တွင် စတင်ကောက်ခံခဲ့သောစာရင်းအရ ရွှေသမင် ၃၉၄ ကောင်ရှိခဲ့ပြီး နှစ်စဉ်ကောင်ရေများ တိုးပွားလာခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ၁၅၀၄ ကောင်ထိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ရာသီဥတုနှင့် သောက်သုံးရေ အခက်အခဲများကြောင့် သမင်များ၏ နေထိုင်မှုပုံစံအပြောင်းအလဲများရှိခဲ့ပြီး တွက်ချက်မှု၌ သက်ရောက်မှုများဖြစ်ပေါ်ကြောင်း ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရုံးမှ သိရသည်။


**ရေဖြည့်ပေးနေ**

ရွှေစက်တော် ဘေးမဲ့တောထဲ၌ မိုးရေစုရေကန် ကိုးကန်ရှိပြီး ရေကားဝင်ထွက်၍ရသည့် ရေပြာကန်၊ မုဆိုးကန်နှင့် ကျောက်ဖြူကန်များတွင် တပ်မတော်(ဝါစိုက်ခင်း)ဘောက်ဆာကားများ အကူအညီဖြင့် သမင်များအတွက် သောက်သုံးရေ ဖြည့်ပေးနေကြောင်း၊ စေတနာရှင်များထံမှ အလှူငွေကျပ် ၁၉ သိန်းခန့်ရထားပြီး နေ့စဉ်ရေကား သုံးစီးမှ ငါးစီးအထိ ရေဖြည့်ပေးနေကာ ယနေ့ထိ အကြိမ်ရေ ၄၀ ကျော် ရေဖြည့်တင်းပေးထားကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

သက်ရှိလောက တည်မြဲဖို့
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# ကုလသမဂ္ဂအသိအမှတ်ပြု ဗုဒ္ဓနေ့



**ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော်**
**ဒေါက်တာအရှင်ဓမ္မသာမိ**
**ဓမ္မာစရိယ၊ DPhil (Oxford)**
**ပါမောက္ခချုပ်၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်**

**(ယမန်နေ့မှအဆက်)**

ပထမဆုံးပြောချင်တာကတော့ ဗုဒ္ဓဘာသာနိုင်ငံတွေမှာရှိတဲ့ ဗုဒ္ဓဘာသာတက္ကသိုလ်တွေ အစည်းအရုံးမရှိခဲ့တာ UN ဗုဒ္ဓနေ့ကို အကြောင်းပြုပြီးတော့ ရှိလာတယ်။ ဥပမာ ခရစ်ယာန်တက္ကသိုလ်များရဲ့အသင်းတစ်ခုရှိတယ်။ ကက်သလစ်တက္ကသိုလ်များအသင်းဆိုတဲ့ တက္ကသိုလ်များအသင်းတစ်ခုရှိတယ်။ Islamic Universities Association အစ္စလာမ်တက္ကသိုလ်များအသင်းဆိုတဲ့အသင်းတစ်ခု ရှိတယ်။ အချင်းချင်းကူညီကြတာပေ့ါ။ အခုတော့ ဘုန်းကြီးတို့က ထေရဝါဒရော၊ မဟာယာနရော အကုန်လုံးပါတဲ့ ဗုဒ္ဓဘာသာအသင်းတစ်ခုဖွဲ့နိုင်တယ်။ ဘုန်းကြီးက ကန့်လန့်ကာ နောက်မှာ အလုပ်လုပ်ရတဲ့ ပုဂ္ဂိုလ်အနေနဲ့ ဂုဏ်ယူတယ်။

ဘာကြောင့် ဂုဏ်ယူတယ်ပြောသလဲဆိုတော့ UN မှာ အဖွဲ့ဝင်တကယ်မရတဲ့ တိဗက်နဲ့ ထိုင်ဝမ်ဒီထဲမှာပါတယ်။ တရုတ်ပြည်လည်းပါတယ်။ တရုတ်ပြည်နဲ့၊ ထိုင်ဝမ်နဲ့၊ တိဗက်နဲ့ ဒီအဖွဲ့အစည်းထဲမှာ အတူတူထိုင်နိုင်တယ်ဆိုတော့ ဘုန်းကြီးကတော့ ဂုဏ်ယူတယ်။ သံတမန်အနေနဲ့ပြောမယ်ဆိုရင် သံတမန်လောကမှာ ဗုဒ္ဓဘာသာသံတမန်က အစောဆုံး။ 3rd Century BC ပြီးခဲ့တဲ့ နှစ်ပေါင်း ၂၃၀၀ က အသောကဘုရင်က သီရိလင်္ကာနိုင်ငံ ဒေဝါနံပိယတိဿမင်းဆီပို့ပေးတဲ့ သံတမန်က ကမ္ဘာပေါ်မှာ အစောဆုံးတဲ့။ ဒါကြောင့် သင်္ဂဟဝတ္ထုထဲမှာ ပိယဝါဆိုတာ လည်းပါတယ်။ သံတမန်ဆန်ဆန် ဒီလိုချစ်ကြည်ရေး စကားတွေ ပြောတတ်ရမယ်ဆိုတာပါတယ်၊ ပြောရင်းပြောရင်းနဲ့ ဘေးရောက်သွားပြီ။ အဓိကပြောချင်တာကတော့ ဗုဒ္ဓဘာသာအသင်းကြီးတစ်ခု ဖြစ်ပေါ်လာတာ။ ဒါပေမယ့် ဘုန်းကြီးက စဉ်းစားတယ်။ တချို့မဟာယာနတက္ကသိုလ်တွေက ပိုက်ဆံလည်းများတယ် နိုင်ငံလည်း တိုးတက်တယ်။ ဂျပန်မှာ ဗုဒ္ဓဘာသာ တက္ကသိုလ် ၆၀ ကျော်ရှိပါတယ်။ အဲဒါတွေ သူ့နည်း သူ့ဟန်နဲ့ ရှိလာတာပေ့ါနော်။ နှစ်ပေါင်း ၃၀၀ ကျော်၊ ၄၀၀ ကျော်၊ ၅၀၀ ကျော် အဲဒီလို ရှိလာတဲ့ဟာတွေ။

ကိုယ်က အခုမှ ထိုင်လိုက်၊ ထလိုက် လုပ်နေတာလေ။ ဥပမာ မြန်မာနိုင်ငံအနေနဲ့ဆိုရင် ဗုဒ္ဓဘာသာတက္ကသိုလ် ထိုင်လိုက်၊ ထလိုက် လုပ်တယ်။ လွတ်လပ်ရေးရခါနီးမှာ ကျေးဇူးတော်ရှင် အမရပူရမဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက သူ့ရဲ့ vision ကို စာအုပ်ရေးတယ်။ အနာဂတ်သာသနာဆိုပြီးတော့ စာအုပ်တစ်အုပ်ရေးတယ်။ အဲဒီစာအုပ် ဖတ်ဖြစ်အောင်ဖတ်ပါ။ လွတ်လပ်ရေးရပြီးရင် ဘယ်လိုလုပ်သင့်တယ်ဆိုတာ။ ရန်ကုန်နဲ့ မန္တလေး နှစ်ခုမှာ တစ်နေရာမှာ တစ်ခုစီ ဗုဒ္ဓတက္ကသိုလ်တည်ထောင်သင့်တယ်ဆိုပြီးတော့ ဆရာတော်ကြီးက အကြံပြုတယ်။ ဒါပေမယ့် အဲဒါတွေ ဖြစ်မလာဘူး။ တကယ်ဖြစ်လာတဲ့ အခါကျတော့ ဘယ်အချိန်မှာ ဖြစ်လာတုန်းဆို ဆဋ္ဌသင်္ဂါယနာတင်ခါနီး ၁၉၅၄-၅၆ ပေ့ါနော်၊ ဆဋ္ဌသင်္ဂါယနာတင်တဲ့ အချိန်အတွင်းမှာ ကမ္ဘာအေးမှာ ဗုဒ္ဓဘာသာကောလိပ် တည်ထောင်တယ်။ သီတဂူဆရာတော်ကြီးရဲ့တရားနာဖူးတဲ့ ပုဂ္ဂိုလ်တွေ သိမှာပေ့ါ။ ၁၉၆၂ ခုနှစ်မှာ ဆရာတော်ကြီးက အဲဒီဗုဒ္ဓတက္ကသိုလ် ဝင်တယ်တဲ့။ အဲဒီနှစ်မှာပဲ ဗုဒ္ဓတက္ကသိုလ် အပိတ်ခံရတယ်တဲ့။ သေမယ့်နေ့မှာ ဆရာတော်ကြီးက ဘာပြောသလဲဆိုတော့ စစ်ထဲဝင်မိတယ်တဲ့။

အဲဒီတော့ ဘုန်းကြီးတို့က လေး၊ ငါးနှစ်အတွင်းမှာ ပိတ်လိုက်တာ။ ဒါပေမယ့် အဲဒီဗုဒ္ဓတက္ကသိုလ်ကြီးရဲ့ Alumni တွေပေ့ါနော်။ ဖားအောက်ဆရာတော်ကြီးတို့၊ နောက် သီတဂူဆရာတော်ကြီး ထွက်လာတာပေ့ါ။ နောက် အင်္ဂလိပ်လိုတရားဟောနိုင်တဲ့ ဆရာတော်ကြီးတွေ၊ တရားပြနိုင်တဲ့ဆရာတော်ကြီးတွေ ထွက်လာတယ်။ ၁၉၆၄ မှာ ဗုဒ္ဓတက္ကသိုလ် ပျက်သွားရော။ ၁၉၈၀ သံဃမဟာနာယက ခေတ်ရောက်လာတဲ့အခါကျမှ ကျေးဇူးတော်ရှင် တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးက ရန်ကုန်နဲ့မန္တလေး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပြန်ပြီးတော့တည်ထောင်တယ်။ ဒါကို ဘုန်းကြီးက ပြောတာ၊ ကိုယ်က ထိုင်လိုက်၊ ထလိုက် လုပ်တုန်းရှိသေးတယ်။ အဲဒီလို တွေးကြည့်တဲ့အခါကျတော့ ထေရဝါဒ၊ မဟာယာနအတူတူပဲ အသင်းတစ်သင်းတည်းရှိတယ်ဆိုရင် ထေရဝါဒက အမြဲတမ်းနောက်ကျကျန်တယ်။ ဟို running လုပ်ပုံလုပ်နည်းတွေ၊ develop လုပ်ပုံလုပ်နည်းတွေ၊ facilities တွေ၊ scholar တွေ၊ research skill တွေ အဲဒါတွေ သူများက နှိုင်းလို့မရဘူး။

နောက်ကျန်မနေအောင် ထေရဝါဒအသင်း သီးသန့်လည်းပဲ တက္ကသိုလ်တွေ အသင်းဖွဲ့ရမယ်၊ အဲဒီလိုတွေးပြီးတော့ သီတဂူဆရာတော်ကြီးကိုလာပြီး ချဉ်းကပ်တယ်၊ ဗုဒ္ဓတက္ကသိုလ်အသင်းတွေကတော့ ဖွဲ့ဖြစ်မယ်၊ အဲဒီလိုမဖွဲ့ခင်မှာ ထေရဝါဒ သီးသန့်ဖွဲ့ရအောင်ဆိုပြီး လျှောက်တော့ ဆရာတော်ကြီးက သဘောတူတယ်၊ စပွန်ဆာလည်းပေးတယ်၊ အဲဒါနဲ့ ၂၀၀၇ ခုနှစ် မတ်လမှာ ဒီအပြည်ပြည်ဆိုင်ရာထေရဝါဒတက္ကသိုလ်မှာရော၊ နောက်ပုပ္ပားမှာရော ဘုန်းကြီးတို့က နှစ်နေရာ အစည်းအဝေးလုပ်တယ်။ ATBU Association of Theravada Buddhist Universities ဆိုပြီး အသင်းဖွဲ့ဖြစ်ခဲ့တယ်။ မနှစ်က ဒီအသင်းရဲ့ ကွန်ဖရန့်စ် သီရိလင်္ကာမှာ လုပ်တယ်။ နောက်နှစ်ကျရင် နီပေါနိုင်ငံ ခတ္တမန္ဒူမှာ လုပ်လိမ့်မယ်။ ထိုင်းနိုင်ငံမှာလည်း လုပ်ဖူးတယ်၊ အင်ဒိုနီးရှားမှာလည်း လုပ်ဖူးတယ်။ အဖွဲ့ဝင် ကောလိပ်တက္ကသိုလ် ၂၄ ခု ရှိပါတယ်။

နောက်တစ်ခုကတော့ ဘုန်းကြီးတို့အချင်းချင်း ထေရဝါဒ၊ မဟာယာန ကိုယ့်အယူသူမသိ၊ သူ့အယူ ကိုယ်မသိ ဒီအတိုင်းအလိုလိုနေရင်းနဲ့ သူ့ကိုလည်း ကိုယ်က အထင်သေး၊ ကိုယ့်ကိုလည်း သူက အထင်သေးဆိုတော့ ဗုဒ္ဓဘာသာ အတူတူလုပ်ကြတာ တကယ်တော့ ရင်းရင်းနှီးနှီးမရှိဘူးပေ့ါ။ အဲဒါနဲ့ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုပြီးတော့ ကိုယ့်အကြောင်းလည်း သူသိ၊ သူ့အကြောင်းလည်း ကိုယ်သိအောင် နောက်ပြီးတော့ Compromise လုပ်ရာလည်းမကျအောင် ကိုယ့်အမြင်လည်း ကိုယ်ထိန်းထား၊ သူ့နေရာလည်း သူထိန်းထား၊ အဲဒီလို ဘယ်လိုများလုပ်လိုက်ရင် ကောင်းမလဲဆိုပြီး ၂၀၀၈ ခုနှစ် ဗီယက်နမ်နိုင်ငံမှာ ပထမဆုံး ဗုဒ္ဓနေ့လုပ်တဲ့အခါ (ကွန်မြူနစ်ပါတီနဲ့ အစိုးရက ထောက်ခံတာနော်၊ ကွန်မြူနစ်ပါတီက အတွင်းရေးမှူးချုပ်ကိုယ်တိုင်လာပြီးတော့ မိန့်ခွန်းပြောတာ) ဘုန်းကြီးတို့က ဘာဆုံးဖြတ်တုန်းဆိုတော့ ထေရဝါဒ၊ မဟာယာနပေါင်းပြီးတော့ စာအုပ်တစ်အုပ်ရေးရအောင်၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဆိုပြီးတော့ ရေးရအောင်၊ ဗုဒ္ဓအကြောင်းနဲ့ပတ်သက်ပြီးတော့ ထေရဝါဒ၊ မဟာယာနလည်းပဲ ကိုယ့်ရဲ့ပိဋကတ်ကျမ်းစာထဲကနေ ဘာသာပြန်ပြီးတော့ အင်္ဂလိပ်လိုရေးပြီးတော့ လာထည့်၊ အရှေ့အာရှမဟာယာနလည်းပဲ သူ့ကျမ်းစာ၊ တရုတ်ဘာသာကလည်း သူ့ကျမ်းစာထဲကနေ လာထည့်တယ်။ ဝဇီယာန တိဗက်ဗုဒ္ဓဘာသာကလည်းပဲ သူ့ဟာနဲ့သူ ဒီဗုဒ္ဓနဲ့ပတ်သက်တဲ့ အကြောင်းလာထည့်၊ ကိုယ့်အခန်းကဏ္ဍနဲ့ကိုယ်ရေး၊ မရောဘူး။ အဲဒီလို သဘောတူပြီးတော့ လုပ်ခဲ့တယ်။ အခိုင်းကောင်းတဲ့အခါကျတော့ ဘုန်းကြီးက အဲဒီ compilation committee - ကျမ်းစာပြုစုရေးကော်မတီရဲ့ ဥက္ကဋ္ဌရာထူးလုပ်ခဲ့ရတယ်။

ပါမောက္ခ အယောက် ၂၀၊ နိုင်ငံပေါင်း ၁၀ နိုင်ငံကနေ ပေါင်းပြီးတော့ လုပ်ကြတယ်။ အဲဒီ ကျမ်းစာကို Common Buddhist Text-CBT လို့ခေါ်တယ်။ ရန်ကုန်တက္ကသိုလ်ရဲ့စာကြည့်တိုက်ထဲမှာ လာလှူထားပေးပါတယ်။ CBT အဲဒီကျမ်းစာကို ကုလသမဂ္ဂမှာအသုံးပြုတဲ့ ဘာသာစကားကြီးကြီးတွေ၊ အရေးပါတဲ့ဘာသာစကားတွေအကုန်လုံးကို ဘာသာပြန်ကြမယ်။ အခု တရုတ်ကို ဘာသာပြန်တာ ပြီးပါပြီ။ ရုရှားတို့ ဘာသာပြန်နေတုန်း၊ Spanish နဲ့ Portuguese ကိုလည်း ဘာသာပြန်နေတုန်း၊ လေးခု ဘာသာပြန်နေပါတယ်။ ထိုင်းလိုလည်း ဘာသာပြန်ပြီးသွားပြီ။ မြန်မာဘာသာအနေနဲ့လည်း ဘာသာပြန်နေတုန်းရှိသေးတယ်။ အဲဒီစာအုပ် စာမျက်နှာ ၄၀၀ ပဲရှိပါတယ်။ ပြုစုတာ ခုနစ်နှစ်ကြာပါတယ်။

မဟာယာနကလည်းပဲ သူတို့ကို သွားပြီးစိုးမိုးလိမ့်မယ်။ dominate လုပ်လိမ့်မယ်လို့ စိုးရိမ်တယ်။ ထေရဝါဒကလည်းပဲ မဟာယာနအယူအဆတွေ ဝင်လာလိမ့်မယ်လို့ စိုးရိမ်တာ။ နောက်ဆုံးကျတော့ အဲဒီလိုမဟုတ်ပါဘူး။ ကိုယ့်အခန်းကဏ္ဍနဲ့ ကိုယ့်နေရာနဲ့ကိုယ်ရှိပါတယ်။ အဲဒီလိုနားလည်တဲ့အခါကျမှ ဝိုင်းပြီးတော့တာဝန်ခွဲဝေပြီးတော့ ရေးကြတယ်။ ရေးပြီးတော့ ဘာလုပ်ဖို့တုန်းဆိုတော့ ထေရဝါဒက ဆရာတော်ကြီးတွေ၊ မဟာယာနက ဆရာတော်ကြီးတွေဆီကို ပို့ပြီးတော့ အကြံဉာဏ်တောင်းတယ်။ နောက်ပြီးတော့ တက္ကသိုလ်ပညာရှင်တွေဆီကိုပို့ပြီးတော့ အကြံဉာဏ်တွေ တောင်းတယ်။ Peer Review သုံးကြိမ် လုပ်ပါတယ်။ အဲဒီကြားထဲမှာ မကြိုက်တဲ့သူတွေက အပြစ်တွေရှာပြီးတော့ ပြောတာရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးကျတော့ အောင်မြင်သွားတယ်ဆိုပါတော့။

၂၀၁၆ ခုနှစ်ရဲ့ဗုဒ္ဓနေ့ပွဲမှာ နောက်ဆုံးအသိအမှတ်ပြုလိုက်တယ်။ ဘန်ကောက်မှာရှိတဲ့ UNCC-United Nations Conference Centre အဲဒီမှာ ဗုဒ္ဓဘာသာပေါင်း ၁၅၀၀၊ နိုင်ငံပေါင်း ၈၀ က ဒီကျမ်းစာကို အသိအမှတ်ပြုကြတယ်။ နောက်ဆုံး စာအုပ်ထုတ်ဝေပြီးတော့ သီရိလင်္ကာနိုင်ငံ ကိုလမ်ဘိုမြို့မှာ ၂၀၁၇ ခုနှစ် မေလဗုဒ္ဓနေ့မှာ Launch လုပ်ကြတယ်။ ဒါကလည်းပဲအောင်မြင်မှုနောက်တစ်ခု။

နောက် လက်ရှိလုပ်နေတဲ့ဟာကတော့ ဘုန်းကြီးတို့ရဲ့ ထေရဝါဒ ပိဋကတ်ကျမ်းစာက ပါဠိနဲ့ ရှိတယ်။ မဟာယာနကျတော့ တရုတ်နဲ့လည်းရှိတယ်၊ တိဗက် ဘာသာနဲ့လည်း ရှိတယ်။ သို့သော် ကျမ်းစာချင်းက တချို့ဟာတွေမတူဘူး။ မဟာယာနက ထေရဝါဒထက် တစ်ဆပိုပါတယ်။ တိဗက်က မဟာယာနထက် တစ်ဆပိုပါတယ်။ ကိုယ့်ဟာနဲ့ကိုယ် CD Rom တွေနဲ့ Digitized လုပ်ထားတယ်။ CD Rom တွေ ၃၀ လောက်ရှိပါတယ်။ ကမ္ဘာပေါ်မှာ စုပေါင်းပြီး ကိုယ့်ဟာကိုယ် လုပ်ထားကြတာ။

ဥပမာ ၂၀၁၃ ခုနှစ်တုန်းက ကျင်းပတဲ့ ခေါင်းစီးလေးတစ်ခု၊ အကြောင်းအရာက Mindfulness: tradition and Compassionate Applications - ရှေးရိုးစဉ်လာ တရားပြတဲ့နည်းနဲ့ ယခုသိပ္ပံပညာရှင်တွေ Apply လုပ်တဲ့ တရားပြတဲ့နည်းတွေ ဘုန်းဘုန်းတို့က ဆွေးနွေးကြတယ်။ အဲဒီလိုဆွေးနွေးကြတဲ့နေရာမှာ သုတေသနလုပ်တဲ့ပုဂ္ဂိုလ် researcher အနေနဲ့ CD Rom မှာ Mindfulness ဒါမှမဟုတ် သတိဆိုတာ ရိုက်ထည့်လိုက်တယ်၊ အဲဒီကနေ ရှာမယ်။ တိဗက်က ဘာပြောတုန်း၊ တို့နဲ့တူလား၊ တရုတ်က ဘယ်လိုနားလည်တာတုံး၊ ကိုရီးယားက ဘယ်လိုများ နားလည်၊ ဂျပန်က ဘယ်လို၊ အဲဒီလို ဒီမြန်မာနိုင်ငံရဲ့ CD Rom program ကနေ ဟိုဘက် CD Rom အချက်အလက်သွားရှာဖို့အတွက် Union Catalogue မရှိပါဘူး။ Digital Catalogue မရှိပါဘူး။ ဒီကနေ ဟိုဘက်ကို သွားရှာတာမရဘူး။ အဲဒီလိုရအောင် အခုလည်း လုပ်နေပါတယ်လို့ပြောချင်တာ။ လုပ်နေတယ်၊ ခေါင်းဆောင်လုပ်တာ နှစ်ဦးရှိပါတယ်။ တစ်ဦးကတော့ အမေရိကန် ပါမောက္ခ Phillip Stanley ဆိုတာ ကိုလိုရာဒိုက၊ သူရယ် နောက် West Viginia က ပါမောက္ခ နှစ်ယောက်၊ သူတို့က တိဗက်ဘာသာကိုလည်း ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်နှစ်ယောက်ဆိုလည်း မှန်ပါတယ်။ နောက် ကွန်ပျူတာကိုလည်း ကျွမ်းကျင်တယ်။ ဒီစာအုပ်တွေကို တစ်လုံးစီ မရိုက်ရအောင် scan ဖတ်ပြီး သူ့မူရင်းဖိုင်အတိုင်း ပြန်ပေါ်အောင်လုပ်တဲ့ software တွေပေ့ါ။ အဲဒီလောက်အထိ လုပ်နိုင်တဲ့ပုဂ္ဂိုလ်တွေ။

ဘုန်းကြီးကတော့ Techanically know how မရှိပါဘူး။ ဆက်သွယ်ရေးတာဝန်ယူတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အစကတော့ ထိုင်းနိုင်ငံမှာ ရုံးထားတယ်။ နောက် ထိုင်းက နိုင်ငံရေး နည်းနည်းမတည်ငြိမ်တဲ့အခါကျတော့ အခုရုံးကို မြန်မာပြည် သီတဂူဗုဒ္ဓအကယ်ဒမီကို ရွှေ့လိုက်ပါတယ်။ ဒါတွေကတော့ ကုလသမဂ္ဂဆိုတဲ့ နာမည်အသုံးပြုပြီး ဗုဒ္ဓဘာသာတွေ ညီညွတ်လာခြင်း အကြောင်းပေ့ါ။

မဟာယာနတွေကလည်း သူတို့ဆီမှာ မရှိတဲ့အရာ၊ မသိတဲ့အရာ အဲဒါတွေကို တစ်ခါတည်း မာနလျှော့ချပြီးတော့ ထေရဝါဒက ပြောတဲ့အယူအဆကို ညှိယူတာပေ့ါ။ ဗုဒ္ဓနေ့ဆိုရင် မွေးတာလည်း ဒီနေ့၊ ဘုရားဖြစ်တာလည်း ဒီနေ့၊ ပရိနိဗ္ဗာန်စံတာလည်း ဒီနေ့ ဒါဆို သူတို့က ယူတယ်။ ဗီယက်နမ်နိုင်ငံလိုမဟာယာနဗုဒ္ဓဘာသာက ထုတ်တဲ့စာအုပ်မှာ ဒီဟာတွေပါတယ်။ ၂၀၁၉ ခုနှစ်မှာ အခုဆွေးနွေးတဲ့ ခေါင်းစီးထဲမှာ ဒီဟာက အပေါ်ဆုံးမှာ United Nations Day of Vesak, 2019 Panel Discussion တစ်ခု၊ ခေါင်းစီးက Family and Society; A Buddhist Perspective တဲ့။ နောက် Panel တစ်ခုက Buddhist approach to Education and Ethics, Education - Ethics အကြောင်းဆွေးနွေးတာ၊ ဒါက ၂၀၁၇ တုန်းက သီရိလင်္ကာနိုင်ငံမှာကျင်းပတဲ့ ခေါင်းစဉ်တစ်ခု Buddhist Teaching for Social Justice and Sustainable World Peace တဲ့။ ဒါက ၂၀၁၈ ခုနှစ်က စာအုပ်တွေပါ။ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် စာကြည့်တိုက်ထဲက ဆွဲလာတာတွေပါ။ ဒါတွေကျတော့Workshop No.3 ပါ။ Engaged Buddhism and Development, Engaged Buddhism က ဗုဒ္ဓဘာသာတွေရော၊ ဘုန်းကြီးတွေရော၊ သီလရှင်တွေရော၊ လူ့အသိုင်းအဝိုင်းတိုးတက်ဖို့အတွက် ဘာတွေလုပ်သင့်တယ်၊ ပရဟိတလုပ်သင့်တယ် စတဲ့အတွေးအခေါ်အယူအဆတွေကို Engaged Buddhism လို့ခေါ်တယ်။

အဲဒီ လူ့ဘောင်နဲ့ပတ်သက်တဲ့ ဘာမှမလုပ်သင့်ဘူးလို့ ယူဆတဲ့ အယူလည်းရှိသေးတယ်။ ဒါကတော့ Brainstorm တွေလုပ်ကြတာပေ့ါ။ ဒါ ယခုနှစ် ဗီယက်နမ်မှာ လုပ်နေတဲ့ Vesak. Mindful Leadership for Sustainable Peace. သတိ ပဋ္ဌာန်ခေါင်းဆောင်မှုနဲ့ ထာဝရသွားနိုင်တဲ့၊ ထာဝရတည်ရှိတဲ့ ငြိမ်းချမ်းရေးတဲ့၊ Consumption & Sustainable Perspective၊ စားသုံးတာ တစ်ခါတည်းစားကြ၊ သုံးကြ၊ အိမ်တွေဆောက်ကြ၊ သစ်ပင်တွေ ခုတ်ကြ၊ Environment - သဘာဝပတ်ဝန်းကျင်က ခံနိုင်မလား၊ ဒါကို Brainstorm လုပ်တာ၊ ၂၀၁၃ ခုနှစ်တုန်းက ထိုင်းမှာ Education and Global Citizenship ပညာရေးရယ်၊ နောက်ပြီးတော့ Global Citizenship ကမ္ဘာ့ပြည်သူ၊ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်သူ ဆိုတာရှိတယ်။ နောက်ပြီးတော့ ကမ္ဘာ့တစ်ခုလုံးရဲ့ ပြည်သူ ဆိုတာရှိတယ်။ ကမ္ဘာတစ်ခုလုံးအပေါ်မှာ တို့တာဝန်တွေ ရှိတယ်။ တို့အခွင့်အရေးရမှာတွေရှိတယ်။ Buddhist Perspective.

အဲဒီတော့ အကျဉ်းချုံးပြီးပြောမယ်ဆိုရင် ပြီးခဲ့တဲ့ နှစ် ၂၀ လုံးလုံး နှစ်တိုင်းနှစ်တိုင်း United Nations, New York မြို့ဌာနချုပ်မှာရော၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ UN ရုံးချုပ်တွေမှာရော ဗုဒ္ဓနေ့ကျင်းပလာခဲ့တယ်။ ဒါလေး တစ်ချက်၊ ကျင်းပလာတဲ့အတွက်ကြောင့်မို့လို့ အကျိုးရလဒ်အနေနဲ့ ထေရဝါဒနဲ့ မဟာယာန၊ တိဗက်တို့ လက်တွဲပြီးတော့ စုပေါင်းလုပ်နိုင်တဲ့အရာတွေ လုပ်ဖြစ်ကြ၊ လက်တွဲမလုပ်နိုင်တဲ့ အရာတွေကျတော့ ကိုယ့်ဟာကိုယ် လုပ်ကြတယ်။ ဒီအထဲမှာပေါ်လာတဲ့အသီးအပွင့်တွေကတော့ ဗုဒ္ဓဘာသာတက္ကသိုလ်များရဲ့အသင်းနှစ်ဖွဲ့ပေါ်လာတယ်။ စုပေါင်းပြီးတော့ စာအုပ်တစ်အုပ်ရေးနိုင်တယ်။ အဲဒါ UN Social and Economic Planning Council က ဘာမှတ်ချက်ပေးသလဲဆိုတော့ ဗုဒ္ဓဘာသာက ဒီလိုလုပ်နိုင်တယ်ဆိုရင်တော့ တကယ့်စံနမူနာပဲပေ့ါ။ ခရစ်ယာန်တွေအားလုံး အော်သိုဒေါက်၊ ကက်သလစ်၊ ပရိုတက်စတင့်၊ (ဂိုဏ်းတွေ အများကြီး၊ မြန်မာနိုင်ငံထဲမှာတင် ဆယ်ဂဏန်းကျော်ရှိတယ်)၊ အစ္စလာမ်ထဲမှာလည်းပဲ ရှီးယိုက်ရယ်၊ ဆွန်နီရယ်၊ အစ္စလာမ်ရယ်၊ ဆူဖီ (Sufi) ရယ် သူတို့စုပေါင်းပြီး လုပ်နိုင်ရင်ကောင်းမယ်။ ဗုဒ္ဓဘာသာက စပြီးလုပ်နိုင်တယ်ဆိုတော့ UN အနေနဲ့ အများကြီးဂုဏ်ယူတယ်တဲ့။ ငြိမ်းချမ်းရေးလုပ်တဲ့နေရာမှာ သူ့အခန်းကဏ္ဍ၊ ကိုယ့်အခန်းကဏ္ဍ အသိအမှတ်ပြုပြီးတော့ ပါဝင်လှုပ်ရှားနိုင်တယ်ဆိုတာ ဒါဖြစ်နိုင်တယ်ဆိုတဲ့အကြောင်းများကို နမူနာပြတယ်ဆိုပြီးတော့ UN က ဘုန်းကြီးတို့ကို ပြောတယ်။

နောက်ဆုံးအနေနဲ့ ၂၀၀၆ ခုနှစ်တုန်းက ဘန်ကောက် UNCC, United Nations Conference Centre မှာ ဆွေးနွေးတဲ့အထဲမှာ Oxford တက္ကသိုလ်က Professor Richard Gombrich တင်ပြတယ်။ သူ့ရဲ့ Speech အကျဉ်းချုပ် “Buddhism and Non Violence - ဗုဒ္ဓဘာသာနှင့် အကြမ်းမဖက်မှု” အဓိကဆွေးနွေးတာကတော့ ဗုဒ္ဓဘာသာဟာတစ်ဦးစီတစ်ဦးစီ အကြမ်းမဖက်တဲ့နေရာမှာ သိပ်ကောင်းတယ်တဲ့။ အလွန်တော်တယ်တဲ့၊ အစည်းအဝေးတွေ၊ အခမ်းအနားတွေ လုပ်တော့မယ်ဆိုရင် ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ တပည့်တော် တပည့်တော်မတို့ အကြမ်းမဖက်ပါဘူး၊ သူတစ်ပါးရဲ့အသက်ကို မနှိပ်စက်ပါဘူး၊ သူတစ်ပါးအသက်ကို မသတ်ပါဘူး၊ သူတစ်ပါးရဲ့အသက်ကို မသတ်ရုံတင်မကပါဘူး၊ သူတစ်ပါးရဲ့ဘဝကိုလည်း မသတ်ပါဘူး၊ တချို့က အသက်ကိုမသတ်ဘူး၊ ဘဝကို နှိပ်စက်ညှဉ်းပန်းတယ်၊ ဘဝကိုသတ်တယ် အဲဒီလိုလည်း မလုပ်ပါဘူး၊ ဗုဒ္ဓဘာသာက တစ်ဦးချင်းစီမှာ အလွန်တော်တယ်တဲ့၊ ဒါပေမယ့် What About Public Life? နိုင်ငံတော်အနေနဲ့ ဘယ်လိုတုန်း သူက မေးတယ်။ အစိုးရကနေပြီးတော့ ပြည်သူကို နှိပ်စက်တာတွေ

စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

ချုပ်ချယ်တာတွေကျတော့ ဗုဒ္ဓဘာသာနိုင်ငံတွေက အခြေအနေဘယ်လိုရှိသလဲ၊ ဒီအထဲမှာ ဥပမာ သူပြောပြတဲ့တစ်ခုကတော့ EU 27 နိုင်ငံ အကုန်လုံးပေါ့နော်။ သူတို့က သေဒဏ်အကုန်ပယ်ဖျက်ထားပြီးသား၊ သေဒဏ်မရှိဘူး၊ ပါဏာတိပါတကို နိုင်ငံတော်ရဲ့ Policy ထဲမှာထည့်ထားတာပေါ့။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ တစ်ဦးစီလုပ်ရုံနဲ့တင် ကျင့်ကြံရုံတင်မကဘူး။ နိုင်ငံတော်အနေနဲ့ပါ ကျင့်ကြံလို့ ဥပဒေထဲမှာ ထည့်ထားတယ်။ ဗုဒ္ဓဘာသာနိုင်ငံထဲမှာကျတော့ ဘူတန်နိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံ နှစ်နိုင်ငံပဲ သေဒဏ်ပယ်ဖျက်ထားတာရှိတယ်။ နောက်ပြီးတော့ သေဒဏ်က ဘာကြောင့်ထားသင့်တယ်လို့ လူတွေက ပြောကြသလဲဆိုတော့ သေဒဏ်ထားရင် ပြစ်မှုကျူးလွန်မယ့်သူတွေကို အဟန့်အတားဖြစ်စေတယ်။ သူတို့ကို တားဆီးတယ်၊ သူတို့ကို ပြစ်မှုမကျူးလွန်အောင် ဟန့်တားတယ်လို့ အကြောင်းပြခဲ့တယ်။ Argument လုပ်တယ်ပေါ့။ ဒါပေမယ့် ဒီဟာကို Social Scientist တွေက အကြိမ်ကြိမ်သုတေသနတွေလုပ်တယ်။ နိုင်ငံတော်တော်များများမှာ သုတေသနလုပ်ပြီးသွားပြီ။ သေဒဏ်ရှိခြင်းအားဖြင့် မှုခင်းနည်းအောင်၊ ပြစ်မှုနည်းအောင် မလုပ်နိုင်ဘူး။ ပြုပြင်ပြောင်းလဲရေးလုပ်ခြင်း၊ လူမှုရေးအခြေအနေကောင်းအောင်လုပ်ခြင်း၊ စီးပွားရေးမြှင့်တင်ပေးခြင်း၊ ပညာရေးမြှင့်တင်ပေးခြင်းအားဖြင့်ပဲ မှုခင်းတွေ လျော့နည်းသွားနိုင်တယ်လို့ ပြောကြပါတယ်။

ဒီပါမောက္ခကြီးကတော့ ဒီယနိကာယ်၊ ကူဋဒန္တသုတ်ရယ်၊ စက္ကဝတ္တိသီဟနာဒသုတ်၊ အဲဒီသုတ်ထဲမှာ စီးပွားရေးညံ့ရင်၊ နောက်ပြီးတော့ အစိုးရက စီးပွားရေးစီမံခန့်ခွဲမှု Economic Management မှာ ညံ့ရင် လူတွေ အလုပ်မရှိဘူး။ အလုပ်မရှိတဲ့အခါမှာ လူတွေ မှုခင်းအလွယ်တကူ ကျူးလွန်တတ်တယ်လို့ ဆိုကြတယ်။ ကူဋဒန္တသုတ်ကတော့ ဓမ္မာစရိယတန်းတွေမှာ သင်ကြားတဲ့ သုတ္တန်ဖြစ်ပြီး စက္ကဝတ္တိသီဟနာဒသုတ်ကတော့ ဂုဏ်ထူးတန်းတွေမှာ သင်ကြားတဲ့သုတ္တန်ဖြစ်တယ်။ အဲဒီသုတ်နှစ်ခုကို ကိုးကားပြီးတင်ပြသွားပါတယ်။

ဒါကတော့ ဘုန်းကြီးအနေနဲ့ Thought Provoking အနေနဲ့ ပြန်ပြောပါတယ်။ Public life policy မှာ ကရုဏာ မရှိသင့်ဘူးလား။ မုဒိတာ မရှိသင့်ဘူးလား။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ မရှိသင့်ဘူးလား။ သူများအသက်မသတ်ဘူး။ သူများဥစ္စာမခိုးဘူးလို့ တစ်ဦးချင်းဆီက ကတိတွေပေးကြတယ်။ သီလယူကြတယ်။ နိုင်ငံတော်အဆင့်အနေနဲ့ရော အဲဒီကတိတွေ မပေးသင့်ဘူးလား၊ ကာကွယ်စောင့်ရှောက်သင့်သလို ကတိလည်းပေးသင့်တယ်။ တက္ကသိုလ် အသိုက်အဝန်းထဲက တက္ကသိုလ်များဓမ္မာရုံမှာဆိုတော့ ဒါကတော့ Debate ပါ။ ကုလသမဂ္ဂအသိအမှတ်ပြု Vesak Day - ဗုဒ္ဓနေ့ဆိုတဲ့ ပြောဆိုဆွေးနွေးမှုများစွာထဲကဖြစ်ပေါ်လာတဲ့ ဆွေးနွေးမှုတစ်ခုပါ။ ဘုန်းကြီးအနေနဲ့ အဖြေ အမှား၊ အမှန် မရှိပါဘူး။ အားလုံး ဝိုင်းတွေး၊ ဝိုင်းဆွေးနွေးကြဖို့ အကြောင်းအရာ issue တစ်ခုပါ။

အားလုံး ကျန်းမာ ချမ်းသာကြပါစေ။ ။

**ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော်**
**ဒေါက်တာအရှင်ဓမ္မသာမိ**
**ဓမ္မာစရိယ၊ DPhil (Oxford)**
**ပါမောက္ခချုပ်၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်**

# အခြေခံသိပ္ပံပညာထူးချွန်ဆုရကျောင်းသားဟောင်းများအဖွဲ့က လှူဒါန်းသော လေးလက်မစက်ရေတွင်းရေတင်စက်နှင့် ရေဂါလန် ၁၆၀၀ ဆံ့ ရေလှောင်ကန် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ၏ စေတနာမျှဝေခြင်းအစီအစဉ်အရ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ရန်ကုန်တက္ကသိုလ် အခြေခံသိပ္ပံပညာထူးချွန်ဆုရကျောင်းသားဟောင်းများအဖွဲ့က လှူဒါန်းသော လေးလက်မစက်ရေတွင်းရေတင်စက်နှင့် ရေဂါလန် ၁၆၀၀ ဆံ့ ရေလှောင်ကန် လွှဲပြောင်းပေးအပ်ပွဲကို မေ ၁၉ ရက် နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြတ်ခွဲကျေးရွာအုပ်စု စက်ကုန်းကျေးရွာ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်နှင့် ဦးကျော်တင်၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသူများ၊ ဖြတ်ခွဲကျေးရွာအုပ်စု စက်ကုန်းကျေးရွာ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ယနေ့လှူဒါန်းလွှဲပြောင်းပေးအပ်ခဲ့သော လေးလက်မစက်ရေတွင်းသည် အနက်ပေ ၃၄၀ ရှိကာ ကျေးရွာရှိ အိမ်ခြေ ၁၄၀ ကျော် လူဦးရေ ၅၄၀ ကျော်တို့၏ သောက်သုံးရေအပြင် မိသားစုအိမ်ခြံဝင်းစိုက်ခင်းများအတွက် စိုက်ပျိုးရေကိုပါ အကျိုးပြုနိုင်မည်ဖြစ်သည်။

နှစ်စဉ်နွေရာသီတွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်ခဲ့သော စက်ကုန်းကျေးရွာနေ ပြည်သူများ၏ လတ်တလောလိုအပ်ချက်အခက်အခဲအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ၏ စေတနာမျှဝေခြင်း အစီအစဉ်တွင် ရန်ကုန်တက္ကသိုလ် အခြေခံသိပ္ပံပညာထူးချွန်ဆုရကျောင်းသားဟောင်းများအဖွဲ့က ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါ စေတနာမျှဝေခြင်းအစီအစဉ်အနေဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးရေးစီမံကိန်းများတွင် မပါဝင်သေးသော်လည်းဒေသ၏ လတ်တလောလိုအပ်ချက်အခက်အခဲများကို ကူညီဖြည့်ဆည်းပေးခဲ့ရာ နှစ်နှစ်ကျော်ကာလအတွင်း ရေတွင်း၊ ရေကန်၊ လမ်းနှင့် စာသင်ကျောင်းစသည့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ၏ စေတနာမျှဝေခြင်းအစီအစဉ်အရ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနပါမောက္ခ ဒေါက်တာခင်ခင်ဦး၊ ဒေါက်တာခင်လတ်နှင့် ဒေါ်ခင်ညိမ်းမိသားစုတို့က ပျဉ်းမနားမြို့ သန္တာရာမသီလရှင်စာသင်တိုက်တွင် လေးလက်မစက်ရေတွင်းတူးဖော်လှူဒါန်းရာ မေ ၁၈ ရက် နံနက်ပိုင်းတွင် အလှူရှင်မိသားစုက စက်ရေတွင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများအား သန္တာရာမသီလရှင်စာသင်တိုက် ပဓာနနာယကသီလရှင်ဆရာကြီး ဒေါ်သမ္မာရီထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်ဇနီး ဒေါ်ခင်သီတာ၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် အလှူရှင်မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။



သန္တာရာမသီလရှင်စာသင်တိုက်တွင် လေးလက်မစက်ရေတွင်းနှင့်အတူ ရေဂါလန် ၁၆၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်လှူဒါန်းပေးနိုင်ခဲ့မှုကြောင့် အဆိုပါကျောင်းရှိ သက်ကြီးသီလရှင်များစောင့်ရှောက်ခြင်းနှင့် သီလရှင်စာသင်သားများ၏ သောက်သုံးရေ အခက်အခဲကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့သော မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြု

**ရန်ကုန် မေ ၁၉**

ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Yangon Max ဟိုတယ်တွင် ယနေ့ညနေပိုင်းက ပြုလုပ်ခဲ့သည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

အခမ်းအနားတွင် မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက ခရီးသည်များထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာ လေယာဉ်ကို ထိန်းချုပ်ဆင်းသက်နိုင်ခဲ့သည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများအား ဂုဏ်ပြုစကားပြောကြားပြီး ခရီးစဉ်တွင် လိုက်ပါခဲ့ကြသည့် ခရီးသည် ၈၂ ဦးအနက်မှ ခရီးသည်နှစ်ဦးက ဂုဏ်ပြုစကားများ အသီးသီးပြောကြားခဲ့ကြသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်အမှတ်(XY-AGQ၊ Embraer 190) ခရီးသည်တင်လေယာဉ်၊ ခရီးစဉ်အမှတ် (ယူဘီ-၁၀၃)သည် လေယာဉ်အမှုထမ်း ခုနစ်ဦးနှင့် ခရီးသည် ၈၂ ဦးတို့ကို တင်ဆောင်လျက် မေ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ ပျံသန်းလာရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်းတွင် Nose Landing Gear ချမရဘဲဖြစ်ခဲ့ကြောင်း။




လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်ချိန်တွင် Nose Landing Gear မကျသဖြင့် Emergency Procedure အသုံးပြု၍ ဘီးချခဲ့သော်လည်း မကျသဖြင့် Main Landing Gear နှစ်ခုဖြင့်သာ တည်တည်ငြိမ်ငြိမ်ဖြင့် ဆုံးဖြတ်ချက်မှန်ကန်စွာ ဆင်းသက်နိုင်ခဲ့ခြင်းနှင့် ဘေးအန္တရာယ်မတော်တဆမှုအား ရင်ဆိုင်ကြုံတွေ့ချိန်တွင် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များအား ဦးဆောင်မှုမှန်ကန်စွာဖြင့် အခြေအနေကိုအကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ တစ်စုံတစ်ရာထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ လေယာဉ်ပျက်စီးဆုံးရှုံးမှုအနည်းငယ်ဖြင့် မြေပြင်သို့ အန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိခြင်းနှင့် လေယာဉ်ပျက်စီးဆုံးရှုံးမှု အခြေအနေမှ ကာကွယ်နိုင်အောင် အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့သည့်အတွက် လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများအား ယင်းလေယာဉ်ခရီးစဉ်တွင်လိုက်ပါခဲ့ကြသည့် ခရီးသည်များ စုပေါင်း၍ ဂုဏ်ပြုပွဲအခမ်းအနားဖြင့် ယခုလိုဝိုင်းဝန်းဂုဏ်ပြုကြခြင်းဖြစ်ကြောင်း သိရသည်။

**ဂုဏ်ပြုလက်ဆောင်များ ပေးအပ်**

ဂုဏ်ပြုပွဲအခမ်းအနားတွင် ခရီးသည်များက လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းခြောက်ဦးတို့အား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခင်းဖြစ်ပွားသည့်အချိန်၌ လေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာကြသည့် ခရီးသည်များအား မိသားစုသဖွယ်စိတ်ရင်းစေတနာအမှန်ဖြင့် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အတူ ခရီးသည်များဘက်ကလည်း တစ်ဦးနှင့်တစ်ဦးကူညီဖေးမ ညီညွတ်မှုများကြောင့်သာ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိ၏စေတနာမေတ္တာ တရားမှန်ကန်စွာဖြင့် ဆောင်ရွက်ခဲ့မှုအပေါ် ခရီးသည်များဘက်ကလည်း မေတ္တာထား၍ ယခုလိုပြန်လည်ဂုဏ်ပြုခြင်းဖြစ်သည်ဟု ခံယူပါကြောင်း၊ ထိုသို့ ဂုဏ်ပြုချီးမြှင့်ခံရသည့်အတွက်လည်း များစွာဝမ်းသာပီတိဖြစ်မိပြီး ကျေးဇူးလည်းအထူးတင်ပါကြောင်း၊ ဂုဏ်ပြုချီးမြှင့်ခြင်းမှ ရရှိသည့်ငွေကြေးများအား ပရဟိတအဖွဲ့များနှင့် လူမှုအကျိုးပြုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်က ပြောကြားခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ-ကိုထက်**

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် မိုးမကျမီယာယီနေရာချထားပေးနိုင်ရေးညှိနှိုင်းဆွေးနွေး

**စစ်တွေ မေ ၁၉**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများကို မိုးရာသီမတိုင်မီ လုံခြုံသောနေရာများတွင် ယာယီနေရာချထားပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးသာ အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက ပြည်သူများအတွက် သာတူညီမျှခံစားရရှိရေးမူနှင့် ပြုပြင်ပြောင်းလဲမှုများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ သာတူညီမျှ ခံစားရရှိရေးဆောင်ရွက်ရာတွင် လိုအပ်ချက်များသောနေရာများကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ ရခိုင်ပြည်နယ်သည် လိုအပ်ချက်များသည့်အတွက် ဦးစားပေးအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွက် အလေးထားသည့်အချက် နှစ်ချက်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကော်မတီများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများက ဝိုင်းဝန်းဆောင်ရွက်နေကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD)၊ ဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအားလုံးက ရခိုင်ပြည်နယ်အတွက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ဝန်ကြီးဌာနသည် ဘေးဒုက္ခရောက်နေသော ပြည်သူများအတွက် လိုအပ်ချက်များကို စီမံဆောင်ရွက်ရန် တာဝန်ယူရသည့် အစိုးရဌာနဖြစ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် မိမိတို့နေအိမ်များကို စွန့်ခွာတိမ်းရှောင်နေရသော ပြည်သူများ၏ ဒုက္ခများကိုဖြည့်ဆည်းပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ လတ်တလောအခြေအနေတွင် လေးကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ ပထမသုံးကြိမ်တွင် ဘေးဒဏ်ခံစားနေရသော ပြည်သူများ လတ်တလောစားဝတ်နေရေး အဆင်ပြေစေရန် ဆန်ရိက္ခာ၊ အဝတ်အထည်၊ အိမ်ထောင်စုသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ထို့ပြင် မိမိကိုယ်တိုင်မပါသော်လည်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီမှတစ်ဆင့် နှစ်ကြိမ်ထောက်ပံ့မှုများပြုလုပ်ခဲ့ပြီး စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၉၂၇၉ ကျော်ရှိပြီဖြစ်ကြောင်း၊ ယခုတစ်ကြိမ်ရောက်ရှိခြင်းသည် တိုက်ပွဲရှောင်ပြည်သူများအတွက် မိုးမကျမီယာယီနေရာချထားပေးနိုင်ရေးကိစ္စဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ရေရှည်တွင် ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်ပဋိပက္ခကင်းဝေးရေး၊ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေသကဲ့သို့ လတ်တလော ရခိုင်ပြည်သူများ၏ ဘေးဒုက္ခများကို အမြန်ဆုံးမိုးမကျမီအချိန်မီ ဒုက္ခများမှကင်းဝင်းစေရေး ယာယီနေရာချထားရေးကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ရာ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နေရပ်စွန့်ခွာပြည်သူများအတွက် လိုအပ်ချက်များကို ပြည့်စုံအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုးရာသီမတိုင်မီ ယာယီနေထိုင်နိုင်ရေးအတွက် အဓိကဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူ တာဝန်ခံ၍ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးက တိုက်ပွဲရှောင်ပြည်သူများ ယာယီခိုလှုံမှုအခြေအနေနှင့်ပတ်သက်၍ တင်ပြဆွေးနွေးပြီး ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့အမျိုးသားကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်များမှ တိုက်ပွဲရှောင်ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ **(အပေါ်ပုံ) သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းများ တွေ့ဆုံဆွေးနွေး



**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းများကို တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်၊ ရပ်/ကျေးအဆင့်များ အဆင့်ဆင့်ဖွဲ့စည်းနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း တက်ရောက်အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်း၊ အသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ပြုံးမိုအိ၊ အသင်း(ဗဟို) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်စန်းစန်းယုတို့က အသင်းဖြစ်ပေါ်လာပုံနှင့် အသင်း၏ ရည်ရွယ်ချက် သဘောထားနှင့် ရပ်တည်ချက်များ၊ အသင်း၏အလံနှင့် အမှတ်တံဆိပ်များအကြောင်းနှင့် လိင်မှုနှင့် မျိုးဆက်ပွားကျန်းမာရေး အသိပညာပေး အစီအစဉ်နှင့် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများကို ရှင်းလင်းပြောကြားပြီး ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ဗဟို) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်မေအုံးညွန့်ဝေက အသင်းဝင်များ လက်ခံရေး၊ အသင်းဝင်များ၏ တာဝန်နှင့် ရပိုင်ခွင့်များ အကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သန့်စင်ဝင်း**

# ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာအတွက် အထောက်အကူပစ္စည်းများနှင့် ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများ လှူဒါန်းပွဲကျင်းပ

**ရန်ကုန် မေ ၁၉**

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် အသုံးပြုရန်အတွက် အထောက်အကူပစ္စည်းများနှင့် ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုရီးယားနိုင်ငံ FORMER MWTV မှ Chief Director ဦးအောင်တင်ထွန်းက သင်ထောက်ကူပစ္စည်းအဖြစ် Laptop ငါးလုံးကို လည်းကောင်း၊ မြတ်ပန်းတော်ဝင်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးက ရုပ်ရှင်ဇာတ်ဝင်ခန်းသုံးပစ္စည်းများကို လည်းကောင်း၊ မြဇော်ဖလင်က အဖြူအမည်း ရုပ်ရှင်ဇာတ်ကားများဖြစ်သော "ဂျပု" ရုပ်ရှင်ဇာတ်ကားနှင့် "ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ" ရုပ်ရှင်ဇာတ်ကားတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre-FDC) ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၂၂ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၀ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်းအတွင်း စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းဖွင့်လှစ်မှုများ၊ ဆွေးနွေးပွဲကျင်းပမှုများ အပတ်စဉ်ပြုလုပ်လျက်ရှိသည်။

ယင်းနေရာတွင် ပြုလုပ်သည့် သင်တန်းများအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်အတွက် စာအုပ်၊ စာပေနှင့် CD များ၊ ရုပ်ရှင်ပြတိုက်ဖွင့်လှစ်နိုင်ရန်အတွက် ဖလင်များနှင့် ဆက်စပ်ပစ္စည်းများအပြင် ၎င်းတွင် ပြင်ဆင်မွမ်းမံဖွင့်လှစ်ထားသည့် စတူဒီယိုများအတွက် အသုံးပြုရန် ရုပ်ရှင်ရိုက်ကူးရေး အသုံးအဆောင်များနှင့် အထောက်အကူပစ္စည်းများကိုလည်း ဆက်သွယ်လှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြရာ တာဝန်ရှိသူများက စာရင်းသွင်း လက်ခံရယူပြီး စနစ်တကျစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# UEHRD ပြည်ထောင်စုစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုများ ညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန် မေ ၁၉**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကော်မတီ၏ လုပ်ငန်းအကောင်အထည်ဖော်မှု ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရှိ ကျင်းပရာ အဆိုပါကော်မတီ၏ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် UEHRD အဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

**အပြန်အလှန်ချိတ်ဆက်**

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်နေသည့် UEHRD ကော်မတီအနေဖြင့် ရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်စေရန်အတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်သူများ၊ ပုဂ္ဂလိက၊ ပြည်တွင်း NGO နှင့် CSO များ၊ မိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ INGOs အားလုံးအတူတကွ ပူးပေါင်းညှိနှိုင်းအကောင်အထည်ဖော်သည့်နည်းလမ်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ပါကြောင်း၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သည့်အတွက် အဖွဲ့အစည်းများအကြား အပြန်အလှန် ချိတ်ဆက်ဆက်သွယ်ဆောင်ရွက်မှုသည်လည်း အရေးကြီးပါကြောင်း၊ အထူးသဖြင့် UEHRD ကော်မတီ ရန်ကုန်ရုံးနှင့် နေပြည်တော်ရုံးအကြား အပြန်အလှန်သတင်းအချက်အလက်ဖလှယ်မှု ဆက်သွယ်ဆောင်ရွက်မှုများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

UEHRD ၏လုပ်ငန်းများဆောင်ရွက်ရာတွင် လူငယ်များ၏အင်အားကိုလည်း မေ့၍မရပါကြောင်း၊ မြန်မာနိုင်ငံတွင် လူငယ်များကိုယ်တိုင် ပါဝင်ရေးဆွဲသော လူငယ်မူဝါဒရှိပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဒေသအလိုက်လည်း မဟာဗျူဟာများရေးဆွဲထားရှိပြီး ဖြစ်ပါကြောင်း၊ UEHRD အနေဖြင့် တစ်နိုင်ငံလုံးရှိ ရခိုင်ပြည်နယ်အရေး တစ်ဖက်တစ်လမ်းက အချိန်ပေးဝိုင်းဝန်းလိုသည့် လူငယ်များကို အွန်လိုင်းကတစ်ဆင့် လျှောက်လွှာများ လက်ခံလျက် လျှောက်ထားလာသူများထဲမှ စိစစ်ရွေးချယ်ပြီး လေ့ကျင့်သင်တန်းပေးစေလွှတ်ခဲ့မှုများ ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုများရရှိခဲ့ပါကြောင်း၊ ယခုတစ်ဖန်ပြန်ပြီး UEHRD စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်ကို ထပ်မံဆောင်ရွက်လိုပါကြောင်း၊ အာဆီယံအနေဖြင့်လည်း မြန်မာနိုင်ငံကို ကူညီပြီး ရခိုင်ပြည်နယ်အတွင်း ပြန်လည်လက်ခံရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး လိုအပ်ချက် ဆန်းစစ်လေ့လာရေးကို ကနဦး ဆောင်ရွက်ခဲ့ပြီး နောက်ထပ်ပြီးပြည့်စုံသော ဆန်းစစ်လေ့လာမှုများကို ဆောင်ရွက်ရန်ပြင်ဆင်လျက်ရှိပါကြောင်း၊ UEHRD အနေဖြင့်အာဆီယံနှင့်လည်း လက်တွဲဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရေးအတွက် ရန်ပုံငွေရရှိရေးနည်းလမ်းများကိုလည်း ဝိုင်းဝန်းစဉ်းစားဖော်ထုတ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက UEHRD စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ် ပြန်လည်ဆောင်ရွက်ရေးကိစ္စရပ်များ၊ UEHRD ၏လုပ်ငန်းများကို ယခုထက်ပိုပြီး ထိထိရောက်ရောက်အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ရေးလုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် UEHRD ၏အထောက်အကူပြုအဖွဲ့ဖြစ်သော Outreach Working Group နှင့်တွေ့ဆုံကာ နိုင်ငံတကာတွင် ပျံ့နှံ့ပြောဆိုနေကြသော မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်မီဒီယာများ၊ အခြားသော ဆက်သွယ်ရေးနည်းလမ်းများအသုံးပြု၍ သတင်းမှန်များ ပြန်ကြားနိုင်ရေး၊ မြေပြင်တွင် အမှန်တကယ်ပြောင်းလဲတိုးတက်မှုများကို ပြည်တွင်း၌သာမက ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာကပါသိရှိအောင် ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ UEHRD ကော်မတီအဖွဲ့ဝင်များ၊ ကော်မတီ၏ Outreach Working Group မှအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသည့် UEHRD အား အာဆီယံနိုင်ငံများက ထောက်ခံလျက်ရှိ

**ရန်ကုန် မေ ၁၉**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)သည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိပြီး အာဆီယံနိုင်ငံများအနေဖြင့် UEHRD ၏ ဆောင်ရွက်မှုကို ထောက်ခံလျက်ရှိသည်ဟု UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်က သတင်းမီဒီယာများအားဖြေကြားခဲ့သည်။


ဦးတိုးအောင်


ဒေါ်ပြုံးကေသီနိုင်


ဒေါက်တာအောင်ထွန်းသက်

**လုံးဝထောက်ခံ**

ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)တွင် ကျင်းပခဲ့သည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကော်မတီ၏ လုပ်ငန်းအကောင်အထည်ဖော်မှု ညှိနှိုင်းအစည်းအဝေးအပြီးတွင် UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်က ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဦးတိုးအောင်က "UEHRD က နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိပါတယ်။ အာဆီယံက ကျွန်တော်တို့နိုင်ငံတော်က ဆောင်ရွက်နေတဲ့ ဆောက်ရွက်ပုံ၊ ဆောင်ရွက်နည်း၊ ဆောင်ရွက်ချက်တွေကို လုံးဝထောက်ခံပါတယ်။ အခု ရခိုင်မှာလာပြီး အကူအညီပေးဖို့၊ တက္ကသိုလ်တစ်ခု ထူထောင်ဖို့ဆိုတဲ့ အဆင့်ထိ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ နောက် ကျွန်တော်သိထားတာကတော့ မကြာခင်မှာ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်လာဖို့ရှိပါတယ်။ ဒါကြောင့် အာဆီယံနိုင်ငံတွေရဲ့အထောက်အပံ့ကို တော်တော်လေးပြည့်ပြည့်ဝဝရပါတယ်" ဟု ပြောကြားသည်။

ယနေ့ကျင်းပသည့် UEHRD ကော်မတီ၏ လုပ်ငန်းအကောင်အထည်ဖော်မှု ညှိနှိုင်းအစည်းအဝေးတွင် နေပြည်တော်နဲ့ ရန်ကုန်ရှိ UEHRD ရုံးနှစ်ရုံး၏ ဆက်သွယ်မှုကို ပိုမိုအင်အားဖြည့်ရန်၊ ရခိုင်ပြည်နယ်အတွင်း ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)တို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်း(Project)များ မြန်ဆန်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ UEHRD လူငယ်များ၏ အစီအစဉ်ကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ရန်တို့ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**လူသားချင်းကူညီထောက်ပံ့**

"UEHRD ရဲ့ ဆောင်ရွက်မယ့်အရာတွေက လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပဋိပက္ခကင်းဝေးရေးတို့က အဓိကပါ။ ပြန်လည်နေရာချထားရေးလို့ပြောရင် လူတွေက တစ်ဖက်နိုင်ငံရောက်သွားတဲ့ ပုဂ္ဂိုလ်တွေကိုပဲ မြင်ပါတယ်။ တကယ်တော့ ပြန်လည်နေရာချထားတယ်ဆိုတာ အခုလောလောဆယ် ဒီကနေ့ဖြစ်ပျက်နေတဲ့ အရာတွေကြောင့် မိမိတို့ရဲ့အိုးအိမ်တွေကို စွန့်ခွာပြီးသွား နေရတဲ့ သူတွေကိုလည်းခေါ်ပါတယ်။ IDPs ပေါ့။ အဲဒါတွေကိုလည်း ပြန်လည်နေရာချထားရပါတယ်။ ဒီလုပ်ငန်းက ဖြစ်လာတဲ့ပြဿနာအပေါ်မှာ လူသားချင်းကူညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ရေရှည်ပဋိပက္ခတွေကင်းပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးက UEHRD ရဲ့အဓိက အလုပ်ပါပဲ" ဟု ဦးတိုးအောင်က ပြောသည်။

UEHRD သည် Outreach Working Group ကို ထပ်မံဖွဲ့စည်းထားပြီး အဆိုပါအဖွဲ့အနေဖြင့် UEHRD ၏ ဆောင်ရွက်ချက်များကို ပြည်သူများသိစေရန်အတွက် ပြည်တွင်းနှင့် နိုင်ငံတကာသတင်းဌာနများသို့ သတင်းထုတ်ပြန်မှုများ၊ သတင်းအချက်အလက်ဖြန့်ဝေမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း UEHRD ၏ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်ထံမှ သိရသည်။

**မှန်မှန်ကန်ကန်ဆောင်ရွက်နေ**

ဒေါ်ပြုံးကေသီနိုင်က "ရခိုင်ပြည်နယ်အတွင်းမှာ ကျွန်မတို့ UEHRD က ဆောင်ရွက်ထားတာတွေကို ပြည်တွင်းသတင်းဌာနတွေရော နိုင်ငံတကာသတင်းဌာနတွေပါ သိအောင် UEHRD ရဲ့ Outreach Working Group က လိုအပ်ရင် လိုအပ်သလို သတင်းထုတ်ပြန်တာတွေ၊ သတင်းဖလှယ်တာတွေ လုပ်ပါမယ်။ အဓိကကတော့ ဘာတွေဆောင်ရွက်တယ်၊ ဘာတွေလုပ်ဆောင်တယ်ဆိုတာကို အသေးစိတ်ကျကျ သိအောင်နဲ့ ပြည်သူတွေရဲ့လက်ထဲကို သတင်းအချက်အလက်တွေ သိအောင် ဖြန့်ဝေပေးဖို့ပါ။ UEHRD က ရခိုင်ပြည်နယ်နဲ့ ပတ်သက်ပြီး မှန်မှန်ကန်ကန်ဆောင်ရွက်နေတဲ့ ဆောင်ရွက်သမျှအားလုံးကို သိအောင်လုပ်ဖို့ဆိုတာ UEHRD ရဲ့ရည်ရွယ်ချက်တစ်ခုထဲမှာ ပါပါတယ်" ဟု ပြောသည်။

**လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် ကဏ္ဍစုံလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူများ၊ ပုဂ္ဂလိက၊ ပြည်တွင်း NGO နှင့် CSO များ၊ မိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ INGO များပူးပေါင်းပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က UEHRD ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

UEHRD သည် နိုင်ငံတော်အဆင့်လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ဆောက်လုပ်ရေးနှင့်အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့၊ စီးပွားရေးဇုန်များ ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအဖွဲ့၊ အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ဖွင့်လှစ်ရေးလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့၊ အသေးစားငွေကြေး ထောက်ပံ့မှုလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာငွေစုဆောင်းရေးလုပ်ငန်းအဖွဲ့၊ ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းထားသည်။

UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က " UEHRD မှာ နှစ်ပိုင်းပါတယ်။ ကော်မတီလို့ခေါ်တဲ့ အစိုးရတာဝန်ယူပြီးဦးစီးတဲ့ နိုင်ငံတော်အဆင့် လုပ်ငန်းတွေရှိတယ်။ **စာမျက်နှာ ၁၀ သို့**

# တရားရုံးများစစ်တမ်းကောက်ယူခြင်း သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့် US AIDPRLM တို့ ပူးပေါင်းကျင်းပသည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ တရားရုံးစစ်တမ်းကောက်ယူခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးသင်တန်းခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးက အဖွင့်အမှာစကားပြောကြားရာတွင် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅ တွင် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်ဖော်ပြထားကြောင်း၊ နယ်ပယ် ၅-၁-၁ တွင် နိုင်ငံတစ်ဝန်း တရားရုံးများတွင်ရေးဆွဲထားသော မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (Case Management Program) ကို သုံးနှစ်အတွင်း အဆင့်အလိုက် အကောင်အထည်ဖော်ရန်အတွက် ဒုတိယအဆင့်အဖြစ် ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် ခရိုင်တရားရုံး ငါးရုံးနှင့် မြို့နယ်တရားရုံး ၄၃ ရုံးတို့ကို စတင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းရုံးများအနက် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် တရားရုံး၊ ခရိုင်အတွင်းရှိ မြို့နယ် ၁၃ စုတို့ကိုလည်း ဇူလိုင် ၁ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပါဝင်၍ တရားရုံးများ၏ အခြေခံအချက်အလက်များ ကောက်ယူရမည်ဖြစ်သောကြောင့် သင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊သင်တန်းတွင်ပြီးပြတ်သွားသည့် အမှုတွဲများအား စစ်တမ်းကောက်ယူခြင်း၊ စစ်ဆေးဆဲအမှုတွဲများအား ညစစ်တမ်းကောက်ယူခြင်း၊ တရားရုံးအသုံးပြုသူများအား စစ်တမ်းကောက်ယူခြင်းများကို သင်ကြားပို့ချမည့်အပြင် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပို့ချမည်ဖြစ်သည့်အတွက် သင်တန်းသား သင်တန်းသူများက စိတ်ဝင်တစားနှင့် လေးလေးစားစား ကြိုးစားသင်ယူသွားရန်၊ မိမိရုံးတွင်လည်း ဆင့်ပွားသင်ကြားပေးရန်၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ်ဖြစ်အောင် ကြိုးစားရန်မှာကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျော်စွာငြိမ်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ Co-Trainerများ၊ USAID-PRLM မှ သင်တန်းဆရာများ၊ ခရိုင်တရားသူကြီးများ၊ တွဲဖက်ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင် တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ၊ သင်တန်းသားများအဖြစ် တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများ စုစုပေါင်း ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၈ ရက်မှ ၁၉ ရက်အထိ ပို့ချခဲ့ကြောင်း သိရသည်။

**ရွှေအင်းသားခင်မောင်ဝင်း**

# ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်မှ ရွေ့လျားစာကြည့်တိုက်ပေါင်း ၃၀ အထိ တိုးချဲ့ဝန်ဆောင်မှုပေးမည်

**ဖျာပုံ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်မှ စာကြည့်တိုက်သို့ လာရောက်ရန် အခက်အခဲရှိသည့် ကျောင်းသားကျောင်းသူများအတွက် ရည်ရွယ်ဖွင့်လှစ်ပေးလျက်ရှိသည့် ရွေ့လျားစာကြည့်တိုက်များကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ရွေ့လျားကျောင်းစာကြည့်တိုက်ပေါင်း ၃၀ အထိ တိုးချဲ့ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။



ဆရာဇော်ဂျီစာကြည့်တိုက်သည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ မြို့ပေါ်နှင့် မြို့ဆင်ခြေဖုံးကျေးရွာများရှိ အခြေခံပညာကျောင်းများ၌ ရွေ့လျားကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ပြီးခဲ့သည့် ပညာသင်နှစ်က ဖွင့်လှစ်ခဲ့သော ဖျာပုံမြို့နယ်အတွင်းရှိ တင်ပုလ္လဲချောင်းဝ အမက၊ ကနိအထက၊ သမိန်ထောသိမ်ကုန်း ၁ အမက၊ သမိန်ထောအထက၊ သမိန်ထောကုန်းတန်းအလက(ခွဲ)၊ အခြာကြီး အလက(ခွဲ)၊ မော်ဘီအလက(ခွဲ)၊ သမိဒ္ဓေါဒယ သီလရှင်သင်ပညာရေးကျောင်း၊ အလက ၂၊ အမက လိပ်ဥကုန်း၊ တောင်ပိုင်းအမက၊ ကျုံကူကျေးရွာ အမက၊ ပညာဒီပဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဖျာပုံတမံကျေးရွာ အထက၊ မွေသုခ အမက၊ အမက၁၈၊ ချောင်းတွင်းမြောက်ပိုင်း အမက၊ သလိပ်ကြီးကျေးရွာ အလက(ခွဲ)၊ ရှမ်းကွင်းကျေးရွာ မူလွန်၊ ကျုံတာကျေးရွာအထက၊ မြောက်ပိုင်းအမက၊ အထကခွဲ အလက ၁၊ လက်စွမ်းပြ အမက၊ ဖျာပုံအကျဉ်းထောင်တို့အပြင် ရွေ့လျားစာကြည့်တိုက်ပေါင်း ၃၀ အထိ တိုးချဲ့ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဆရာဇော်ဂျီ စာကြည့်တိုက်၏ ရွေ့လျားစာကြည့်တိုက်ဖွင့်လှစ်ခြင်း အစီအစဉ်တွင် ရွေ့လျားစာကြည့်တိုက်တစ်တိုက်လျှင် ကလေးဖတ်စာအုပ်ရေတစ်ရာပါရှိပြီး တစ်လလျှင်တစ်ကြိမ် စာအုပ်များလဲလှယ်ပေးသည့် အစီအစဉ်ဖြစ်ရာ ဆရာဇော်ဂျီစာကြည့်တိုက်၏ ရွေ့လျားစာကြည့်တိုက် ဖွင့်လှစ်ခြင်းအစီအစဉ်၌ ပူးပေါင်းဆောင်ရွက်လိုသော ဖျာပုံမြို့နယ်အတွင်းမှ ကျောင်းများရှိပါကလည်း စာကြည့်တိုက်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

**❖ ရှမ်းပြည်နယ်မှ**

လမ်းကွန်ရက်ဖြည့်ပြီး ဆက်စပ်ပေးထားသည်။ ထိုလမ်းပေါ်တွင် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၉၀၀ ကျော် မြင့်မားသော လွယ်ဆယ်ဆုံတောင်ရှိပြီး လမ်းတစ်လျှောက် နိမ့်မြင့်တက်ဆင်း အကွေ့အကောက်များပြားသော တောင်ပေါ်ဒေသလမ်းတစ်လမ်းဖြစ်သည်။

ဒေသလိုအပ်ချက်အရ ၁၉၉၇ ခုနှစ် အောက်တိုဘာလတွင် “ဝ”အထူးဒေသ(၂)၊ စစ်ဒေသ(၁၇၁)မှ ဖောက်လုပ်ခဲ့ပြီး ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလတွင် အမာခံလမ်းအဖြစ် ဖွင့်လှစ်ပေးခဲ့သည်။ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်များတွင် လမ်း၏အခက်အခဲ အကြမ်းတမ်းဆုံးဖြစ်သော လွယ်ဆယ်ဆုံတောင် အတက်အဆင်းအပိုင်း ခြောက်မိုင်ခန့်ကို ကတ္တရာလမ်းအဖြစ် တိုးတက်ပြုပြင်နိုင်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်များအတွင်း ၃၅ မိုင် နှစ်ဖာလုံကို ကျောက်စီလမ်း (အရပ်အခေါ် ပြောင်းဖူးစေ့လမ်း) ၁၄ မိုင်ကို အမာခံလမ်း လေးမိုင် လေးဖာလုံကို မြေလမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး လမ်းပြုပြင်ထိန်းသိမ်းမှုများကို “ဝ” အထူးဒေသ(၂)၊ စစ်ဒေသ (၁၇၁)က တာဝန်ယူဆောင်ရွက်ခဲ့သည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့နှင့် “ဝ”အထူးဒေသ(၂)၊ စစ်ဒေသ (၁၇၁)မှ ဦးအားဖူ ဦးဆောင်သောအဖွဲ့တို့သည် မိုင်းဆတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တွေ့ဆုံဆွေးနွေးစဉ် ‘ဝ’ အထူးဒေသ(၂)၊ စစ်ဒေသ (၁၇၁)က မိုင်းဆတ်-တာချီလိတ်လမ်းအား နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက် လက်ဆောင်အဖြစ် ပေးအပ်ခဲ့ပြီး မိုင်းဆတ်- တာချီလိတ်လမ်းအား ရှမ်းပြည်နယ်အစိုးရစီမံခန့်ခွဲသော လမ်းအဖြစ် သိမ်းသွင်း၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မိုင်းဆတ် - တာချီလိတ်လမ်း ၆၂ ကီလိုမီတာအား လမ်းဦးစီးဌာန မိုင်းဆတ်ခရိုင်မှလည်းကောင်း၊ ၆၂ ကီလိုမီတာမှ ၉၆ ကီလိုမီတာအား လမ်းဦးစီးဌာန တာချီလိတ်ခရိုင်မှလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုနှင့် ပြည်နယ်မှ ခွဲဝေရရှိရန်ပုံငွေတို့ဖြင့် ယခင်နှစ်မိုးရာသီကာလများ၌ ဆိုးရွားစွာပျက်စီး၍ သွားလာမှုခက်ခဲသော လမ်းပိုင်းများအား ခရီးသွားပြည်သူများ လွယ်ကူချောမွေ့စွာ ရာသီမရွေးသွားလာနိုင်စေရန်အတွက် အောက်ခံမြေလွှာပြုပြင်ခြင်း၊ ကျောက်ရောမြေဖြင့် လမ်းဖြေညှိခြင်း၊ မြင့်တက်နေသော လမ်းပခုံးများအား တူးထုတ်ဖယ်ရှားခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် လမ်းဘေးဝဲ၊ ယာ ချုံနွယ်များရှင်းလင်း၍ အလင်းဖွင့်ခြင်း၊ လိုအပ်သော နေရာများတွင် ရေမြောင်းများ တူးဖော်ခြင်းနှင့် Box Culvert တည်ဆောက်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

**ခရမ်းစိုးမြင့်**

## သတင်းလမ်းညွှန်

### တရုတ်- မြန်မာကုန်စည်ပြပွဲကျင်းပမည်

နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန်နှင့် စီးပွားရေးချိတ်ဆက်မှုများပိုမိုအားကောင်းလာစေရန်အတွက်ရည်ရွယ်ကာ တရုတ်- မြန်မာကုန်စည်ပြပွဲကြီးကို မေ ၂၆ ရက်မှ ၂၈ ရက်အထိ သာကေတမြို့နယ် မင်းနန္ဒာလမ်းနှင့် သုမနလမ်းထောင့်ရှိ Myanmar Expo ခန်းမ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

### ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့ ကျင်းပမည်

နှစ်စဉ်ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ပြည်သူလူထုအတွင်း သုံးစွဲမှုလျှော့ချနိုင်ရေးအတွက်ရည်ရွယ်ကာ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၂၉ ရက်တွင် ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အကြီးဆုံးအစားအသောက်နှင့် ဟိုတယ်ဆိုင်ရာပြပွဲ ကျင်းပမည်

နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၀၀ ကျော်ပါဝင်ပြသမည့် မြန်မာနိုင်ငံတွင် အကြီးဆုံး နိုင်ငံတကာအစားအသောက်နှင့် ဟိုတယ်ဆိုင်ရာကုန်သွယ်မှုပြပွဲကြီးကို ဇွန် ၅ ရက်မှ ၇ ရက်အထိ သာကေတမြို့နယ် မင်းနန္ဒာလမ်းနှင့် သုမနလမ်းထောင့်ရှိ Myanmar Expo ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

### ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးပွဲတော် မန္တလေး၌ ကျင်းပမည်

မြန်မာနိုင်ငံအတွင်းရှိ စာအုပ်ချစ်သူပြည်သူများအတွက် နိုင်ငံတကာတွင် လူသိများသည့် Big Bad Wolf Book Sale မှ ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးပွဲတော်ကို ဒုတိယအကြိမ်မြောက်အဖြစ် မန္တလေးမြို့ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ မေ ၃၁ ရက်မှ ဇွန် ၁၀ ရက်အထိ ၁၁ ရက်တိုင်တိုင် ၂၄ နာရီပတ်လုံး ဝင်ကြေးအခမဲ့ဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း The Big Bad Wolf Book Sale မှ သိရသည်။

**ပွင့်သစ္စာ - စုစည်းသည်**



**မေ ၁၈ ရက် (ကဆုန်လပြည့်နေ့)နံနက် ၇ နာရီ မိနစ် ၂၀ က အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ (၂၆) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲအခမ်းအနား ကိုးထပ်ကြီးဘုရား၌ ကျင်းပစဉ်။**

တင်ဝင်းတင်

❏ **စာမျက်နှာ ၉ မှ**

အဲဒီလုပ်ငန်းတွေကို လက်တွေ့အကောင်အထည်ဖော်တဲ့ ပုဂ္ဂလိကလုပ်ငန်းစဉ်အလုပ်အဖွဲ့ (Task Force) ၁၀ ဖွဲ့ရှိတယ်။ ကျွန်တော်တို့က စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ပတ်သက်ပြီး ဖွံ့ဖြိုးရေးအတွက် အများကြီး ကြိုးစားတယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုရအောင်လည်း ကြိုးစားတယ်။ တလောက ရခိုင်ပြည်နယ် ငပလီမှာလုပ်တဲ့ ရင်းနှီးမြှုပ်နှံမှုပွဲဆိုရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်လာရောက်အားပေးတယ်။ MoU တွေ ထိုးတယ်။ အခုဆိုရင် စက်ရုံအလုပ်ရုံတွေ စစ်တွေမှာ တည်ထောင်ဖို့ရှိတယ်။ မြောက်ဦးမှာလည်း ပုံစံတွေ အမျိုးမျိုးလုပ်ဖို့ရှိတယ်။ ဒါက ဖွံ့ဖြိုးမှုပါ။ ပြန်လည်နေရာချထားရေးဆိုရင်လည်း UEHRD စလုပ်ကတည်းက ကြိုဆိုရေး စခန်းနှစ်ခုရယ်၊ ပြန်လည်နေရာချထားရေး စခန်းတစ်ခုရယ်ကို ဆောင်ရွက်ပြီးပြီ။ အဆင်သင့်ပဲ။ ပြန်လာဖို့ပဲလိုတာ။ လူသားချင်းစာနာထောက်ထားမှုကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်နေတာရှိတယ်”ဟု ပြောသည်။

ယနေ့ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ဆွေးနွေးပွဲသို့ UEHRD ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ကော်မတီအဖွဲ့ဝင်များ၊ ကော်မတီ၏ Outreach Working Group မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီ အန်ဒါလက်ချ်နှင့် သုံးနှစ်သက်တမ်းရှိစာချုပ်ချုပ်ဆို

မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီသည် အီတလီဟက်ဒ်တွင် ကစားသမားဘဝ ၁၁ နှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် မန်စီးတီးအသင်းနှင့် လမ်းခွဲကာ ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်အသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။

အသက် ၃၃ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ကွန်ပနီသည် မန်စီးတီးအသင်းနှင့်အတူ အသင်းခေါင်းဆောင်ဘဝဖြင့် ရှစ်နှစ်ကြာဖြတ်သန်းခဲ့သူဖြစ်ပြီး ပရီမီယာလိဂ်ဖလားလေးကြိမ်၊ အက်ဖ်အေဖလားနှစ်ကြိမ်နှင့် လိဂ်ဖလားလေးကြိမ်အထိ ရယူဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ မန်စီးတီးအသင်းသည် စနေနေ့ညပိုင်းက ဝက်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် အနိုင်ရရှိခဲ့ပြီးနောက် အက်ဖ်အေဖလားချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလား၊ အီးအက်ဖ်အယ်လ်ဖလားနှင့် အက်ဖ်အေဖလားတို့ကို ရယူဆွတ်ခူးနိုင်ခဲ့သည်။

မန်စီးတီးအသင်းက အက်ဖ်အေဖလားရယူနိုင်ခဲ့သည့် ဝက်ဖို့ဒ်အသင်းနှင့် ပွဲစဉ်သည် မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီအတွက် နောက်ဆုံးပွဲစဉ်ဖြစ်ခဲ့ပြီး မန်စီးတီးအသင်းသို့ ၂၀၀၈ ခုနှစ်က ဟမ်းဘတ်အသင်းမှ ပြောင်းရွှေ့လာခဲ့ကာ သုံးနှစ်အကြာတွင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ရခြင်းဖြစ်သည်။

မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီသည် ကစားသမားဘဝကို အန်ဒါလက်ချ်အသင်းနှင့် အတူစတင်ခဲ့ပြီး ၂၀၀၃ မှ ၂၀၀၆ အထိ ၇၃ ပွဲကစားကာ ဟမ်းဘတ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ဟမ်းဘတ်အသင်းတွင် ၂၉ ပွဲကစားပေးခဲ့ပြီး ၂၀၀၈ မှ ၂၀၁၉ အထိ မန်စီးတီးအသင်းနှင့်အတူ ၂၆၅ ပွဲပါဝင်ကစားပေးခဲ့သူဖြစ်သည်။ မန်စီးတီးအသင်းနှင့်အတူ ယင်းသို့ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၈ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သူဖြစ်ပြီး လက်ရှိတွင် ကစားသမားဘဝစခဲ့သည့် အန်ဒါလက်ချ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။







# အီတလီစီးရီးအေတစ်နှစ်တာအကောင်းဆုံးဆု စီရိုနယ်လ်ဒို ဆွတ်ခူး အသင်းနည်းပြ အယ်လီဂရီ ဂျူဗင်တပ်မှ ထွက်ခွာမည်

ဂျူဗင်တပ်အသင်းတိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ယခုနှစ်ဘောလုံးရာသီ၏ အီတလီစီးရီးအေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

စီရိုနယ်လ်ဒိုသည် ယခုရရှိခဲ့သည့် အီတလီစီးရီးအေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို အတ္တလန္တာအသင်းနှင့် ကစားမည့် အီတလီစီးရီးအေပွဲစဉ်မတိုင်မီ ရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဂျူဗင်တပ်အသင်းနှင့်အတူ အီတလီစီးရီးအေပွဲစဉ် ၃၀ အထိပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၂၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး ရှစ်ဂိုးအထိ ဂိုးဖန်တီးပေးနိုင်ခဲ့သူဖြစ်သည်။ ထို့ပြင် ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြောက်ဂိုးနှင့် စူပါကိုပါအီတာလီယာပြိုင်ပွဲတွင် တစ်ဂိုး အသီးသီးသွင်းယူပေးနိုင်ခဲ့သူလည်းဖြစ်သည်။

ယခုကဲ့သို့ အီတလီစီးရီးအေတွင် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ဥရောပ၏ ထိပ်တန်းအဆင့်လိဂ်များဖြစ်သည့် အင်္ဂလန်ပရီမီယာလိဂ်၊ စပိန်လာလီဂါနှင့် အီတလီစီးရီးအေတို့တွင် တစ်နှစ်တာအကောင်းဆုံးဆုဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးကစားသမားလည်းဖြစ်လာခဲ့သည်။

ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီသည် ၂၀၁၄ ခုနှစ်က ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် အသင်းနှင့်အတူ အီတလီစီးရီးအေဖလားကို နှစ်စဉ်ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပြီး ကိုပါအီတာလီယာဖလားလေးကြိမ်နှင့် စူပါကိုပါအီတာလီယာဖလားနှစ်ကြိမ်အထိ ရယူဆွတ်ခူးပေးနိုင်ခဲ့သည့်နည်းပြတစ်ဦးဖြစ်သည်။

ယင်းသို့ ဂျူဗင်တပ်အသင်းနှင့်အတူ အောင်မြင်မှုအသီးသီးရယူနိုင်ခဲ့သော်လည်း နည်းပြ အယ်လီဂရီအနေဖြင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ် - ရေးသားသည်**

**❍ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ**

ဒုတိယအဆင့်တွင် ပြိုင်ဘက်များကို ဂိုးပြတ်အနိုင်ယူပြီး တက်ရောက်လာသည့် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းသည် ယခုပွဲတွင် လူစုံထုတ်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းသည် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် အသစ်ခေါ်ယူထားသည့် နိုင်ငံခြားသားကစားသမားများဖြစ်သော နောက်ခံလူ ဝီလျံ၊ ကွင်းလယ်ကစားသမား မက်ဆီမင်၊ တိုက်စစ်မှူး အီမန်နျူရယ်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပွဲအစတွင် ဟံသာဝတီအသင်း ကစားပုံပိုကောင်းခဲ့ပြီး ပွဲအစ လေးမိနစ်တွင် ဦးဆောင်ဂိုးရခဲ့ကာ ကွင်းလယ်ကစားသမား ရန်နိုင်အောင်က အဝေးမှကန်သွင်းခဲ့ခြင်းဖြစ်သည်။

ဂိုးရပြီးနောက်ပိုင်းတွင် ဟံသာဝတီအသင်းက ထိန်းကစားခဲ့၍ ရှမ်းယူနိုက်တက်အသင်း ပြန်လည်ဖိအားပေးနိုင်ခဲ့သည်။ သို့သော် နိုင်ငံခြားသားကစားသမားများနှင့် ပြည်တွင်းကစားသမားများ အတွဲအဖက်မမိ၍ ရှမ်းတိုက်စစ်မှာ ထိရောက်မှုမရှိဘဲ ပထမပိုင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်နေသည်။ ဒုတိယပိုင်းအစတွင် ရှမ်းယူနိုက်တက်အသင်းက ဇင်မင်းထွန်းအစား ဆွမ်လမန်ကိုထည့်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ၅၃ မိနစ်တွင် ဆွမ်လမန်က ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဟံသာဝတီအသင်းအနေဖြင့် ဂိုးထပ်ရရန် ရုန်းကန်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၉၀+၃ မိနစ်တွင် ကွင်းလယ်လူ မက်ဆီမင်က ထောင့်ကန်ဘောမှ ခေါင်းတိုက်ပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက မကွေးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် ပထမပိုင်းတွင် တစ်ဂိုးဖြင့်ရှုံးနေသော်လည်း ဒုတိယပိုင်းတွင် လေးဂိုးပြန်သွင်းပြီး ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၄၃ မိနစ်တွင် စိုးလွင်လွင်က မကွေးအသင်းအတွက် ဂိုးစတင်သွင်းသော်လည်း ၅၄ မိနစ်တွင် စိုးမြတ်သူက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ရခိုင်အသင်း ချေပဂိုးပြန်ရခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ရခိုင်အသင်းကစားပုံပိုကောင်းလာပြီး အနိုင်ဂိုးများကို ၆၃ မိနစ်တွင် ဆင်မြူရယ်၊ ၆၇ မိနစ်တွင် ဇော်သိန်းဝင်း၊ ၈၄ မိနစ်တွင် ဇော်ဇော်နိုင်တို့က သွင်းယူခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ရှမ်းယူနိုက်တက်နှင့် ရခိုင်အသင်းတွေ့ဆုံနေပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ကာ ပထမအကျော့ကို မေ ၂၅ ရက်တွင် ရှမ်းယူနိုက်တက်၏ အိမ်ကွင်းဖြစ်သော တောင်ကြီးကွင်း၊ ဒုတိယအကျော့ကို ဇွန် ၁ ရက်တွင် ရခိုင်အသင်း၏ အိမ်ကွင်းဖြစ်သော ဝေသာလီကွင်း၌ ကျင်းပမည်ဖြစ်သည်။

ကွာတားဖိုင်နယ် (ဒုတိယနေ့) ကို မေ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ ရတနာပုံအသင်းနှင့် စစ်ကိုင်းအသင်း၊ သုဝဏ္ဏကွင်း၌ Southern အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

**❋ အာဆီယံမှ**

နောက်ဆုံးဖွဲ့စည်းခဲ့သည့် အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်ပြီး လက်ရှိကျင်းပနေသည့် အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ကစားသမားများဖြင့် ပေါင်းစပ်မည်ဖြစ်သည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၁၉ အာဆီယံအမျိုးသမီးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမော၊ အုပ်စု (ခ) တွင် မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားအသင်းတို့ ပါဝင်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲပြီးပါက နိုဝင်ဘာနောက်ဆုံးပတ်တွင် ကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီသို့မဟုတ် ဖေဖော်ဝါရီတွင် ၂၀၂၀ အိုလံပစ်အမျိုးသမီးဘောလုံး တတိယအဆင့်ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်ဆန်းပိုင်းတွင် ပြိုင်ပွဲနှစ်ခုယှဉ်ပြိုင်ခဲ့ပြီး ဖေဖော်ဝါရီလက ကစားသည့် အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲတွင် ချန်ပီယံဆုရပြီး ဧပြီလတွင်ကစားသည့် အိုလံပစ်ခြေစစ်ပွဲတွင် ဒုတိယအဆင့် အောင်မြင်ပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

**ရှိုင်းထက်ဇော်**

ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းများနှင့် ကုမ္ပဏီကြီးများအတွက်




• ငွေစုစာအုပ်များ • ချက်လက်မှတ်များ / ချက်စာအုပ်များ • ငွေသွင်း / ငွေထုတ်ကဒ်များ
• ကျောင်း/သင်တန်း ဘွဲ့လက်မှတ်များ • ရွှေနှင့်အဖိုးတန်ရတနာ ဘောက်ချာများ • Logo ပါ ATM စက္ကူလိပ်များ
• လုပ်ငန်းသုံး စာရွက်စာတမ်းများ • Carbonless ဘောက်ချာများ

• Saving • Call • Fixed Deposit Passbooks • All type of Cheques • Certificates • Credit / Debit Cards
• MPU • JCB • VISA • Master • Contactless Cards • Member Card • Pin Mailer • Gift Vouchers
• Banking Forms • Business Forms • ATM Rolls • POS Rolls • Thermal Roll with Printing

Myanmar DECO-TBSP Special Products Co., Ltd.
Hlaing Tharyar Industrial Zone (3), Yangon, Myanmar info@decotbsp.com 09 4578 97700, 09 7888 50503, 09 4296 13319

# အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲနောက်ဆုံးအဆင့် ဆန္ဒမဲပေးမှု ဆက်လက်ကျင်းပ

**နယူးဒေလီ မေ ၁၉**

အိန္ဒိယနိုင်ငံရွေးကောက်ပွဲ၏ နောက်ဆုံးအဆင့် ဆန္ဒမဲပေးမှုကို ယနေ့ ဆက်လက်ကျင်းပခဲ့ရာ မဲဆန္ဒရှင်ပြည်သူများက သက်ဆိုင်ရာ မဲရုံများသို့ အသီးသီးသွားရောက်ကာ ဆန္ဒမဲများပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံတစ်ဝန်းလုံးတွင် မဲဆန္ဒနယ် ၅၄၃ ခုခန့် ထားရှိပြီး ဆန္ဒမဲပေးမှုကို အဆင့်ခုနစ်ဆင့်ဖြင့် ကျင်းပခဲ့သည်။

ဝန်ကြီးချုပ် မိုဒီဝင်ရောက်ယှဉ်ပြိုင်သော ဗာရာဏသီမြို့ရှိ မဲရုံတစ်ခုတွင် ဆန္ဒမဲပေးမည့်ပြည်သူများက တန်းစီစောင့်ဆိုင်းလျက်ရှိကြသည်။

ဆန္ဒမဲပေးပြီးနောက် ပြန်လည်ထွက်ခွာလာသော အမျိုးသမီးတစ်ဦးက အိန္ဒိယနိုင်ငံ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးချုပ်မိုဒီအား ဆက်လက်တာဝန်ထမ်းရွက်စေရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီ၏ အတိုက်အခံပါတီအား ထောက်ခံမဲပေးခဲ့သော အမျိုးသားတစ်ဦးက နိုင်ငံတော်၏ အခွင့်အာဏာကို ပြောင်းလဲအုပ်ချုပ်ရန် လိုလားကြောင်းနှင့် သူ၏စီးပွားရေးလုပ်ငန်းများ ကောင်းမွန်မှုမရှိကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီ၏အတိုက်အခံ ကွန်ဂရက်စ်ပါတီမှ ရာဟူးဂန္ဒီက ဝန်ကြီးချုပ်မိုဒီသည် နိုင်ငံအတွင်း လူငယ်များအတွက် အလုပ်အကိုင်ဖန်တီးပေးမည်ဟု ကတိပြုခဲ့သော်လည်း လက်ရှိအချိန်တွင် အလုပ်လက်မဲ့ပြည်သူများ ပေါ်များလာကြောင်း ထောက်ပြပြောဆိုခဲ့သည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းအားထုတ်ခဲ့သည့်အပြင် အိန္ဒိယနိုင်ငံအား နိုင်ငံတကာအသိုက်အဝန်းတွင် ပိုမိုဝင်ဆံ့နိုင်စေရန် ကြိုးစားခဲ့သည့် ဝန်ကြီးချုပ်မိုဒီ၏ ဘီဂျေပီပါတီသည် ထောက်ခံမဲအများစုကို ရရှိပြီး အာဏာသက်တမ်းဆက်လက်တည်မြဲလျက်ရှိမလားဆိုသည်ကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ဆန္ဒမဲများကို မေ ၂၃ ရက်တွင် စတင်ရေတွက်မည်ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



# အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဂျပန်ကူညီမည်

**တိုကျို မေ ၁၉**

အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံက အကူအညီပေးသွားရန် အသင့်ရှိကြောင်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက အာဖဂန်နစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာလာဟူဒင်ရာဘာနီအား ပြောကြားခဲ့သည်ကို အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ယနေ့တွင် ဖော်ပြထားသည်။



ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် လက်ရှိတွင် ဂျပန်နိုင်ငံနှင့် ဗဟိုအာရှနိုင်ငံ ငါးနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် တာဂျီကစ္စတန်သို့ ရောက်ရှိနေသည်။ အာဖဂန်နစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာလာဟူဒင်ရာဘာနီကိုလည်း အဆိုပါနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ခေါ်ထားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ငြိမ်းချမ်းရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် အကူအညီပေးရန် ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အာဖဂန်နစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာလာဟူဒင်ရာဘာနီနှင့် တစ်ဦးချင်းသီးသန့်အစည်းအဝေးတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက ပြောကြားခဲ့သည်။

တာလီဘန်နှင့် အိုင်အက်စ် စစ်သွေးကြွအုပ်စုအပါအဝင် အစိုးရဆန့်ကျင်သော အဖွဲ့များက လုပ်ဆောင်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဆိုးရွားလျက်ရှိသော လုံခြုံရေးကို ပြန်လည်တည်ဆောက်ရန်နှင့် နှစ်ကြိမ်တိုင်တိုင် ရပ်ဆိုင်းထားခဲ့သော သမ္မတရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပရန်လည်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက အာဖဂန်အစိုးရအား တောင်းဆိုထားခဲ့သည်။

အာဖဂန်နစ္စတန် အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် သမ္မတရွေးကောက်ပွဲတစ်ရပ် ကျင်းပခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန် နိုင်ငံခြားရေးဝန်ကြီး ရာဘာနီက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## မော်တော်ယာဉ်များ တင်သွင်းခွင့် အခွန်စည်းကြပ်မှုအပေါ် သမ္မတထရန့် ဆုံးဖြတ်ချက်ချမှတ်ရန် နှောင့်နှေး

**ဝါရှင်တန် မေ ၁၉**

အမေရိကန်သမ္မတ ဒေါနယ်ထရန့်က နိုင်ငံအတွင်းသို့ မော်တော်ယာဉ်များနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှုအပေါ် အခွန်စည်းကြပ်မှု တိုးမြှင့်ရေးနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ချမှတ်ရန် နှောင့်နှေးကြန့်ကြာမှုများ ရှိနေကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

သမ္မတထရန့်က အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး မေ ၁၈ ရက်တွင် အပြီးတိုင် ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်သည်။ နိုင်ငံတွင်းရှိ မော်တော်ယာဉ်ဈေးကွက်ကို ထိခိုက်စေနိုင်သော ပြည်ပယှဉ်ပြိုင်မှုများအပေါ် သက်ဆိုင်ရာ နိုင်ငံများနှင့် သဘောတူညီမှုရရှိရေး စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သီဇာအား ညွှန်ကြားထားကြောင်း အိမ်ဖြူတော်က မေ ၁၇ ရက်တွင် သတင်းတစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် အမေရိကန်နိုင်ငံအတွင်းသို့ ဂျပန်နှင့် ဥရောပနိုင်ငံများမှ မော်တော်ယာဉ်အစီးရေ မည်မျှဝင်ရောက်လာမလဲဆိုသည်နှင့် ပတ်သက်ပြီး ဖော်ပြထားခြင်းမရှိပေ။ သမ္မတထရန့်က နိုင်ငံအတွင်းသို့ မော်တော်ကားအစီးရေမည်မျှကို ဝင်ရောက်ခွင့်ပြုရမလဲဆိုသည်နှင့် ပတ်သက်ပြီး စဉ်းစားသုံးသပ်လျက်ရှိသည်ဟု မီဒီယာများက သတင်းရေးသားကြသည်။

ကုန်သွယ်ရေးဆွေးနွေးမှုများ လုပ်ဆောင်နေစဉ်တွင် သမ္မတထရန့်အစိုးရက ဂျပန်နှင့် ဥရောပနိုင်ငံများအား မော်တော်ယာဉ်တင်သွင်းမှုအပေါ် အခွန်တိုးမြှင့်ကောက်ခံမည် မဟုတ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

သို့သော် ရက်ပေါင်း ၁၈၀ အတွင်း ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများမှ ရလဒ်ထွက်ပေါ်လာခြင်းမရှိပါက လိုအပ်သောလုပ်ဆောင်ချက်များကို စတင်ရမည်ဖြစ်သည်ဟု သမ္မတထရန့်က ပြောကြားခဲ့သည်။

မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး အမေရိကန်နှင့် ဂျပန်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ရန်လိုအပ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။ **အင်န်အိတ်ချ်ကေ**

## ဆီးရီးယားနိုင်ငံအတွင်း ဆေးဝါးကုသရေးနေရာများအား ပစ်မှတ်ထားတိုက်ခိုက်မှုကို ရှောင်ကြဉ်ရန် ကုလသမဂ္ဂအဖွဲ့တိုက်တွန်း

**ကုလသမဂ္ဂ မေ ၁၉**

ဆီးရီးယားနိုင်ငံအတွင်း စစ်မဲ့ဇုန်ရှိ ဆေးဝါးကုသရေး နေရာများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းကို ရှောင်ကြဉ်ရန် ဆီးရီးယားတပ်ဖွဲ့များအား ကုလသမဂ္ဂအဖွဲ့က တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ဆေးဝါးကုသမှုနေရာများသည် မကြာခဏ လျှပ်တစ်ပြက်တိုက်ခိုက်ခြင်းခံနေရသည်။

ဧပြီ ၂၈ ရက်ကစပြီး တိုက်ခိုက်မှုအကြိမ် ၂၀ ခန့်ရှိခဲ့ပြီး ဆေးဝါးကုသမှုနေရာ ၁၈ ခု ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးအဖွဲ့ အကြီးအကဲ မက်လိုကော့ခ်က ဆိုသည်။

အဆိုပါ ဆေးဝါးကုသမှုနေရာများအား တမင်ရည်ရွယ်ကာ ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်နိုင်ဖွယ်ရှိသည်ဟု အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အခြားသော အဖွဲ့များက ဆိုသည်။



ဆေးဝါးကုသရေး နေရာများ ဘေးကင်းလုံခြုံမှုရှိစေရန် ရည်ရွယ်ပြီး နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသော ဥပဒေနှင့်အညီ ယခုကဲ့သို့ သတိပေးပြောကြားခြင်းဖြစ်သည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားရေးအဖွဲ့ အကြီးအကဲ မက်လိုကော့ခ်က ဆိုသည်။

ရုရှားထောက်ခံ သမ္မတ ဘာရှာအယ်အာဆက်အစိုးရက ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ အစိုးရဆန့်ကျင်အဖွဲ့က သိမ်းပိုက်ထားသော နေရာများဖြစ်သည့် အီလစ်ဘ်စီရင်စုနှင့် ဟာမားမြို့တို့အား ပြန်လည်ရယူရန် အပြင်းအထန် ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးလိုဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ပြော




ပြန်ပေးဆွဲမှုပြဿနာဖြေရှင်းရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်တွေ့ဆုံလိုကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ထပ်လောင်းပြောကြားခဲ့သည်။

ရှင်ဇိုအာဘေးနှင့် အစိုးရအဖွဲ့အတွင်းရေးမှူး ပြန်ပေးဆွဲကိစ္စရပ်များဆိုင်ရာဝန်ကြီးလည်းဖြစ်သူ ယိုရှိဟီဒါဆူဂါသည် ယနေ့တိုကျိုမြို့တော်တွင်ကျင်းပသည့် ပြန်ပေးဆွဲခံရသူများ၏ ဆွေမျိုးများ တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။ အဆိုပါ တွေ့ဆုံမှုများကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသည်။ ပြန်ပေးဆွဲပြဿနာကိုဖြေရှင်းရန် လွယ်ကူမည်မဟုတ်ကြောင်း၊ ဂျပန်နိုင်ငံက ကနဦးဆောင်ရွက်ချက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သူ့အနေဖြင့် မည်သည့်စည်းကမ်းများမှ မသတ်မှတ်ဘဲ ကင်ဂျုံအန်နှင့်တွေ့ဆုံရန် စိတ်ပိုင်းဖြတ်ထားပြီး ပွင့်ပွင့်လင်းလင်းဆွေးနွေးလိုကြောင်း ရှင်ဇိုအာဘေးက ပြောသည်။

တွေ့ဆုံပွဲမတိုင်မီ ရှင်ဇိုအာဘေးသည် ၁၉၇၇ ခုနှစ်တွင် မြောက်ကိုရီးယားသူလျှိုများ၏ ပြန်ပေးဆွဲမှုခံခဲ့ရသည့် အမျိုးသမီးတစ်ဦး၏ မိခင်ဖြစ်သူ ဆာကီယိုကိုတာကို တွေ့ဆုံခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြန်ပေးဆွဲမှုပြဿနာဖြေရှင်းရာတွင်အောင်မြင်စေရန် ဂျပန်နိုင်ငံသို့ များစွာကူညီပေးလိုကြောင်း ပြောကြားသည်။

ယခုလနှောင်းပိုင်းက ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ချိန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြန်ပေးဆွဲခံရသူများ၏ မိသားစုများနှင့် တွေ့ဆုံမည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## တောင်တရုတ်ပင်လယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်ပြီး တရုတ်နှင့်အာဆီယံအရာရှိကြီးများ တွေ့ဆုံ

**ဟန်ကျိုး မေ ၁၉**

တရုတ်နှင့်အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများမှ အရာရှိကြီးများသည် တောင်တရုတ်ပင်လယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံအရှေ့ဘက် ဇေဂျန်းပြည်နယ်တွင် မေ ၁၉ ရက်က တွေ့ဆုံခဲ့ကြရာ တောင်တရုတ်ပင်လယ်ဆိုင်ရာ နောက်ထပ်ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ရန် သဘောတူခဲ့ကြသလို ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်အပြန်အလှန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းအားထုတ်ကြရန် သဘောတူခဲ့ကြကြောင်း သိရသည်။

ယင်း တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တရုတ်နှင့်အာဆီယံနိုင်ငံများမှ အရာရှိကြီးများသည် တောင်တရုတ်ပင်လယ်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ စီမံခန့်ခွဲမှုကြေညာချက်အပေါ် လေးနက်စွာအမြင်ချင်းဖလှယ်ခဲ့ကြပြီး တောင်တရုတ်ပင်လယ်နှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများ၏ စီမံခန့်ခွဲမှုဆိုင်ရာ ပြည့်ဝစုံလင်၍ထိရောက်သော အကောင်အထည်ဖော်မှုအပေါ် ပြန်လည်သုံးသပ်ကြရန် သဘောတူခဲ့ကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောင်တရုတ်ပင်လယ်ဆိုင်ရာ စီမံခန့်ခွဲမှုကြေညာချက် အကောင်အထည်ဖော်ရေးဆိုင်ရာ တရုတ်နှင့် အာဆီယံအရာရှိကြီးများ၏ ၁၇ ကြိမ်မြောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်ကြီးများသည် အဆိုပါကြေညာချက်အား ပြည့်ဝစုံလင်စွာနှင့် ထိရောက်စွာ အကောင်အထည်ဖော်ရန် သဘောတူခဲ့ကြသလို ယင်းကြေညာချက်နှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်မှုများ အရှိန်တိုးမြှင့်ပြီး ဆောလျင်စွာရလဒ်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လည်း သဘောတူခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

## တင်းမာမှုများနှင့်ပတ်သက်၍ ဆော်ဒီအာရေဗျနှင့် ဒေသတွင်းနိုင်ငံများ ဆွေးနွေးမည်

**ရီယာ့ဒ် မေ ၁၉**

ဒေသတွင်း၌ အရှိန်မြင့်တက်လာသော တင်းမာမှုများအကြောင်းဆွေးနွေးမည့် အရေးကြီးအစည်းအဝေးများကျင်းပရန် ဆော်ဒီအာရေဗျနိုင်ငံက ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် အာရပ်အဖွဲ့ချုပ်တို့အား တောင်းဆိုခဲ့ကြောင်း ဆော်ဒီသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ဒေသတွင်း၌ မကြာသေးမီကဖြစ်ပွားခဲ့သည့် ရန်စမှုများနှင့် ယင်း၏ အကျိုးဆက်များကို ဆွေးနွေးမည့်အရေးပေါ် ထိပ်သီးအစည်းအဝေးနှစ်ခုကို မက္ကာမြို့တော်၌ ကျင်းပရန် ဆော်ဒီအာရေဗျဘုရင် ဆော်လ်မန်က ပင်လယ်ကွေ့ ခေါင်းဆောင်များနှင့် အာရပ်နိုင်ငံများကို ဖိတ်ကြားခဲ့ကြောင်း ဆော်ဒီသတင်းဌာနက ဖော်ပြသည်။ အီရန်နိုင်ငံ၏ ခြိမ်းခြောက်မှုများကြောင့်ဟုဆိုကာ အမေရိကန်ပြည်ထောင်စုက လေယာဉ်တင်သင်္ဘောတစ်စင်းနှင့် ဗုံးကြဲလေယာဉ်များ ဖြန့်ကြက်မှုကြောင့် ပင်လယ်ကွေ့ဒေသ၌ တင်းမာမှုများ မြင့်တက်လာခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံက အီရန်နိုင်ငံနှင့် စစ်မဖြစ်လိုသော်လည်း မိမိအကျိုးစီးပွားများကို ခုခံကာကွယ်ရန် အဆင်သင့်ရှိခဲ့ကြောင်း ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး အဒယ်အယ်လ်ဂျူဘားက ပြောကြားသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုက ဆော်ဒီအာရေဗျနိုင်ငံ၏ ဖိတ်ကြားချက်ကို ကြိုဆိုခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံမှ ရေနံတင်သင်္ဘောနှစ်စင်းအပါအဝင် သင်္ဘောလေးစင်းမှာ ပင်လယ်ကွေ့ဒေသသို့ ဝင်ရောက်ရာ အရေးပါသောဝင်ပေါက်တွင် တည်ရှိသည့် အာရပ်စော်ဘွားများပြည်ထောင်စု ဖူဂျိုင်ရာကမ်းလွန်၌ ပြီးခဲ့သည့်အပတ်အတွင်း တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားခဲ့သည်။ ပြီးခဲ့သည့် မေလ ၁၄ ရက်ကလည်း ယီမင်နိုင်ငံရှိ ဟူသီသူပုန်များက ဟော်မုဇ်ရေလက်ကြားကို ပိတ်ပစ်ပါက အစားထိုးလမ်းကြောင်းတစ်ခုအဖြစ် အသုံးပြုသည့် အရေးပါသော ဆော်ဒီအာရေဗျပိုင် ရေနံပိုက်လိုင်းတစ်ခုကို မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ဖျက်ဆီးခဲ့သည်။

မကြာသေးမီလများအတွင်း အီရန်နိုင်ငံအပေါ် အရေးယူမှုများပြုလုပ်ခဲ့သည့် အမေရိကန်ပြည်ထောင်စုနှင့် စစ်ရေးအရ ထိပ်တိုက်တွေ့ဆုံမှု ဖြစ်လာနိုင်မှုကြောင့် ဟော်မုဇ်ရေလက်ကြားအတွင်း သင်္ဘောများသွားလာမှုကို ပိတ်ပစ်ရန် အီရန်နိုင်ငံက ထပ်တလဲလဲ ခြိမ်းခြောက်ခဲ့သည်။ ပျက်စီးသွားသော ရေနံတင်သင်္ဘောများနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုကို အာရပ်စော်ဘွားများ ပြည်ထောင်စုက ဦးဆောင်နေကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြီးစီးပါက ထုတ်ပြန်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဂျူဘားက ပြောသည်။ နိုင်ငံတကာ၏ သံသယများရှိနေသော်လည်း အမေရိကန်၏ မဟာမိတ်များဖြစ်သည့် အစ္စရေးနှင့် ဆော်ဒီအာရေဗျနိုင်ငံ၏ရန်သူ အီရန်နိုင်ငံထံမှ ခြိမ်းခြောက်မှုများ ပိုမိုပြုလုပ်လာနေသည်ဟု အမေရိကန်ပြည်ထောင်စုက ပြောသည်။

ဆော်ဒီအာရေဗျ အိမ်ရှေ့စံမင်းသားသည် ဒေသတွင်း၌ လုံခြုံရေး တိုးမြှင့်မည့် ကြိုးပမ်းမှုများနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် ဖုန်းဖြင့်ဆွေးနွေးခဲ့သည်ဟု ဆော်ဒီသတင်းဌာနက ယနေ့ ဖော်ပြခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်- ကျော်ထိုက်စိုး**



ဆော်ဒီအာရေဗျဘုရင် ဆော်လ်မန်



# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် မွန်းလွဲ ၂ နာရီက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်လန်ကျေးရွာ အဝင်လမ်းတွင် ဇော်ဝင်းမောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၃၁၀ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မေ ၁၉ ရက် နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေညောင်မြို့နယ် မြင်းကျဒိုးကျေးရွာအထွက် ဘုရားကြီးကုန်းကျေးရွာအဝင်လမ်းတွင် ရင်မောင်လွင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် ထွန်းထွန်းဝင်း မောင်းနှင်လာသည့်မော်တော်ဆိုင်ကယ် နှစ်စီးတို့ကိုရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၁၈ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း။

အလားတူ မေ ၁၈ ရက် မွန်းလွဲပိုင်းက သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့နယ် နောင်အန်ကျေးရွာအုပ်စု ပန်ဆောက်ကျေးရွာအနီး သီပေါ-လားရှိုးသွား ကားလမ်းတွင် ရပ်တန့်ထားသော BEIBEN TRUCK ၁၈ ဘီးတွဲမော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးရာ သံပီပါ ၆၈ လုံးအတွင်းမှ အီသိုင်းအီသာ ၁၀၂၀၀ လီတာကိုလည်းကောင်း။



သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများကို တွေ့ရစဉ်။

ထို့အတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့နှင့် ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု နောင်နွမ်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဝင်းမြင့် မောင်းနှင်လာသည့် PAJERO မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ကတ်တမင်း ၈၇ ဒသမ ၃ ကီလို၊ မြန်မာငွေကျပ် ၇၀၉၀၀၀ နှင့် လက်ကိုင်ဖုန်းလေးလုံးတို့ကိုလည်းကောင်း။

ထို့အတူ မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်နေ ဒေါ်ဘောက်နန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ဂရမ် ၄၄၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ငွေကျပ် ၁၀ သိန်းနှင့် ၁၇ သိန်းတန်ဖိုးရှိ နားကပ်တစ်ရံတို့ကို နေအိမ်အတွင်းဝင်ရောက်၍ ခြောက်လှန့်ယူဆောင်သွားသူအား ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ ဒေါ်ခင်သန်းမြင့်သည် မေ ၁၈ ရက် နံနက်ပိုင်းက နေအိမ်အိပ်ခန်းအတွင်း၌ ရှိနေစဉ် အိပ်ခန်းအတွင်းသို့ အမည်မသိ အမျိုးသားတစ်ဦး ဝင်ရောက်လာပြီး ဒေါ်ခင်သန်းမြင့်အား ချွန်ထက်သောအရာဖြင့် နောက်ကျောအားထောက်၍ ခြိမ်းခြောက်ကာ ၎င်းဝတ်ဆင်ထားသည့် တန်ဖိုးငွေကျပ် ၁၇ သိန်းတန် စိန်ခြယ်နားကပ် တစ်ရံ နှင့် ငွေကျပ်၁၀ သိန်းကို ယူသွားသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ အမှတ်(၁)နယ်မြေ ရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့သည်။

ထို့နောက် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကွပ်ကဲကြီးကြပ်မှုဖြင့် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ အခင်းဖြစ်နေအိမ်ဘေးရှိ CCTV မှတ်တမ်းများအရ ပြစ်မှုကျူးလွန်သူမှာ ဒေါ်ခင်သန်းမြင့် နေအိမ်၏ မျက်စောင်းထိုးရှိ မုန့်ကြွပ်စက်ရုံမှ အလုပ်သမား ဝင်းစိုး(ခ)တင်မောင်စိုး ဖြစ်ကြောင်းသိရှိပြီး ည ၈ နာရီခွဲတွင် ၎င်းနေထိုင်ရာ အလုပ်သမားတန်းလျားအရှေ့၌ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ရာ ၎င်းအား အမှုဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



# မိုးကောင်းမြို့နယ် တောင်နီကျေးရွာ၌ စစ်ကျန်ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

**မိုးကောင်း မေ ၁၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် တောင်နီကျေးရွာ၌ မေ ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျေးရွာသားတစ်ဦး လယ်တဲမိုးရန် ရေစိမ်ထားသည့် ရုံးပြစ်များဆယ်ယူရာမှ ချောင်းကမ်းပါးနံရံတွင် စစ်ကျန်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့နယ် တောင်နီကျေးရွာနေ ဦးဝင်းမြင့်သည် ကျေးရွာအနီးရှိ ညောင်ပင်ချောင်းအတွင်း လယ်တဲမိုးရန်ရေစိမ်ထားသည့် ရုံးပြစ်များဆယ်ယူနေစဉ် ချောင်းကမ်းပါးနံရံတွင် အရှည်နှစ်ပေလေးလက်မခန့်၊ ထိပ်ဖူးအကျယ်သုံးလက်မ၊ နောက်ပိတ်အကျယ်ငါးလက်မခန့်ရှိ သံချေးတက်နေသည့် စစ်ကျန်ဗုံးသီးဟောင်းတစ်လုံးကို တွေ့ရှိခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေသသင်ရိုးညွှန်းတမ်းများ ချပြဆွေးနွေးပွဲတက်ရောက်

**မြစ်ကြီးနား မေ ၁၉**
ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် တာဝန်ရှိသူများသည် မေ ၁၈ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ဒေသသင်ရိုးညွှန်းတမ်းများချပြဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ် ဒေသသင်ရိုးနှင့် ကချင်မျိုးနွယ် ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးတို့၏ တိုင်းရင်းသားစာပေသင်ရိုးများ ရေးဆွဲရာတွင် ပါဝင်သော တာဝန်ရှိသူများနှင့် ကူညီပံ့ပိုးပေးသော UNICEF အဖွဲ့တို့ကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုလို ဒေသသင်ရိုးနှင့် တိုင်းရင်းသားဘာသာစကား သင်ကြားရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ကြိုးစားပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူး ဒေါ်ခင်သန်းနွဲ့က ဒေသသင်ရိုးနှင့် တိုင်းရင်းသားဘာသာ စာပေသင်ရိုးများ ရေးဆွဲထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး UNICEF မြန်မာမှ ကချင်ပြည်နယ် တာဝန်ခံက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကူညီထောက်ပံ့မှုအခြေအနေတို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ခန်းမအတွင်း ပြသထားသည့် ကချင်မျိုးနွယ်စု ခြောက်မျိုးနှင့် ရှမ်းမျိုးနွယ်စု ငါးမျိုးတို့၏ ဘာသာစကားသင်ရိုးညွှန်းတမ်း စာအုပ်များနှင့် ဒေသသင်ရိုးညွှန်းတမ်း စာအုပ်ပြခန်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်အတွင်း ဒူကထောင်ရပ်ကွက်နှင့် ရန်ကြီးအောင် ရပ်ကွက်ချင်းဆက်လမ်းအား ကတ္တရာခင်းနိုင်ရေး၊ စံပြလမ်းပေါ်ရှိ သစ်သားတံတားအား ပြန်လည်ပြုပြင်ဆောက်လုပ်ပေးနိုင်ရေး၊ မြို့မဈေး (၁)နှင့် (၂)ကြားတွင် ဆိုင်ကယ်ရပ်နားရန်နေရာ ပြုလုပ်နိုင်ရေး လျာထားဆောင်ရွက်မည့် အခြေအနေတို့နှင့် ကြက်ပေါင်ခြံရပ်ကွက် အတွင်းလမ်းဖြစ်သည့် ကန်တော်ယန်ရာမလမ်း ပေ ၅၂၀၀ အား ကတ္တရာလမ်းခင်းပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**



# သန်လျင်ကျိုက်ခေါက်စေတီ၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

**ရန်ကုန် မေ ၁၉**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် (စတုတ္ထအကြိမ်) ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက် နံနက် ၆ နာရီက အဆိုပါ ကျိုက်ခေါက်စေတီတော် ရှုခင်းသာတန်းဆောင်း၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သာသနာရေးဆိုင်ရာများအား လျှောက်ထားကာ ကျိုက်ခေါက်စေတီတော် ဩဝါဒါစရိယ ဝိသုဒ္ဓါရာမချမ်းမြေ့သာယာအေးကျောင်းတိုက် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ ဆရာတော်က သရဏဂုံသြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူပြီး ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဧည့်ပရိသတ်များနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပဋ္ဌာန်းဒေသနာပါဠိတော်များကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကာ မေ ၂၂ ရက်တွင် ပဋ္ဌာန်းအောင်ပွဲ ကျင်းပမည်ဖြစ်ပြီး ပဋ္ဌာန်းအောင်ပွဲအဖြစ် ဘုရားအမှူးပြုသော ဆရာတော်ကြီးများနှင့် သံဃာတော် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းများလောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများက ကျိုက်ခေါက်စေတီတော် အရှေ့ဘက်မုခ်ဦးရှိ မဟာဗောဓိရွှေညောင်ပင်၌ ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ကဆုန်ညောင်ရေသွန်းလောင်းခဲ့ကြကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



# ဘီလမ်းမ၏ ဖန်သားပြင်ပေါ်က အတိတ်ရောင်စုံပုံရိပ်

ဆူးငှက်



ရှေးသရောအခါကာလက နိုင်ငံခြားသားများ ဤကဲ့သို့ တအံ့တသြ ရင်သပ်ရှုမောမြင်ရသည့် မန္တလေးမြို့ မြင်ကွင်းကို ကြည့်ရှုခံစားရသော နေရာသည် နောင်သောအခါ ၂၆ဘီလမ်းမကြီးဟု ခေါ်တွင်ရမည့် မြေလမ်းမလေးပေါ်မှာပဲ ဖြစ်ပေလိမ့်မည်။ ဤမြေလမ်းသည် အရှေ့သို့ ဖြောင့်စင်းစွာ တိုးဝင်သွားပုံက ဟိုအဝေး ရှမ်းရိုးမညိုညိုအထိ ရောက်လေမလား အောက်မေ့ရ၏။ သို့သော် ထိုမြေသားလမ်းမသည် ကျုံးတော်မှ အရှေ့ဆီတွင်မူ မာန်အောင်ရတနာကျောင်းတိုက်ကြီး အဝင်ဝတွင် ဦးစိုက်ငုပ်လျှိုးသွားလေသည်။

### အေ၊ ဘီ၊ စီ၊ ဒီ၊

ကျုံးတော်ကြီးမှ အနောက်ဘက်ဆီ မျှော်ကြည့်လျှင်မူ ဖြောင့်စင်းသောလမ်းမကြီးသည် တစ်မျှော် တစ်ခေါ်ကြီး ဆင်းသက်သွားပြီးနောက် ဧရာဝတီမြစ်ကမ်းမှ မြေတာရိုးမြင့်ကြီးတွင် အဆုံးသတ်၏။

လေးထောင့်စပ်စပ် မြို့ပြနက်ပုံရှိသော မန္တလေးတွင် အရှေ့အနောက် ဖြောင့်စင်းသော လမ်းမကြီးများရှိ၏။ ထိုလမ်းမကြီးများကို ၁၈၈၇ ခုနှစ်တွင် ဖွဲ့စည်းသော မြူနီစီပယ်အဖွဲ့မှ ကျောက်လမ်းများ စတင်ခင်းသည်။ မြို့တွင်းလမ်းများအပါအဝင် လမ်းမိုင်၆၀ကို စတင်ကာ ကျောက်လမ်းခင်းခြင်းဖြစ်သည်။ ထို့နောက် အရှေ့အနောက် ဖြောင့်စင်းသော လမ်းမကြီးများအနက် ဂေါဝိန်ဆိပ်ကမ်းဆီမှ အရှေ့ အောင်ပင်လယ်ကန်ပေါင်ရိုးအထိ ပေါက်သောလမ်းကို အေလမ်း တွင်စေသည်။ ပိုက်ကျုံးဆိပ်မှ အရှေ့မာန်အောင်တိုက်ဆီ ပေါက်သောလမ်းကို ဘီလမ်း…။ ကျွဲစွန်းသစ်ဆိပ်မှ ရွှေမြို့တော်ကြီး၏ အာဋ္ဌဝိကြေးမုံ တံခါးဆီပေါက်သော လမ်းကို စီလမ်းဟု သမုတ်လေသည်။ နောင်အခါ မြို့တွင်းလမ်းများကို လမ်းနံပါတ်များ သတ်မှတ်သော အခါ အေလမ်းသည် ၃၅ လမ်း။ ဘီလမ်းသည် ၂၆လမ်း။ စီလမ်းသည် ၂၂လမ်း။ ဒီလမ်းသည် ၁၉လမ်း ဖြစ်လေသည်။

### အရှေ့ဆီသို့

၂၆ဘီလမ်းမသည် ဖြောင့်စင်းလွန်းလှသည်။ အနောက်ဘက် ပိုက်ကျုံးမြေတာရိုးကြီးပေါ်မှ ကြည့်လျှင် ကျင်တွယ်ကိုက် ရေးဆွဲထားသော မျဉ်းဖြောင့် တစ်ကြောင်းပမာ အရှေ့ဆီ ဦးတည်သည်။ ဘီလမ်းမပေါ်မှာ သင်္ဂဇာချောင်းရှိသည်။ ဈေးချိုတော်ရှိသည်။ ကာတစ်တိုက်ရှိသည်။ ကြေးနန်းရုံးရှိသည်။ ဓာတ်စက်ရုံရှိသည်။ တောင်ဘက်ကျုံးနှင့် မြို့ရိုးကြီးရှိသည်။ ရေအိုးစင်ဂိတ်ရှိသည်။

အင်္ဂလိပ်နယ်ချဲ့က မြန်မာပြည်ကို အမွေသိမ်းပိုက်ထားသော အချိန်ကာလများတွင် ၂၆ ဘီလမ်းမသည် နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းကို ရဲရဲဝံ့ဝံ့ ရေးခြယ်ပြသွားသေး၏။ ၁၃၀၀ ပြည့် တပို့တွဲလဆုတ် ၇ ရက်၊ ၁၉၃၉ ခု ဖေဖော်ဝါရီလ ၁၀ ရက်နေ့ဖြစ်၏။ နယ်ချဲ့၏ မတရားဖိနှိပ်မှုကို မခံနိုင်လွန်းသော မန္တလေးမြို့လူထုသည် နာမည်ကျော် အိမ်တော်ရာ ၁၄ခန်းဇရပ်ကြီးထဲတွင် စုရုံးပြီးသကာလ ၂၆ (ဘီ) လမ်းအတိုင်း အရှေ့ဆီသို့ စုဝေးချီတက်၏။ ရှေ့ဆုံးမှ အလံကိုင် ဦးဇာဂရကိုယ်တော်နှင့်အဖွဲ့သည် အရှေ့ကြေးနန်းရုံးသို့ ရောက်နေချိန်တွင် ၁၄ ခန်း ဇရပ်ကြီးမှ လူမကုန်သေးဟု သိရ၏။ ထိုအချိန်က ကြေးနန်းရုံးရှေ့မှ အင်္ဂလိပ်အရေးပိုင် H.N Lett က ရှပ်ဖြူလက်တို၊ ကာကီဘောင်းဘီတိုနှင့် ဂေါ်ရာ ဦးထုပ်ဆောင်းကာ ခါးပတ်မှာ ခြောက်လုံးပြူး အဆင်သင့်ထိုးပြီး စောင့်နေပြီ။ ထို့အတူ အရေးပိုင် ဒေးဗစ်လည်းရှိ၏။ Go back home, Go back home .... ဟု အရေးပိုင်က ဟန့်တားသည်။ သံဃာတော်များက We are armless ဟု ပြန်အော်၏။ ဤသို့ဖြင့် ... ။

### အာဇာနည်လမ်း

မန္တလေးသည် ၂၆(ဘီ)လမ်းအား ‘အာဇာနည်လမ်း’ ဟု ကမ္ပည်းတင်လိုက်ကြလေတော့သည်။ ထိုကာလ (၁၉၃၉၊ ဖေဖော်ဝါရီလ ၁၀ရက်) အချိန်တွင် ကြေးနန်းရုံးနှင့်မျက်နှာချင်းဆိုင် ၂၆ဘီလမ်းမ၏ တောင်ဘက်တန်းတွင် အယ်လ် ဖင်စတုန်း ဓာတ်ရှင်ရုံရှိသည်။ ထိုရုပ်ရှင်ရုံ၌ မောင်တင်မောင် မေရှင်ပါဝင်သည့် မြားနတ်မောင် ဓာတ်ရှင်ပြနေသည်။ ယခုတော့ အယ်လ်ဖင်စတုန်း ရုပ်ရှင်ရုံမရှိတော့ ...။ ထိုနေရာတွင် ဆိုင်ခန်းများ အစီအရီ ...၊ လမ်းဘေး ပလက်ဖောင်းဆီအထိ အရောင်အသွေးစုံ အင်္ကျီများ ချိတ်ဆွဲထားကာ ဈေးဝယ်သူများကို ဆွဲဆောင်နေ၏။ ကြေးနန်းရုံးနေရာတွင် အော်တိုဖုန်းစက်ခလုတ်ရုံးကြီးရှိနေပြီ။ မြင့်မားလှသော ဆယ်လူလာတယ်လီဖုန်း မျှော်စင်ကြီးကလည်း ထိုးထိုးထောင်ထောင်..။ ကြေးနန်းရုံး ဘက်တန်းမှာ မြင့်မားသည့် စတိုးဆိုင်ကြီးတွေရှိသည်။ အလူမီနီယမ်ကောင်တာ ...။ စတစ်ကာ ပလတ်စတစ် ဆိုင်းဘုတ်များက ပြိုးပြိုးပြက်ပြက်...။

### သမိုင်း သိခြင်း၊ မသိခြင်း

ထို့ကြောင့် ၂၆ဘီလမ်း၏ လမ်း၈၀နှင့် ၈၁လမ်းကြား။ (ယခင် အယ်လ်ဖင်စတုန်း ဓာတ်ရှင်ရုံနှင့် ကြေးနန်းရုံးကြား) နေရာတွင် ခမ်းနားလှသော ဆိုင်ခန်း၊ ဈေးတန်း၊ စတိုးဆိုင်ကြီးများက မှိုလိုပေါက်လာသည်။ ကားတွေ ဆိုင်ကယ်တွေနှင့် အသွားအလာ ကျပ်တည်း ရှုပ်ထွေးနေသည့် မီးပွိုင့်အကွေ့ ကားမရပ်ရနေရာတွင် မရမက ရပ်ပြီး ကားကလေးပေါ်မှ ဆင်းလာသည့် ခါးရှည်အင်္ကျီ အပွနှင့် အပွအကား ဒီဇိုင်းစကပ်ဝတ် မိန်းမငယ်လေးသည် ၂၆ဘီလမ်းကို တောင်ဘက် မြောက်ဘက် ကူးကာ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ဈေးဝယ်ထွက်နေ၏။ သူဖြတ်ကူးသော နိုင်လွန်ကတ္တရာလမ်း ပြောင်နက်နက်ပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော်ကာလ ယခုလို လွတ်လပ်သော နိုင်ငံတော်အတွက် တောင်ထီးလင်းတိုက်က ဆရာတော် ဦးပဏ္ဍိတ၊ ငွေးချိုတိုက် ဦးပညာဇောတ၊ တူမောင်းတိုက် ဦးဝေပုလ္လ၊ စကုတိုက် ဦးဇနိတ၊ ငွေတောင်တိုက် ဦးအာလောကတို့ နယ်ချဲ့လက်ချက်ဖြင့် သွေးမြေကျခဲ့ဖူးတာ မသိ။ သို့သော် ဒီကနေ့ သူတို့အရွယ်လေးတွေ အများစုက သမိုင်း သိခြင်း၊ မသိခြင်းက ကိစ္စမရှိ။

### ရွှေထီးတိုက်

၂၆ဘီလမ်းမ၏ ၈၁/၈၂ လမ်းကြားမှာ အရင်က နေအိမ်သီးသန့်များ ချည်း။ အခုလို ဆိုင်ခန်းများမရှိ...။ အခုတော့ အိမ်ပေါက်စေ့ ဆိုင်ခန်း...။ ထို့ပြင် မူလအိမ်ရှင်များလည်း မဟုတ်။ မူလရှာနေ ပြည်ထိုင်အဖြစ် မှတ်မိတာက မြောက်ဘက်တန်းမှ ‘ရွှေထီးတိုက်’ ဟု ကမ္ပည်းထိုးထားသည့် တစ်ထပ်တိုက်လေးဖြစ်သည်။ သည်တိုက်လေးက ဦးဘအို၊ ဒေါ်ခင်မျိုးတို့တိုက်ဖြစ်၏။ သမီးများက ဒေါ်မမ၊ ဒေါ်တင်လှ၊ ဒေါ်သန်းရင်တို့ ဖြစ်သည်။ ၁၃၀၀ပြည့် အာဇာနည် အရေးတော်ပုံကာလက သူမတို့သည် အသက် ၁၀ နှစ်ပတ်ဝန်းကျင် အရွယ်မို့ မြင်ကွင်းအားလုံး မှတ်မိနေသည် ဆိုသည်။ ထိုအချိန်က ဒေါ်မမသည် ‘မမ’ ဟူသော ဆယ်ကျော်သက်ကလေး မလေးပေမယ့် နန်းရှေ့လူအုပ်နှင့်အတူ ပါဝင်ခဲ့သည်တဲ့။

### အတိတ်ရောင်စုံပုံရိပ်

ထိုကာလကလည်း ၂၆ဘီလမ်းမှာ မြန်မာအိမ် သိပ်မရှိ။ နိုင်ငံခြားသား အိမ်များချည်းမို့ အားလုံး တံခါးပိတ်ထားကြသည်။ ‘ရွှေထီးတိုက်’ က တံခါးဖွင့်ပြီး တိုက်ရှေ့ရေအိုးစင်တည်ထားသည်။ အင်္ဂလိပ်စစ်တပ်က ပစ်ခတ်လို့ ရုန်းရင်းဆန်ခတ်ဖြစ်တော့ ရွှေထီးတိုက်ပေါ် ဝင်ပြေးလာသူတွေ အပြည့်တဲ့...။ သို့သော် ကြောက်လန့်ပိတ်ထားသော နိုင်ငံခြားသားပိုင် တိုက်များလည်း ဤသို့ ရက်ရက်စက်စက် နှိပ်ကွပ်မှုကို မြင်ရတော့ နယ်ချဲ့မုန်းသူချည်းမို့ တိုက်တံခါးဖွင့်ကာ အကူအညီပေးခဲ့ကြသည်။

**လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော်ကာလက**

**အရိပ်များသည်ကား မှုန်ဝါးဝေးလွင့်သွား...**

**အခုတော့ ဘီလမ်းမ၏ ဖန်သားပြင်ပေါ်က**

**အတိတ်ရောင်စုံပုံရိပ်များကား မထင်မရှား ခပ်ဝါးဝါး . . .**

လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော်ကာလက အရိပ်များသည်ကား မှုန်ဝါးဝေးလွင့်သွား...။ အခုတော့ ဘီလမ်းမ၏ ဖန်သားပြင်ပေါ်က အတိတ်ရောင်စုံပုံရိပ်များကား မထင်မရှား ခပ်ဝါးဝါး......။ အာဇာနည်လမ်းကမ္ပည်းမော်ကွန်းလည်း ပျောက်ဆုံးသွား....။



## သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး မေ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသော သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီးရုံး၌ ကျင်းပခဲ့ရာ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၈ ရက် ညနေ ၃ နာရီက ကျင်းပသည်။



မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက အမှာစကားပြောကြားပြီး အလှူရှင် ဒေါ်အေးမိစံက ဆုများချီးမြှင့်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် 'ဖွံ့ဖြိုးစည်ပင် မန္တလေးမြို့တော်တစ်ခွင်' ခေါင်းစဉ်ဖြင့် လက်တွေ့သတင်းရေးသားထုတ်ပြန်ခြင်းတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခြင်းနှင့် အလှူရှင်က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၃ ရက်မှ ၁၈ ရက်အထိ ခြောက်ရက်တာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဦးဆောင်ဆွေးနွေးသူများအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်တင့်၊ စာတည်းမှူး ဦးအောင်သူ၊ ခာတ်ပုံဌာနစိတ် ဦးစီးအရာရှိ ဦးကျော်ဆွေမိုးနှင့် ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးဝင်းရွှေတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်းမှ ပြန်/ဆက် ဝန်ထမ်း ၂၄ ဦးတို့ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းနိုင်**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ကျက်သရေဆောင် အောင်ဗောဓိဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်း ပွဲတော်ကို မေ ၁၈ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ရာ စေတီတော်မြတ်ကြီး၏ အင်္ဂါထောင့် မဟာဗောဓိညောင်ပင်တော်ကြီးတွင် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသော ရဟန်းရှင်လူမိဘပြည်သူများက ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)

## ပန်းတနော်၌ ဝါးလက်မှုထည်သင်တန်းဆင်းပွဲ ကျင်းပ

**ပန်းတနော် မေ ၁၉**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံဝါးလက်မှုထည်သင်တန်းဆင်းပွဲကို ဒေါဝါးကျေးရွာအုပ်စု ပိုက်တဲကျေးရွာ၌ မေ ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းချမ်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်တို့က ကျေးလက်နေပြည်သူများ အလုပ်အကိုင်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူ ၂၀ တို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံဝါးလက်မှုထည်သင်တန်းတွင် ဝါးနှင့်ပြုလုပ်သည့် ဘောပင်ထည့်ခြင်း၊ ဖုန်းတင်စင်၊ တရှူးဘောက်၊ မီးအိမ် စသည့် ထုတ်ကုန်ပစ္စည်း ပြုလုပ်ပုံအဆင့်ဆင့်ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

## ကလေးမြို့ရှိလူငယ်များ စီးပွားရေးနှင့်ဆိုင်သောသင်တန်းများတက်ရန် စိတ်ဝင်စားမှုများလာ

**ကလေး မေ ၁၉**

ကလေးမြို့သည် အိန္ဒိယ-မြန်မာ နယ်စပ်ဂိတ်များဖြစ်သော တမူး-မိုးရေးနယ်စပ်ဂိတ်၊ ရိဒ်ခေါ်ရ်ဒါနယ်စပ်ဂိတ်များမှတစ်ဆင့် အဝတ်အထည်နှင့်ဆိုင်ကယ်များ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာသောကြောင့် ကလေးမြို့လူငယ်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်ရာတွင် နောက်ကျကျန်ခဲ့မှုမရှိစေရေးနှင့် စီးပွားရေးအမြင်များ တိုးတက်ရရှိရေးအတွက် စီးပွားရေးနှင့် သက်ဆိုင်သော သင်တန်းများသို့ တက်ရောက်ရန် စိတ်ဝင်စားမှုများလာကြောင်း သိရသည်။

"ဒီနေ့ခေတ်ကြီးက ယှဉ်ပြိုင်မှု အလွန်များတဲ့ခေတ်ကြီးပါ။ တံခါးဖွင့်စီးပွားရေးခေတ်ကြီးထဲမှာ နိုင်ငံတကာ ကုမ္ပဏီတွေ ဝင်လာတယ်။ ကလေးမြို့မှာဆိုရင်လည်း ရန်ကုန်၊ မန္တလေးက ကုမ္ပဏီတွေ ဝင်လာတယ်။ ဒီအချိန်မှာ ဒေသခံတွေက စီးပွားရေးနဲ့ပတ်သက်တဲ့ အတွေးအမြင်တွေ မြင့်မားနေမှ ဝင်လာတဲ့ကုမ္ပဏီတွေနဲ့ ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။ လူငယ်တွေကလည်း စိတ်ဝင်တစားနဲ့ လာတက်ကြပါတယ်" ဟု သင်တန်းပို့ချပေးသူ ဆရာကျော်ကျော်အောင်က ပြောသည်။

"ဈေးရောင်းသူနဲ့ ဈေးဝယ်သူကြားမှာ ဈေးဝယ်သူတွေကို ဘယ်လိုဆွဲဆောင်ရမလဲ။ ကုန်ပစ္စည်းကို စိတ်ဝင်စားလာအောင် ရှင်းပြပေးနိုင်ဖို့တွေ ပြုံးပြုံးရွှင်ရွှင်နဲ့ တက်ကြွနေတဲ့ဟန်တွေနဲ့ မိမိဈေးဝယ်တွေကို ဆွဲဆောင်တတ်ခြင်းဟာ စီးပွားရေးလုပ်ငန်းရဲ့အောင်မြင်မှုမှာ လိုအပ်တယ်ဆိုတာတွေကို အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဥပမာပေးပြီး ရှင်းပြသွားတာပါ။ လူကိုခွန်အားတွေထည့်ပေးလိုက်သလိုပါပဲ" ဟု သင်တန်းသူတစ်ဦးက ပြောသည်။

ကလေးမြို့တွင် စီးပွားရေးနှင့် သက်ဆိုင်သော သင်တန်းများကို ပြီးခဲ့သည့် နှစ်များအတွင်းကစ၍ စိတ်ဝင်စားလာကြပြီး ယခု (၁၀) ကြိမ်မြောက် ပို့ချခြင်းဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း(ဂန့်ဂေါ)**

## ပြည်သူ့ဥယျာဉ်အတွင်း လူငယ်ဈေးသစ် အနုပညာရှင်များဖွင့်လှစ်

**ရန်ကုန် မေ ၁၉**

ရန်ကုန်ပြည်သူ့ဥယျာဉ်သို့ လာရောက်လည်ပတ်ကြသူများနှင့်အပန်းဖြေအနားယူကြသော ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ကာ ပြည်သူ့ဥယျာဉ် Happy World ကလေးကစားကွင်းအနီး၌ ပြည်သူချစ်အနုပညာရှင်များက Youth Bazaar အမည်ရှိ လူငယ်ဈေးသစ်ကို မေ ၁၈ ရက် ညနေပိုင်းကဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

အဆိုပါ လူငယ်ဈေးသစ်ကို နာမည်ကြီးပြည်သူချစ် အနုပညာရှင်များဖြစ်ကြသော အဆိုတော် ဂရေဟမ်၊ စိုင်းစိုင်းခမ်းလှိုင်နှင့် အဆိုတော်၊ သရုပ်ဆောင် ပန်းရောင်ခြယ်နှင့် Operation Director ကိုတင့်ထူးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အနုပညာရှင်များက ပြည်သူများအား အမှတ်တရအဖြစ် တီရှပ်များပေါ်တွင် ၎င်းတို့၏ လက်မှတ်များ ရေးထိုးပေးခဲ့သည်။

"ဒီဈေးက ပြည်သူ့ဥယျာဉ်ကို လာရောက် အပန်းဖြေအနားယူကြတဲ့ ပြည်တွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်ပါတယ်။ အပန်းဖြေအနားယူချင်လို့ပဲဖြစ်ဖြစ်၊ အိမ်အပြန်အမှတ်တရလေးတွေ ယူသွားချင်လို့ပဲဖြစ်ဖြစ် အဆင်ပြေပါလိမ့်မယ်။ နောင်တစ်ချိန်မှာ လူငယ်တွေရဲ့ စင်တာတစ်ခုဖြစ်လာဖို့ မျှော်မှန်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ကိုတင့်ထူးအောင်က ပြောသည်။




ယင်းလူငယ်ဈေးသည် အကျယ်အဝန်း စတုရန်းပေ ၈၉၀၀ ရှိပြီး ဆိုင်ခန်းပေါင်း ၃၀ ကျော်ပါဝင်ကာ လူငယ်ဆိုင်ရာ အသုံးအဆောင်၊ အစားအသောက်များနှင့် မြန်မာ့ရိုးရာ အမှတ်တရပစ္စည်းများ ပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်**

## တာချီလိတ်နယ်စပ်မှ နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၃၀၀၀ ကျော် ဝင်ရောက်လည်ပတ်

**တာချီလိတ် မေ ၁၉**

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ် ဝင်ရောက်လည်ပတ်လျက်ရှိရာ မေ ၁၀ ရက်မှ ၁၆ ရက်အတွင်း ထိုင်းနိုင်ငံသား အများစုပါဝင်သည့် နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားဧည့်သည် နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်အဖြစ် စုစုပေါင်း ၂၃၀၂၄ ဦး ဝင်ရောက် လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာရန် ဝင်ရောက်လျက်ရှိရာ တစ်ပတ်အတွင်း နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၂၁၆၁၄ဦးနှင့် တတိယနိုင်ငံသား (နိုင်ငံခြားသား) ၃၅၅ ဦး၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသား အများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၂၃၉ ဦး၊ ပြည်တွင်းခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ)နိုင်ငံသားအပါအဝင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ၈၁၆ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၁၆ ရက်အထိ နေ့ချင်းပြန်နှင့် ညအိပ်ခရီးသည် ထိုင်းနိုင်ငံသား ၄၁၇၃၉၉ ဦး၊ တတိယနိုင်ငံသား(နိုင်ငံခြားသား) ၄၉၈၄ ဦး၊ လန့်တောင်းဘုရား နေ့ချင်းပြန် ထိုင်းနိုင်ငံသား ၁၇၇ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံမြို့ခရီးစဉ်တွင် ၅၈၁၉ ဦး၊ ဗီဇာ(ဗီဇာကင်းလွတ်ခွင့်) ဖြင့် ပြည်တွင်းခရီးစဉ်သို့ ၂၈၆၄၃ ဦး စုစုပေါင်း ခရီးသွား ၄၅၇၀၂၂ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### မင်္ဂလာရွှေပြည်အေးစေတီတော် စိန်ဖူးတော်၊ ထီးတော်တင်လှူပွဲနှင့် အနေကဇာတင်ပွဲကျင်းပ

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး(က+ဂ)ရပ်ကွက် ၁၅၄ လမ်း မင်္ဂလာဇေယျံပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်သော မင်္ဂလာရွှေပြည်အေးစေတီတော်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်လှူ ပူဇော်ခြင်းအခမ်းအနားကို ကဆုန်လပြည့်နေ့ နံနက် ၆ နာရီက အဆိုပါကျောင်းတိုက်ဝင်းအတွင်း၌ ကျင်းပသည်။

ဘုရားဒါယကာ ဦးဒတ်တဝါး + ဘုရားဒါယိကာမ ဒေါ်စန္ဒာဝါးတို့အား ရည်စူး၍ မတည်အလှူရှင် သားသမီးမြေးမြစ်တစ်စုနှင့် အလှူရှင် ခုနစ်ရက်သားသမီးများက စေတီတော်ကြီးအား စိန်ဖူးတော်၊ ထီးတော်တင်လှူပူဇော်ကြကြောင်း သိရသည်။ **(ကိုဇော်)**

### ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန်**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန Training Course on Town Land Survery No.13 ဖွင့်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီက တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနညွှန်ကြားရေးမှူး (ကျောင်းအုပ်ကြီး) ဦးတင်အောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းမော်**

### ကူးစက်ရောဂါကာကွယ်ရေးနှင့် မွေးမြူရေးသင်တန်းဖွင့်

**မော်လမြိုင်ကျွန်း**

မွန်ပြည်နယ် မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းကြားကျေးရွာတွင်မေ ၁၈ ရက် နံနက် ၁၀ နာရီက ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် မွေးမြူရေး သင်တန်းဖွင့်လှစ်သည်။

မြို့နယ်ဦးစီးမှူး ဒေါက်တာ ဖြူဖြူဝင်းက ကြက်၊ ဘဲ၊ ဝက်တို့ မွေးမြူရေး လုပ်ငန်းများ၊ မွေးမြူရေးခြံများသန့်ရှင်းသပ်ရပ်မှု၊ ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေးများအကြောင်း ပို့ချဆွေးနွေးခဲ့ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြသည်။ **အောင်အောင်(ပြန်/ဆက်)**

### မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး ပညာပေးဟောပြော

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ် မင်းရွာရဲကင်းစခန်းမှူး ရဲအုပ်မင်းမင်းကျော်သည် သက်ငယ်မုဒိမ်းမှု ကျဆင်းရေး၊ မူးယစ်ဆေးဝါး သုံးစွဲမှုပပျောက်ရေးတို့ကို မေ ၁၈ ရက်က ပနန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **စိန်ကျော်**

### မီးလောင်မှုမဖြစ်ပွားစေရေး ပညာပေးဆောင်ရွက်

**မောင်တော**

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၌ မီးသတ်ဦးစီးမှူးရုံးမှ ဒု-မီးသတ်ဦးစီးမှူး စံလွင်ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မေ ၁၉ ရက် နံနက် ၈ နာရီက မြို့နယ် အတွင်း စက်သုံးဆီဆိုင်များ၌ စက်သုံးဆီ သယ်ဆောင်လာသော ကားများ၊ ဆီပီပါများ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

## ကျွန်းစုမြို့နယ်တွင် ပျားရည်ဆွမ်းလောင်းလှူပွဲ စည်ကားစွာကျင်းပ

**ကျွန်းစု မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် (၆၁) ကြိမ်မြောက် ပျားရည်ဆွမ်းလောင်းလှူပွဲတော်ကို မေ ၁၈ ရက် (ကဆုန်လပြည့်နေ့) နံနက်ပိုင်းက ကျွန်းစုမြို့နယ် ထိန်ချောင်းကျေးရွာရှိ အောင်တော်မူ သာသနာ့ရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။

သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များက အလှူခံမဏ္ဍပ်အတွင်းသို့ ကြွရောက်လာရာ ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသော ပျားရည်အလှူရှင်များက လောင်းလှူကြသည်။

"ပျားရည်ဆွမ်းလောင်းလှူပွဲ မကျင်းပခင် တစ်လအလိုမှာ ဒေသခံတွေက ပျားရည်ကို ပိုမို၍ စုဆောင်းရပါတယ်။ နယ်ဝေးအလှူရှင်တွေကို ဒေသထွက် သဘာဝစစ်စစ်ပျားရည်များ လောင်းလှူစေချင်လို့ပါ။ ပျားတွေကို ပျားပုံးများဖြင့် မွေးမြူခြင်း၊ တောင်ပေါ်တွေမှာ သဘာဝအလျောက် ပျားရည်များကို ခူးဖျက်ပြီး ရောင်းတာရှိပါတယ်။ အနောက်ပိုင်းမှာ ဆေးဖက်ဝင်သည့် တပေါင်းလပြည့် သဘာဝပျားရည်စစ်စစ်တစ်ဘူးကို ကျပ် ၉၀၀၀ နှုန်းဖြင့် ရောင်းချပေးတာပါ" ဟု ထိန်ချောင်းကျေးရွာနေထိုင်သူ မသူဇာမိုးက ပြောသည်။



အဆိုပါ ပျားရည်ဆွမ်းလောင်းလှူပွဲကို နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၆၁ နှစ်အထိရှိခဲ့ပြီးဖြစ်ပြီး ယခုနှစ်ပျားရည်ဆွမ်းလောင်းလှူပွဲတွင် ဆရာတော်၊ သံဃာတော် ၂၁၆ ပါး၊ ရှင်သာမဏေ ၂၈ ပါးနှင့်သီလရှင်၃၈ ပါး စုစုပေါင်း ၂၈၂ ပါးတို့အား ပျားရည်ဆွမ်းများလောင်းလှူခဲ့ကြကြောင်း သိရသည်။

**စည်သူရအောင် (ကျွန်းစု)**

## ဖင်လန်နိုင်ငံ ကြက်ခြေနီအသင်း ကန်နီကျေးရွာ၌ သတင်းမှတ်တမ်းရိုက်ကူး

**လှိုင်ကော် မေ ၁၉**

ဖင်လန်နိုင်ငံနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းသောအဖွဲ့သည် လှိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရပ်ရွာလူထုဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း ပိုမိုမြင့်မားရေးစီမံချက်ပါ လုပ်ငန်းများ သတင်းမှတ်တမ်း ရိုက်ကူးခြင်း နောက်ဆုံးနေ့အဖြစ် မေ ၁၉ ရက် နံနက်ပိုင်းမှစ၍ စီမံချက်ပါကျေးရွာဖြစ်သည့် လောပိတကျေးရွာအုပ်စု ကန်နီကျေးရွာအတွင်း ရိုက်ကူးခဲ့သည်။

အဆိုပါအဖွဲ့သည် ကန်နီကျေးရွာအတွင်း ထောက်ပံ့ပေးထားသော ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းနှင့် မိုက်ကန်းရေလှောင်ကန်မှ ပေ ၁၇၀၀၀ ရေပိုက်လိုင်းသွယ်တန်းပေးခြင်းအပေါ် အကျိုးရှိစွာအသုံးပြုနေခြင်း၊ ကျေးရွာအတွင်းရှိ မွေးမြူထားသော တိရစ္ဆာန်များ၊ နွားလှည်းဖြင့် လုပ်ငန်းခွင်သို့ သွားလာလှုပ်ရှားမှု အခြေအနေများ၊ သဘာဝရှုခင်းများကို ရိုက်ကူးခဲ့ပြီးနောက် ဒေါဆန်းဘွန်းကျေးရွာရှိ ကယန်းလူမျိုးအသုံးအဆောင်ပစ္စည်းများကို သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **လှိုင်ကော်သား**



## ယာဉ်၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**တမူး မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တွင် ယာဉ်၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကိုမေ ၁၉ ရက် နံနက်၉ နာရီက ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၌ ကျင်းပသည်။

ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးဦးဝင်းနိုင်က အမှာစကားပြောကြားပြီး စစ်ဆေးရေးမှူး(၂)ဦးစိုးရွှေနှင့် အမှတ်(၁၁၀) ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲအုပ်မင်းမင်းခန့်တို့က အရက်သေစာ သောက်စားပြီး မောင်းနှင်ခြင်းမပြုရန်၊ သတ်မှတ်မိုင်နှုန်းထက် ပိုမမောင်းရန်၊ ထိုင်ခုံခါးပတ်ပတ်ရန်၊ ဖုန်းအသုံးပြုပြီး မောင်းနှင်ခြင်းမပြုရန်၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ ယာဉ်မောင်းလိုင်စင်ပြုလုပ်ထားရန်နှင့် ယာဉ်အန္တရာယ်ဆိုင်ရာပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **မျိုးဝင်းညို (ကျွန်းလှ)**

## လယ်ဝေးမြို့နယ်တွင် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး

**လယ်ဝေး မေ ၁၉**

နေပြည်တော် လယ်ဝေးမြို့နယ်တွင် မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောခြင်းကိုမေ ၁၈ ရက်နံနက်၉ နာရီကသစ်တောရွာ စာသင်ကျောင်း၌ ကျင်းပသည်။

သစ်ပုတ်ပင်နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်ရဲထွန်းက သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မှုခင်းကျဆင်းရေးအကြောင်းကို လည်းကောင်း၊ အမှတ် (၁) လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်လင်းထွန်းက လူကုန်ကူးခြင်း၊ လူကုန်ကူးခံရခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အကြောင်းအရာများကို လည်းကောင်း ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကျော်လှိုင်သင်း(နေပြည်တော်)**



## တာချီလိတ်၌ အစားထိုးသီးနှံမျိုးစေ့ ကီလို ၅၀၀ နီးပါး ထောက်ပံ့

**တာချီလိတ် မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား အစားထိုးသီးနှံ (နှစ်ချင်းသီးနှံမျိုးစေ့) များ ထောက်ပံ့ပေးအပ်ပွဲနှင့် ငမြှောင်တောင်ပိုး (FAW) ကြိုတင်ကာကွယ်နှိမ်နင်းနည်းပညာပေးသင်တန်းကို မေ ၁၇ ရက် နံနက် ၉ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့စုမှူး ရဲမှူးမျိုးမင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က အစားထိုးသီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စုများမှ စိုက်ပျိုးမည့် တောင်သူများ၏ မြေဧက ၇၀ အတွက် အထူးအထွက်တိုးစပ်မျိုးစပါး သီးနှံမျိုးစေ့ ကီလို ၄၉၀ အား တောင်သူများထံ တာဝန်ရှိသူများက ပေးအပ်သည်။

ဆက်လက်၍ ငမြှောင်တောင်ပိုး (FAW) ကျရောက်မှု ကာကွယ်နှိမ်နင်းနည်းပညာပေး သင်တန်း ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဒေါ်နှင်းယုမိုးက ငမြှောင်တောင်ပိုး (FAW) ၏ ဘဝစက်ဝန်း သွင်ပြင်လက္ခဏာနှင့် ကြိုတင်ကာကွယ်နှိမ်နင်းနည်းများကို ဆွေးနွေးပို့ချပြီး တက်ရောက်သည့် ဝန်ထမ်းများနှင့် တောင်သူများ စုစုပေါင်း ၅၀ ကျော်ကို ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မြတ်နိုးတတ်စေရန် သွားရောက်လေ့လာ

**ပဲခူး မေ ၁၉**

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထား ကာကွယ်စောင့်ရှောက်လာစေရန် ရည်ရွယ်၍ မေ ၁၇ ရက် နံနက် ၇ နာရီက ပဲခူးမြို့ရှိ အဖွဲ့ပေါင်းစုံပါဝင်သော လေ့လာရေးအဖွဲ့များသည် အမျိုးသားပြတိုက်(နေပြည်တော်)တွင် ခင်းကျင်းပြသထားသော မြန်မာ့ရှေးဟောင်း ရွှေထည်ပစ္စည်းများအထူးပြပွဲသို့ သွားရောက်လေ့လာကြသည်။

"ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် တန်ဖိုးတွေကို နားလည်လာစေရန်၊ မြတ်နိုးကာကွယ်ထိန်းသိမ်းနိုင်စေရန်နှင့် ပြခန်းတွင် ပုံမှန်ပြသထားသောပစ္စည်းများ၊ ယခုအထူးပြသထားသည့် ရွှေထည်ပစ္စည်းများကို မြင်တွေ့ရသည့်အခါ ရှေးခေတ်ဘိုးဘွားများ၏ အနုပညာတတ်ကျွမ်းမှု၊ နိုင်ငံ၏ ချမ်းသာကြွယ်ဝမှု၊ သမိုင်းကြောင်းနှင့် မနုဿဗေဒများ မည်မျှကြီးမားကြောင်းကို လေ့လာသိရှိနိုင်စေရန်အတွက် ရပ်မိရပ်ဖများနှင့် ပူးပေါင်းကာ ပထမဆုံးအကြိမ် စုပေါင်းသွားရောက်ခြင်းဖြစ်ကြောင်း " ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပဲခူးဌာနခွဲ) ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောကြားသည်။

အဆိုပါ လေ့လာရေးအစီအစဉ်ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံခန့်ခွဲလမ်းညွှန်မှု၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပဲခူးဌာနခွဲ)နှင့် ရပ်မိရပ်ဖများ၏ ကူညီပံ့ပိုးမှုဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ပရဟိတအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပအိုဝ်း၊ ရှမ်း၊ ကရင်၊ မွန်တိုင်းရင်းသား ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၉၀ တို့ပါဝင်ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပဲခူးဌာနခွဲ) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးနီလာ ဦးဆောင်ပြီး ပဲခူးမြို့မှထွက်ခွာကာ နေပြည်တော်သို့ နေ့ချင်းပြန် သွားရောက်လေ့လာခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**

## အပြည်ပြည်ဆိုင်ရာပြတိုက်နေ့အထိမ်းအမှတ် မန္တလေးယဉ်ကျေးမှုပြတိုက်ဝင်ကြေးအခမဲ့ပြသ



**မန္တလေး မေ ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန လက်အောက်ရှိအမျိုးသား ပြတိုက်၊ ယဉ်ကျေးမှုပြတိုက်များ၊ ရှေးဟောင်း သုတေသနပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များတွင် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ်အဖြစ် မေ ၁၉ ရက်က လေ့လာသူအားလုံးကို ဝင်ကြေးအခမဲ့ဖြင့် ပြသလျက်ရှိသည်။

အောင်မြေသာစံမြို့နယ် လမ်း ၈၀ နှင့် ၂၄လမ်းထောင့်ရှိ မန္တလေးယဉ်ကျေးမှု ပြတိုက်တွင်လည်း လာရောက်လေ့လာသူ ရဟန်းရှင်လူ၊ ကျောင်းသား ကျောင်းသူများအား ဝင်ကြေးအခမဲ့ဖြင့် ပြသပြီး ပြတိုက်ဆိုင်ရာ သိကောင်းစရာများ အခမဲ့ဝေငှသည်။

နှစ်စဉ် မေ ၁၈ ရက်ကို အပြည်ပြည်ဆိုင်ရာ ပြတိုက်နေ့အဖြစ် ၁၉၇၇ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီက သတ်မှတ်ထားခဲ့သည်။ ပြတိုက်များသည် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ပိုမိုနားလည်လာစေခြင်း၊ ငြိမ်းချမ်းစွာ အတူပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် အရေးပါကြောင်းကို သတိပြုမိစေရန် နှစ်စဉ်ပြတိုက်နေ့အဖြစ် သတ်မှတ်ကျင်းပခြင်းဖြစ်သည်။

မန္တလေးယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံကိန်းတွင် ပြတိုက်ကိုစံနှုန်းနှင့် ညီညွတ်သော ပြတိုက်တစ်ခုဖြစ်လာစေရန် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အဆင့်မြှင့်တင် ပြန်လည်ခင်းကျင်းခဲ့သည်။ ပြတိုက်ကို သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ပြီးခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ ရတနာပုံခေတ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းပြခန်း၊ မြန်မာ့လက်မှုအနုပညာ ပန်းဆယ်မျိုးပြခန်းနှင့် ဗုဒ္ဓအနုပညာလက်ရာပြခန်းများ ပြောင်းလဲပြသထားသည်။ ပြတိုက်ကို တနင်္လာနှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များတွင် ပိတ်ပြီး ကျန်ရက်များတွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## အိုးအိမ်မဲ့ ၂၇၅ အိမ်တို့အား မြေနေရာချထားပေး

**သထုံ မေ ၁၉**

သထုံမြို့နယ် နောင်ဘိုကျေးရွာ နောင်ဘိုဘုန်းကြီးကျောင်း၌ မေ ၁၉ ရက် နံနက် ၉ နာရီခွဲက အိုးအိမ်မဲ့ ၂၇၅ အိမ်တို့အား မြေနေရာချထားပေးခဲ့သည်။

မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့နှင့် တာဝန်ရှိသူများက သထုံမြို့နယ် နောင်ဘိုကျေးရွာ ကဿဖအနောက် ကွင်းအမှတ် (၅၉၂) ၌ မျက်နှာစာ ပေ ၄၀၊ အနောက် ပေ ၆၀ ရှိ မြေကွက် ၂၇၅ ကွက်အား အခမဲ့စနစ်တကျ မဲနှိုက် နေရာချထားပေးခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင် (သထုံ)**

## ပြည်ခရိုင်အတွင်း သစ်ပင်ပေါင်း ၁၀ သိန်းကျော် စိုက်ပျိုးမည်

**ပြည် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သစ်တောဦးစီးဌာနက ဦးဆောင်၍ ယခုနှစ် မိုးရာသီကာလမှစတင်ပြီး သစ်ပင်ပေါင်း ၁၀ သိန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြည်ခရိုင် သစ်တောဦးစီးဌာနမှ သိရသည်။

ပြည်ခရိုင်အတွင်း၌ ကျေးရွာ ထင်းစိုက်ခင်း ဧက ၄၅၀၊ စီးပွားရေး ကျွန်းစိုက်ခင်း ဧက ၁၁၀၀ ကို လာမည့် ဇွန် ၁၉ ရက်မှစတင်ကာ နေရာခြောက်ခုတွင် တစ်ချိန်တည်း တစ်ပြိုင်တည်းစိုက်ပျိုးသွားမည်ဖြစ်သည်။

"အားလုံးပေါင်း အပင် ၁၀ သိန်းကျော်ကို စိုက်ခင်းပုံစံနဲ့ ပြန်စိုက်ဖို့ လုပ်နေပါတယ်။ နောက်တစ်ခုက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဆိုပြီးတော့ သစ်တောအတွင်းမှာ ကျူးကျော်နေထိုင်ကြတဲ့သူတွေကို ဒေသခံပြည်သူအစုအဖွဲ့ပိုင်နည်းလမ်းနဲ့ ပြန်ပြီးတော့ စိုက်ဖို့ ဧက ၄၉၀၀ ကျော်ရှိတော့ တစ်ဧကကို အပင် ၁၅၀ ကျော်နဲ့ အပင်ပေါင်း ၇၅၀၀၀ ကျော် ပြန်ပြီးစိုက်မှာပါ။ အားလုံးပေါင်းလိုက်ရင် အပင်ပေါင်း ၁၀ သိန်းကျော် ၁၁ သိန်းနီးပါးတော့ စိုက်ဖို့ရှိတယ်" ဟု ပြည်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းဦးက ပြောသည်။

သစ်ပင်စိုက်ပျိုးရာတွင် စီးပွားရေးစိုက်ခင်းများတွင် ကျွန်းနှင့် ပျဉ်းကတိုးပင်များကို စိုက်ပျိုးမည်ဖြစ်ပြီး ကျေးရွာထင်းစိုက်ခင်းများတွင် ယူကလစ်၊ မန်ဂျန်ရှားများကို စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ဒေသခံအစုအဖွဲ့ပိုင် စိုက်ခင်းများတွင် ကျွန်း၊ မန်ဂျန်ရှား၊ ယူကလစ်၊ လျှော်ဖြူပင်များ စိုက်ပျိုးသွားမည်ဖြစ်ကာ ယခုနှစ်တွင် အစိုးရမဟုတ်သောဒေသတွင်း NGO အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဒေသခံပြည်သူများအတွက် နှစ်စဉ်ဝင်ငွေရနိုင်မည့် သစ်များ၊ သီးနှံများ ရောပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**





## ငဖဲမြို့နယ်တွင် မိုးရာသီစိုက်ပျိုးရန် သစ်ပင် ၈၇၀၉၅ ပင် ပျိုးထောင်ထား

**ငဖဲ မေ ၁၉**


မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၁၉ ခုနှစ် မိုးရာသီတွင် သစ်ပင်များ စိုက်ပျိုးရန်အတွက် မြို့မပျိုးဥယျာဉ်နှင့် ပျဉ်းဝပျိုးဥယျာဉ်တို့တွင် သစ်ပင်များ ပျိုးထောင်ထားရှိသည်။

ငဖဲမြို့နယ်ရှိ မြို့မပျိုးဥယျာဉ်တွင် ယူကလစ် ၆၂၀၉၅ ပင်နှင့် ကျွန်း၊ စိန်ပန်း၊ မဲဇလီနှင့် ကုက္ကိုပင် ၁၅၀၀၀ နှင့် ပျဉ်းဝပျိုးဥယျာဉ်တွင် ကျွန်း၊ စိန်ပန်း၊ မဲဇလီနှင့် ကုက္ကိုပင် ၁၀၀၀၀ စုစုပေါင်းပျိုးပင် ၈၇၀၉၅ ပင် စိုက်ပျိုးထားရှိသည်။

၂၀၁၉ ခုနှစ် မိုးရာသီတွင် ပျိုးပင်ပေါင်း ၈၇၀၉၅ ပင်ကို ကျေးရွာ ထင်းစိုက်ခင်း ၄၅ ဧကတွင် ယူကလစ် ၅၉၈၉၅ ပင်၊ သီးနှံသစ်တောရောနှောစိုက်ခင်း ၁၀ ဧကတွင် ယူကလစ်ပင် ၂၂၀၀ နှင့် မိုးရာသီ လူထုလှုပ်ရှားမှုအဖြစ် ဌာနဆိုင်ရာနှင့် ပြည်သူလူထု စိုက်ပျိုးရန် ကျွန်း၊ စိန်ပန်း၊ မဲဇလီနှင့် ကုက္ကိုပင် ၂၅၀၀၀ ကို မိုးရွာသွန်းမှုအခြေအနေပေါ်မူတည်၍ စိုက်ပျိုးနိုင်ရေး စီစဉ်ထားရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

# ရွှေ့နေနှင့် ပခုက္ကူ




## ဓါ ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဆရာ့ဆောင်းပါး ပြီးခဲ့တဲ့အပတ်က မပါဘူး၊ ဘာလို့လဲ"
"ဟုတ်တယ်၊ ခရီးသွားနေရလို့"
"ဘယ်ကို သွားတာလဲ"
"ပခုက္ကူပါ"
"ပခုက္ကူအကြောင်းခရီးသွားဆောင်းပါးရေးပါလား"
"ဖတ်ကြည့်စို့"

**ပခုက္ကူမြို့သို့**

ပခုက္ကူမြို့သို့ တာဝန်နှင့် ကျွန်တော်ရောက်သည်။ ကျွန်တော့်ဇာတိမြို့လည်းဖြစ်သည်။ တာဝန်လည်းထမ်းဆောင်၊ ဒေသန္တရဗဟုသုတလည်းရှာ၊ ခရီးသွားဆောင်းပါးလည်းရေး၊ အချိန်အားမထားဘဲ ကြေးမုံ ပရိသတ်အတွက်ပါ ပြန်လည်ဝေမျှချင်သော စေတနာဖြင့် ဤဆောင်းပါးအား ရေးသားဝေဖြာရခြင်းပါခင်ဗျာ။

**ပခုက္ကူသမိုင်း**

(၁) နှစ်သန်းပေါင်း ၄၀ ကျော် ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ခဲ့သော ဇဟင်းရွာ။
(၂) ပခန်းကြီးဒေသ၊ ပုဂံခေတ်အစ စစ်ကိုင်း၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်၊ ညောင်ရမ်း၊ အမရပူရ၊ ရတနာပုံခေတ်အဆက်ဆက်မှသည် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပါပြီ။
(၃) ဗြိတိသျှ သိမ်းပိုက်ပြီး ၁၈၉၅ ခုနှစ်ဝန်းကျင် ခရိုင်မြို့အဖြစ် ဖွဲ့စည်းရုံးစိုက်ခဲ့။
(၄) ပခုက္ကူခရိုင်တွင် ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ ဆော၊ ထီးလင်း၊ ဂန့်ဂေါ မြို့များပါဝင်ဖွဲ့စည်း။
(၅) ၁၉၉၆၊ ဆော ၊ ထီးလင်း၊ ဂန့်ဂေါမှာ ခရိုင်တစ်ခုပြန်ဖွဲ့ခဲ့။
(၆) ပခုက္ကူရွှေကူဘုရားအနီးရှိ ပုဂံပြည့်ရှင် အလောင်းစည်သူမင်း၏ ကိုယ်လုပ်တော် မယ်စိမ်းညို၏ သားသေအား အုတ်ဂူသွင်းထားရှိသည့်အရပ်ကို အစွဲပြု၍ သားထုတ်ဂူဟု ခေါ်ဝေါ်ရာကအစ ကာလရွေ့လျားလာ၍ ပခုက္ကူဟု အမည်တွင်ပါသတဲ့။

**ရောဝတီတံတား(ပခုက္ကူ)**

၆-၅-၂၀၁၉ မွန်းလွဲပိုင်းမှာ ကျွန်တော်တို့ စီးနင်းလိုက်ပါသော မော်တော်ယာဉ်ပေါ်က မြို့အဝင် ပထမဆုံးရှုမြင်ရသည်မှာတော့ ရောဝတီတံတား(ပခုက္ကူ) ဖြစ်ပါသည်။ ရောဝတီမြစ် အရှေ့ဘက်ကမ်းဒေသနှင့် အနောက်ဘက်ကမ်းဒေသ ဆက်သွယ်ပေါင်းကူးပေးသော တံတားကြီးပါပဲ။ မြစ်ကူးတံတားတွေအားလုံးထဲမှာ အရှည်လျားဆုံးနှင့် အလှပဆုံးပါ။ ရေလယ်တိုင် ၃၁/၁၁၄၁ ပေရှည်လျား။ ရထားလမ်း၊ ကားလမ်း၊ ချဉ်းကပ်လမ်းတွေအစုံပါ။ အလျား ၁၃၉၈၁ ပေ (၂ မိုင် ၅ ဖာလုံ )။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် စတင်တည်ဆောက်ခဲ့။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် အပြီးတည်ဆောက်ခဲ့။

ဤတံတားကြီးမြင်တော့ ငယ်စဉ်က ပခုက္ကူနှင့် မြင်းခြံအကူး သဲသောင်ပြင်ဖြတ်၍ နွားလှည်းနှင့် ကူးခဲ့ရပုံ၊ မင်းဒင်သင်္ဘောစီးပြီး မြင်းခြံသို့ သွားခဲ့ရပုံ၊ ပုဂံဘုရားဖူးသွားလျှင် တစ်ရက်ကြာပုံတွေ တွေးမိသေး။ အဟောင်းတွေ အသစ်ဖြစ်ပြန်ပေါ့လေ။

**သီဟိုဠ်ရှင်ဘုရား**

ဆွေဘုရား၊ မျိုးဘုရား၊ ငယ်စဉ် မိဘ၊ ဘိုးဘွားလက်ထက်ကစ၍ ရိုကျိုးခဲ့သော ဘုရားကြီးမို့ ရောက်တုန်းရောက်ခိုက် ဦးခိုက်ပူဇော်ခဲ့ရသည်။ သီဟိုဠ်ရှင်ဘုရား ဂေါပကအဖွဲ့ နာယက ဦးမြင့်ဆွေ (တရားလွှတ်တော်ရှေ့နေ) နှင့် အဖွဲ့ဝင်များက ကြိုဆိုကူညီခဲ့ကြ၍ ပိုမိုကြည်ညိုသဒ္ဓါပွားရသည်။ သက္ကရာဇ် ၄၇၇ ခုနှစ်၊ သီဟိုဠ်ဘုရင်မှ မာလ္လာယုကျွန်းအနီးတွင် အလောင်းစည်သူမင်းကြီးအား ဆက်သတော်မူခဲ့။ သစ်ဆယ်မျိုးပါဝင်။ ဓာတ်တော်မွေတော်များ ဌာပနာ။ သစ်ဆယ်မျိုးဆိုတာ ဘာပါလိမ့်။

**သစ်ဆယ်မျိုး**

(၁) မဟာဗောဓိ သစ်တော်
(၂) စန္ဒကူးနှစ် သစ်တော်
(၃) သရက္ခန်နှစ် သစ်တော်
(၄) သပြေနှစ် သစ်တော်
(၅) ထင်းရှူးနှစ် သစ်တော်
(၆) ကသစ်နှစ် သစ်တော်
(၇) ကုက္ကိုနှစ် သစ်တော်
(၈) သခွတ်နှစ် သစ်တော်
(၉) ထိန်နှစ် သစ်တော်
(၁၀) နံ့သာမျိုးနှစ် သစ်တော်တို့ဖြင့် သီဟိုဠ်လက်ရာ စေ့စပ်သေချာ သစ် ၁၀ မျိုးပေါင်းစပ်ထုလုပ်ကိုးကွယ်ထားသည်ပါ။ ဗဟုသုတမှတ်ဖွယ်ဖြစ်ပါသည်။

**ဖောင်တော်ဦးဘုရား**

သက္ကရာဇ် ၄၅၄၊ ပုဂံပြည့်ရှင်အလောင်းစည်သူသည် မြင်းမိုရ်တောင်သို့ ကြွချီတော်မူသည်။ သီဟိုဠ်ဘုရင် ဆက်သသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖောင်တော်ဦးခိုက်ရာအရပ် အထိမ်းအမှတ်စေတီ တည်ခဲ့ခြင်းဖြစ်သည်။ နန်းစဉ်နန်းဆက်ကိုးကွယ်တော်မူသော နန်းဦးဘုရားကို ဦးခိုက်ပူဇော်ခွင့်ရခဲ့သည်။ ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးဝင်းကျော်နှင့် လူငယ်အကျိုးဆောင်များ၏ ကူညီပံ့ပိုးညီညွတ်မှုကြောင့် ကုသိုလ်ပွားများခွင့် ပို၍ရခဲ့သည်။ စင်ကြယ်သန့်စင်သော ဗုဒ္ဓဘာသာဝင်လူငယ်များ၏ လုပ်အားကိုလည်း လက်တွေ့မြင်ခဲ့ရသည်။

**အလွန်ပူသော ပခုက္ကူ**

'အလွန်ပူသော ပခုက္ကူ' ဟု စာဆိုနှင့်အညီ ပခုက္ကူကမွှသား ကျွန်တော့်အတွက် အပူငွေ့ကို ရဲဝံ့စွာခံယူရင်း ဇာတိဒေသကို လွမ်းခဲ့သည်။ ရာသီဥတုကို အန်တုရင်း နိုင်ငံ့တာဝန်ထမ်းခဲ့သည်။ လေ့လာမှတ်သားစရာ အချိန်ယူမှတ်စုပြုခဲ့သည်။

**တရားဥပဒေ သံယောဇဉ်**

တရားဥပဒေသံယောဇဉ်မို့ တာဝန်အရ မဟုတ်ဘဲ ရောက်သည့်အရပ်၊ ရောက်သည့်ဒေသတွင် တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် တွေ့ဆုံဖြစ်အောင်တွေ့၊ နှုတ်ဆက်ဖြစ်အောင်နှုတ်ဆက်။ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ် ပြောဆိုကြရသည်။ ပခုက္ကူခရိုင် တရားသူကြီး ဒေါ်အေးအေးသန့်၊ ပခုက္ကူခရိုင် ဥပဒေအရာရှိ ဦးသိန်းဌေးအပါအဝင် မြို့နယ်တရားသူကြီးများ၊ မြို့နယ်ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ခဲ့သည်။ မိမိရေးသည့် ဥပဒေသုတစာအုပ်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတစာအုပ်များ မေတ္တာလက်ဆောင်အဖြစ် ဝေငှခဲ့ပါသည်။

**ပြန်/ဆက်ဦးစီး**

သတင်းမီဒီယာသမားမို့ ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဇော်ဌေးအောင်နှင့်တွေ့ပြီး လိုအပ်သည်များ မေးမြန်းရသည်။ ပခုက္ကူမြို့နယ်အတွင်း ကျေးရွာများအကြောင်းပါ လေ့လာမှတ်သားရသည်။ စာကြည့်တိုက်အတွက် ဥပဒေသုတနှင့် အဂတိတိုက်ဖျက်ရေးစာအုပ်များ လှူဒါန်းသည်။ နယ်မြေခံ ပခုက္ကူသတင်းထောက်များနှင့် အချိန်မရ၍ မတွေ့ခဲ့။ သန်းလင်း (ရွှေချောင်းပခုက္ကူ) ရေးသားပြုစုသော 'ပခုက္ကူ' အကြောင်း စာအုပ်ကို ခရိုင်ပြန်/ဆက်မှူးက ကျွန်တော့်အား လက်ဆောင်ပေးသည်။ အချက်အလက်အတော်စုံ၍ ရည်ညွှန်းကိုးကားရသည်။(**ပူးတွဲပုံ**)

ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အုံမောင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဉာဏ်ဝင်းတို့နှင့်ပါ တွေ့ဆုံ၍ လိုအပ်သည်များ မေးမြန်းလေ့လာဆွေးနွေးပြီး ဥပဒေစာအုပ်များ ဝေငှပေးသည်။

**မွေးရာဇာတိ**

ကျွန်တော့်မွေးဇာတိက ပခုက္ကူခရိုင် ကမ္မမြို့နယ်ခွဲ လက်ပြရွာဖြစ်ပါသည်။ ကမ္မက ပခုက္ကူမြို့ ကိုယ်ခွဲဟု ပြောနိုင်ပါသည်။ ကိုယ့်ရွာ၊ ကိုယ့်ဇာတိမို့ ကြွားဝါခြင်း မဟုတ်ရပါ။ အလွန်နေချင်စရာ ကောင်းသော၊ အေးချမ်းသော ပခုက္ကူနှင့် ၁၈ မိုင်ဝေးသော သစ်ပင်သီးနှံ ဖွံ့ဖြိုးသော ပခုက္ကူနှင့်ပေါက် ကားလမ်းမကြီးပေါ်မှာ တည်ရှိသော၊ အရောင်းအဝယ်ဖွံ့ဖြိုးသော၊ ဂေါတမဘုရား (ရေမျက်ကျေးရွာ) တည်ထားသော၊ ခရီးသည် အပေါင်း ထပ်တလဲလဲ လည်ပတ်လိုသော မြို့ငယ်ကလေးပါခင်ဗျာ။ ကျွန်တော့်မိဘများက ဆင်းဆင်းရဲရဲနှင့် ကျွန်တော့်အား ကျောင်းထားခဲ့ပြီး အလယ်တန်းကျောင်းအုပ် ဆရာကြီး ဦးစောလှမောင်၊ ဆရာ ဦးသောင်းဗိုလ်၊ ဆရာကြီး ဦးညီညီ (မူလတန်းကျောင်းအုပ်ကြီး) တို့၏ ကျေးဇူးကြောင့် တက္ကသိုလ်ဥပဒေပညာသင်ခွင့်ရခဲ့သည်ပါ။ ကျွန်တော့်ရွာ ကျွန်တော်ပြန်ရောက်ပြီး ဒီအကြောင်းတွေစဉ်းစားမိတော့(ဘာကြောင့်မှန်းမသိ) ကျွန်တော်မျက်ရည်ဝေ့မိပါသည်ခင်ဗျာ။ ကျေးရွာကျေးဇူး၊ မြို့ကျေးဇူး(အထူး) မမေ့အပ်ဘူးဟု ကျွန်တော်လေးနက်စွာ ခံယူမိပါသည်။

**မိတ်ဆွေသူငယ်ချင်းများ**

အချိန်မရ၍ မိတ်ဆွေသူငယ်ချင်းများကို စုံစုံလင်လင် နှုတ်မဆက်ခဲ့ရ။ အလုပ်တာဝန်(အဓိက) ဖြစ်၍ပါ။ အချိန်ရတုန်းရခိုက် ဥပဒေအရာရှိ(အငြိမ်းစား) လုပ်ဖော်ကိုင်ဖက်များနှင့် နယ်မြေခံမိတ်ဆွေ သူငယ်ချင်း ဒေါက်တာလှိုင်မိုး၊ ဦးတင်ဝင်း(ရတနာဝင်း)တို့နှင့် တွေ့ခဲ့သည်။

**အန်တီမြ မုန့်ဟင်းခါး**

အန်တီမြမုန့်ဟင်းခါးအကြောင်းကိုတော့ မရေးမဖြစ်ရေးချင်သည်။ ပခုက္ကူရောက်လျှင် အန်တီမြ မုန့်ဟင်းခါးဆိုင်သို့ မရောက်ရောက်အောင်သွားပါ။ ပခုက္ကူ-ရေစကြိုကားလမ်းမကြီးပေါ်တွင် တည်ရှိသည်။ ဝက်အူချောင်း၊ ငါးဖယ်ကြော်၊ ဗယာကြော်နှင့် ကြက်သွန်အကွင်း လိုက်၊ နံနံပင်အစုံအလင်ကို စားပွဲပေါ်တွင်တင်ထားသည်။ မုန့်တီ၊ ခေါက်ဆွဲ၊ နန်းလတ်၊ ဆန်ပြား၊ ကြာဆံဟင်းခါးနှင့် အုန်းနို့ခေါက်ဆွဲကြိုက်ရာမှာစားပြီး နှစ်သက်ရာ အကြော်နှင့် တွဲဖက်စားသုံးနိုင်သည်။ မုန့်ဟင်းခါးအရည်၊ အသုပ်၊ တစ်ပွဲ ကျပ် ၆၀၀၊ ကျပ် ၈၀၀ (သင့်သလို)ဖြစ်ပါသည်။

အန်တီမြက သူ့သမီးမဇင်ကို လွှန်ခဲ့သော ၁၀ နှစ်က အမွေပေးခဲ့တဲ့ မုန့်ဟင်းခါးချက်သောအလုပ် ဖြစ်ပါသည်။ ထိုအလုပ်ကို ပခုက္ကူခရိုင် ဥပဒေအရာရှိ(ငြိမ်း) ဦးခင်မောင်မြင့်(မဇင်၏ ခင်ပွန်း) က ဦးဆောင်၍ဖွင့်လှစ်ရောင်းချနေခြင်းဖြစ်ပါသည်။

ဦးခင်မောင်မြင့်က ခရိုင်ဥပဒေအရာရှိ (ငြိမ်း)လည်းဖြစ်၊ ဂေါက်သီးသမားလည်းဖြစ်သဖြင့် အပေါင်းအသင်းဝင်ဆံ့သူ၊ မိတ်ဆွေပေါများသူဖြစ်ပါသည်။ ထို့ကြောင့် ရောင်းကောင်းပါသည်။ အန်တီမြဆိုင်က မုန့်ဟင်းခါး၊ လက်သုပ်တို့မှာလည်း အရသာရှိရှိ ပြင်ဆင်မွမ်းမံထားသောကြောင့် ထိုင်ရာမထ စွဲမက်စားသုံးကြပါသည်။ အားပေးဝယ်ယူစားသုံးသူ များသထက်များလာနေပါသည်။

ကျွန်တော်က Facebook ထဲမှာ ထည့်ရေးလိုက်၍ ကြော်ငြာသလိုဖြစ်သွားပြီး လာစားကြသူတွေ သတင်းမေးပြီး ရပ်ဝေးက မိတ်ဆွေတွေက လာအားပေးဦးမည်ဆိုသူတွေပါ ပေါက်ဖွား များပြားလာပါသည်။

**အရင်းပြုတ်**

သူငယ်ချင်း(ရင်းနှီးသူအချို့) ကတော့ "လာသမျှ သူငယ်ချင်းတွေကို အခမဲ့ညှော်ခံကျွေးမွေးနေရ၍ အရင်းပြုတ်တော့မှာပဲ" ဟု Facebook မှာရေးကြပါသတဲ့။ အရင်းမပြုတ်တဲ့အပြင် သူ့ဆိုင်နာမည်ကြီးပြီး အားပေးဝယ်ယူစားသုံးသူများလာသဖြင့် ဆိုင်ခန်းတိုးချဲ့ပါမည်။ လှူဒါန်းသမျှ ကုသိုလ်လည်းရ ဝမ်းလည်းဝဟု ဆိုင်ရှင် ဦးခင်မောင်မြင့်က Facebook မှာ ပြန်ရေးပါသတဲ့။ စေတနာတန်ဖိုးကြောင့် သူ့ဆိုင်တိုးတက်အောင်မြင်ကြီးပွားပါစေဟု ဆန္ဒပြုလိုက်ပါသည်။

**ဂုဏ်ယူ**

ကျွန်တော် အဓိကရေးချင်တာကတော့ ခရိုင်ဥပဒေအရာရှိတစ်ယောက်အနေဖြင့် အငြိမ်းစားယူပြီး ရှေ့နေမလိုက်ဘဲ မိဘမျိုးရိုးဆက်ခံပြီး သမ္မာအာဇီဝလုပ်ကိုင်သည့်အနေဖြင့် မုန့်ဟင်းခါးရောင်းသည့်အလုပ်ကို မြတ်မြတ်နိုးနိုး လုပ်ကိုင်စားသောက်ခြင်းပါပဲ။ ထို့ကြောင့် ဥပဒေအရာရှိ(ငြိမ်း)များဖြစ်ကြသော ဦးကျော်ဆွေ၊ ဦးဗိုလ်၊ တရားလွှတ်တော်ရှေ့နေ ဦးစိန်မြင့်တို့နှင့် ကျွန်တော်တို့ သွားရောက် အားပေးခဲ့ခြင်းပါ။ ရေစကြိုသား ဦးတင်မြင့်၊ ခုံရုံးအဖွဲ့ဝင်(ငြိမ်း)နှင့် ညွှန်ချုပ်(ရှေ့နေချုပ်ရုံး-ငြိမ်း) နှင့် မုံရွာသား ဦးအောင်မြင်ထွန်း( နေပြည်တော်ကောင်စီဝင်၊ ပြည်နယ်ဥပဒေအရာရှိ-ငြိမ်း) တို့လည်း လာရောက်အားပေးဖူးပါသတဲ့။

Facebook သတင်းမှာ ကျွန်တော်ရေးသဖြင့် နာမည်ကျော် တရားလွှတ်တော်ရှေ့နေကြီးနှင့် နိုတြီပဗ္ဗလစ် ဆရာကြီးဦးမြသိန်းနှင့် မမဝင်းတို့မိသားစုကလည်း ပုဂံညောင်ဦးဘုရားဖူးရင်း နာရီဝက်နှင့် ကူး၍ရသော ပခုက္ကူသို့ တကူးတကလာပြီး အန်တီမြမုန့်ဟင်းခါးစားမည်၊ အားပေးမည်ဆိုပါလား။ ကြော်ငြာခ မရဘဲ ကျွန်တော်ညွှန်းသော ကြော်ငြာမှန်၊ မမှန် လက်တွေ့စမ်းသပ်ကြည့်ပါခင်ဗျား။

**ပခုက္ကူ**

ပခုက္ကူခရီးစဉ်အကြောင်းတွင် ဒေသအကြောင်းလည်းပါ တရားဥပဒေအကြောင်းလည်းပါ၊ ဘုရားသမိုင်းလည်းပါ၊ မုန့်ဟင်းခါးအကြောင်းလည်းပါ (ရေးစရာတွေ) များလှပါ၍ စုံစီနဖာ သောင်းပြောင်းထွေလာဖြစ်ပါမည်။ ခရီးသွားအတွေ့အကြုံများ တင်ပြခွင့်ပေး၍ ရှေ့ဆက်ရမည့်ခရီး ပို၍နီးသည် ထင်မိပါသည်။

**နိဂုံး**

(၁) ပခုက္ကူအကြောင်းရေးစရာတွေ များလှပေသည်။
(၂) ဤဆောင်းပါးမျှနှင့် မပြည့်စုံနိုင်သေး။
(၃) အခါအခွင့်သင့်မှ ထပ်မံရေးပါမည်။

# ဘားအံမြို့၌ တောင်သူလယ်သမားများဈေးကွက်သို့ ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ဘားအံ မေ ၁၉**

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြည်နယ်အတွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့် တောင်သူများကိုယ်တိုင် စိုက်ပျိုးထုတ်လုပ် ရောင်းချသည့် တောင်သူလယ်သမားများဈေးကွက် (Farmers Market) ကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ကန်သာယာ (ယာယီညဈေး)ကွင်း၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ Farmers Market ၌ တောင်သူလယ်သမားများ စိုက်ပျိုးပြီး ထွက်ရှိသော ဓာတုကင်းလွတ်ထုတ်ကုန်များကို တစ်နေရာတည်း၌ စုစည်းပြသပြီး ရောင်းချခြင်းသာမက စိုက်ပျိုးရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ဖလှယ်နိုင်ခြင်း၊ ဈေးကွက်၊ နည်းပညာ၊ သွင်းအားစုများအား ချိတ်ဆက်ပေးနိုင်စေခြင်း၊ တောင်သူအချင်းချင်း အမြင်ချင်း ဖလှယ်နိုင်ခြင်း၊ စိုက်ပျိုးရေး၊ ဈေးကွက်စီးပွားရေးနှင့် ပတ်သက်သောဌာန၊ အဖွဲ့အစည်းများနှင့် နည်းပညာအချက်အလက်များ ရယူနိုင်ခြင်း စသော အကျိုးကျေးဇူးများ ရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။



တောင်သူလယ်သမားများ ဈေးကွက်ပြပွဲကို မေ ၄ ရက်က ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ပြီး အပတ်စဉ် စနေနေ့တိုင်း ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ရသေ့တောင်မြို့နယ်အတွင်းရှိ သောက်သုံးရေ အခက်အခဲဖြစ်နေသော ရပ်ကွက်များအား သောက်သုံးရေလှူဒါန်း

**ရသေ့တောင် မေ ၁၉**

ရသေ့တောင်မြို့နယ်အတွင်းရှိ သောက်သုံးရေအခက်အခဲဖြစ်နေသော မြို့ပေါ်ရပ်ကွက်များအား ရသေ့တောင်မြို့နယ် စီမံခန့်ခွဲရေးကော်မတီနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ နေ့စဉ် သောက်သုံးရေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က "အခုနှစ် ပူပြင်းခြောက်သွေ့တဲ့ နွေရာသီမှာ မြို့မှာရှိတဲ့ ရေတွင်း၊ ရေကန်နဲ့ မြို့ရေပေးဝေနေတဲ့ ကန်တော်ကြီးမှာ ရေတွေ ခန်းခြောက်နေပါပြီ။ ပြည်သူတွေအတွက် ရေအခက်အခဲရှိနေလို့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်တွေဆွေးနွေးပြီး ရပ်ကွက်အလိုက် ရေတွင်းတွေကို မီးသတ်ရေတင်ယာဉ်နဲ့ ရေဖြည့်ပေးနေပါတယ်။ ကန်တွေ ရေခန်းတော့ မိုးမရောက်ခင်အထိ ရေချွေတာသုံးရမယ့် အနေအထားပါ။ နောက်နှစ်တွေမှာ ရေအခက်အခဲတွေမဖြစ်အောင် မြို့မိမြို့ဖနဲ့ စီမံခန့်ခွဲမှုကော်မတီတွေစုပေါင်းပြီး ရေသိုလှောင်နိုင်အောင် အခုကတည်းက ရေတွင်းတွေ တူးဖော်လျက်ရှိပါတယ်"ဟု ပြောသည်။

လက်ထောက်မီးသတ်ဦးစီးမှူးဦးဆောင်ပြီး တပ်ဖွဲ့ဝင်များက ရသေ့တောင်မြို့နယ်အတွင်းရှိ သောက်သုံးရေပြတ်လပ်နေသော မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများအား နေ့စဉ် ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေတင်ယာဉ်ဖြင့် တစ်နေ့နှစ်ကြိမ် လှူဒါန်းလျက်ရှိရာ ယနေ့အထိ ရေဂါလန် ၂၈၀၀၀ လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ ကျောက်စိမ်း/ကျောက်မျက် အရောင်းပြပွဲမှ ငွေကျပ် သန်း ၆၀၀၀ ကျော် ရောင်းချနိုင်ခဲ့

**မြစ်ကြီးနား မေ ၁၉**

ကချင်ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်(နေပြည်တော်)၏ ပံ့ပိုးကူညီမှုတို့ဖြင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား) ကကြီးမှူး၍ မေ ၁၈ ရက်က ကျင်းပပြီးစီးခဲ့သည့် ဒုတိယအကြိမ်မြောက် ကျောက်စိမ်း/ကျောက်မျက် အရောင်းပြပွဲတွင် ငွေကျပ် သန်း ၆၀၀၀ ကျော် ရောင်းချနိုင်ခဲ့ကြောင်း ကချင်ပြည်နယ် ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရစ်နန့်ဇေလွန်းထံမှ သိရသည်။

မြစ်ကြီးနားမြို့တွင် ကျင်းပပြီးစီးခဲ့သည့် ဒုတိယအကြိမ်မြောက် ကျောက်စိမ်း/ကျောက်မျက်အရောင်းပြပွဲ၌ မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်ကြသည့် ကျောက်ကုန်သည်ကြီးများအား မေ ၁၄ ရက်နှင့် ၁၅ ရက်တို့က ခင်းကျင်းပြသထားသည့် ကျောက်စိမ်းများကို လိုက်လံကြည့်ရှုစေပြီး မေ ၁၆ ရက်မှ ၁၈ ရက်အထိ အိတ်ဖွင့်လေလံစည်းကမ်းများနှင့်အညီ အများပြည်သူရှေ့မှောက်တွင် တင်ဒါများ ဖွင့်လှစ်ရောင်းချပေးခဲ့ရာ တင်ဒါစတင်ဖွင့်လှစ်သည့်နေ့မှစ၍ သုံးရက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲပေါင်း ၄၉၂ တွဲအနက် ၃၈၄ တွဲရောင်းချနိုင်ခဲ့၍ ငွေကျပ် သန်းပေါင်း ၆၀၀၀ ကျော် ရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဒုတိယအကြိမ်မြောက် ကျောက်စိမ်း/ကျောက်မျက်အရောင်းပြပွဲနှင့်ပတ်သက်၍ ကချင်ပြည်နယ် ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရစ်နန့်ဇေလွန်းက "အခုကျင်းပတဲ့ ဒုတိယအကြိမ် ကျောက်စိမ်းအရောင်းပြပွဲမှာ တင်ဒါစဖွင့်တဲ့ ပထမနေ့မှာ ကျောက်မျက်အတွဲ ၁၅၀ ဖွင့်လှစ်ရာမှာ ၁၂၄ တွဲ၊ ဒုတိယနေ့မှာ ကျောက်မျက်အတွဲ ၁၅၀ ဖွင့်လှစ်ရာမှာ ၁၃၃ တွဲနဲ့ တတိယနေ့မှာ ကျောက်မျက်အတွဲ ၁၉၂ တွဲ ဖွင့်လှစ်ရာမှာ ကျောက်မျက်အတွဲပေါင်း ၁၂၇ တွဲ ရောင်းချနိုင်ခဲ့လို့ သုံးရက်အတွင်း ကျောက်မျက်အတွဲပေါင်း ၃၈၄ တွဲ ရောင်းချနိုင်ခဲ့ပါတယ်။ ပထမအကြိမ်ကျင်းပစဉ်က မြန်မာငွေကျပ် သန်းပေါင်း ၁၀၀၀ ကျော် ရောင်းချနိုင်ခဲ့တာကြောင့် ဒုတိယအကြိမ် ကျောက်မျက်အရောင်းပွဲတော်က ပိုအောင်မြင်တယ်လို့ပြောရမှာပါ" ဟု ပြောသည်။

ယခုကျင်းပသည့် ဒုတိယအကြိမ် ကျောက်မျက်အရောင်းပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကျောက်ကုန်သည်ကြီးများက အများဆုံးလာရောက်၍ တင်ဒါဆွဲဝယ်ယူခဲ့ကြပြီး တတိယအကြိမ်မြောက် ကျောက်မျက်အရောင်းပွဲတော်ကို ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျောက်မျက်ရောင်းချရေး ကော်မတီမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## နွေရာသီကရာတေး(အခမဲ့)သင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပ




**ပြည်ကြီးတံခွန် မေ ၁၉**

IKO Myanmar Mandalay Branch ပြန်/ဆက်သင်တန်း အာစရိယပူဇော်ပွဲနှင့် နွေရာသီကရာတေး (အခမဲ့) သင်တန်းဆင်းပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၆၂)လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်ရှိ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ IKO Myanmar မှ မန္တလေးတိုင်းဒေသကြီးတာဝန်ခံ ဆရာဦးညွန့်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများက နာယကဆရာကြီးများနှင့် သင်တန်းနည်းပြများအား ပူဇော်ကန်တော့ကြသည်။ ယင်းနောက် IKO Myanmar မှ မန္တလေးတိုင်းဒေသကြီးတာဝန်ခံ ဆရာဦးညွန့်မောင်ဆွေနှင့် တာဝန်ရှိသူများက IKO Myanmar Mandalay Branch ပြန်/ဆက်သင်တန်းမှ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခြင်း၊ ခါးစည်းအဆင့်များ တိုးမြှင့်ပေးခြင်းနှင့် Kata ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ခါးစည်းအဆင့် အဖြူရောင်မှ လိမ္မော်ရောင်သို့ တိုးမြှင့်ပေးသူ ၇၀၊ လိမ္မော်ရောင်မှ အပြာရောင်သို့ တိုးမြှင့်ပေးသူ ၁၉ ဦး စုစုပေါင်း ၈၉ ဦးကို ခါးစည်းအဆင့်တိုးမြှင့်ပေးပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း၊ သင်တန်းကာလမှာ သုံးလကြာမြင့်ခဲ့ကြောင်း IKO Myanmar Mandalay Branch ပြန်/ဆက်သင်တန်းမှ သင်တန်းနည်းပြ ကိုအောင်ခန့်ထံမှ သိရသည်။

သင်တန်းဆင်းပွဲသို့ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းနှင့် တာဝန်ရှိသူများ၊ IKO Myanmar မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် ၎င်းတို့၏မိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ပြည်မြို့တွင် သစ်ပင်စိုက်ပါ စတေကာကမ်ပိန်နှင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ



**ပြည် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဆံတော်ဘုရားကြီး မြောက်ဘက် စောင်းတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံမီးပွိုင့်၌ ယနေ့နံနက်ပိုင်းက ခရီးသွားပြည်သူများအား ပြည်မြို့အစိမ်းရောင်မျိုးဆက် သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများအဖွဲ့က ဦးဆောင်၍ သစ်ပင်စိုက်ပါ စတေကာကမ်ပိန်နှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

"လာမယ့် မိုးရာသီမှာ သစ်ပင်တွေ တွင်တွင်ကျယ်ကျယ်စိုက်ပျိုးကြဖို့အတွက် လူထုကြားထဲကိုဆင်းပြီး အသိပညာပေးတဲ့ စတေကာကမ်ပိန်၊ လက်ကမ်းစာစောင်တွေ ဝေခဲ့ပါတယ်။ လူထုကြားထဲမှာ သစ်ပင်စိုက်ရမယ်ဆိုတဲ့ အသိပညာကို ကျယ်ကျယ်ပြန့်ပြန့်သိရှိသွားစေချင်တာရယ်၊ အခုလို စတေကာတွေ၊ လက်ကမ်းစာစောင်တွေကို သူတို့ကားတွေ၊ ဆိုင်ကယ်တွေမှာ ကပ်ပေးလိုက်တာကြောင့် နေ့တိုင်းမြင်နေရတော့ ကျွန်တော်တို့က သူတို့ကို သစ်ပင်စိုက်ပါလို့ နေ့တိုင်းပြောပေးနေသလိုဖြစ်စေချင်တာပါ"ဟု အစိမ်းရောင်မျိုးဆက်အဖွဲ့မှ ကိုငြိမ်းချမ်းဝေက ပြောသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

"မျက်နှာစာ အကျယ်ပေ(၅၀၀)ကျော်၊ အရှေ့အနောက် အကျယ်ပေ(၁၈၀၀)ကျော်၊ နေပြည်တော်၊ မြို့မဈေးသွားကားလမ်းကြီးဘေးမေးတင်၊ နေရာကောင်း(KLO)ဆီပန့်ရှေ့ စားသောက်ဆိုင်တန်းများအနီးရှိ (နှစ်ကိုးဆယ်ဂရန်မြေ)ကိုးကေမြေကွက်ကြီးအားရောင်းမည်။"
09-2039566, 09-448548778, 09-8300442

## ဆရာအအေး SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

(၁)တန်းမှ (၉)တန်း ကလေးများအတွက် ကျောင်းနှင့် ပြင်ပမှာ အင်္ဂလိပ်စာထူးချွန်ဖို့ တစ်နှစ်လုံးတက် သင်တန်းများ

**Saturday + Sunday**
**9:30 to 11:30 a.m.**
**June 8 ဖွင့်မည်။**
ဝင်ကြေး - ၁၀၀၀၀/-
လစဉ်ကြေး - ၃၀၀၀၀/-

အလုပ်ကောင်းရလိုသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများအတွက်

ဦးထွန်းလင်းမြို့လမ်း အမှတ် ၅ (B-3) ဒုတိယထပ်
Ph: 09 443001453, 01-503472, 09 30775232

အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
01 392048, 01 256954, 01 202046

**BASIC FOUR SKILLS ENGLISH**
3:30 - 5 (Mon-Thurs) 27 May
1 - 2:30 (Mon-Thurs) 3 Jun
3:30 - 5 (Mon-Thurs) 3 Jun
7:30 - 9 (Mon-Thurs) 10 Jun
6 - 7:30 (Mon-Thurs) 17 Jun
1 - 4:00 (Sat + Sun) 22 Jun

**BASIC ENGLISH SPEAKING**
3:30 - 5 (Mon-Thurs) 27 May
10-11:30 (Mon-Thurs) 3 Jun
1 - 2:30 (Mon-Thurs) 10 Jun
9 - 12:00 (Sat + Sun) 16 Jun

**BASIC GRAMMAR**
3:30 - 5 (Mon-Thurs) 10 Jun

**BASIC WRITING**
1 - 2:30 (Mon-Thurs) 27 May

**VOCAB ENRICHMENT**
1 - 2:30 (Mon-Thurs) 20 May

**PRE-INTERMEDIATE (4-Skill English)**
10-11:30 (Mon-Thurs) 20 May
3:30 - 5 (Mon-Thurs) 27 May
7:30 - 9 (Mon-Thurs) 3 Jun

**INTERMEDIATE (Academic English)**
1 - 4:00 (Sat + Sun) 9 Jun

**BASIC FOUR SKILLS ENGLISH**
7:30-10:30 (Sat + Sun) 1 Jun
10-11:30 (Mon-Thurs) 3 Jun
1 - 2:30 (Mon-Thurs) 3 Jun
6 - 7:30 (Mon-Thurs) 10 Jun
7:30 - 9 (Mon-Thurs) 17 Jun
1 - 2:30 (Mon-Thurs) 17 Jun

**IELTS (Preparation)**
1 - 3:30 (Mon-Thurs) 17 Jun

**IELTS (Reading+Vocab)**
1 - 3:00 (Mon-Thurs) 27 May

**IELTS (Speaking+Vocab)**
10-12:00 (Mon-Thurs) 3 Jun

**IELTS (Writing+Grammar)**
7:30-9:30 (Mon-Thurs) 8 Jul

**BASIC ENGLISH SPEAKING**
1 - 2:30 (Mon-Thurs) 20 May
3:30 - 5 (Mon-Thurs) 27 May
1 - 2:30 (Mon-Thurs) 3 Jun

**BASIC GRAMMAR**
12 - 3:00 (Sat + Sun) 25 May
1 - 2:30 (Mon-Thurs) 17 Jun

**VOCAB ENRICHMENT**
10-11:30 (Mon-Thurs) 17 Jun

**PRE-INTERMEDIATE (4-Skill English)**
7:30-10:30 (Sat+Sun) 26 May
1 - 2:30 (Mon-Thurs) 3 Jun
3:30 - 5 (Mon-Thurs) 10 Jun

**INTERMEDIATE (Academic English)**
12 - 3:00 (Sat + Sun) 26 May
7:30 - 9 (Mon-Thurs) 3 Jun

### ဖခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ ကမ်းကြီးကျေးရွာ၊ အထက-ခွဲ(ကမ်းကြီး)၊ ဒသမတန်းမှ မကေခိုင်စိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်စာရင်းအရ ဦးနေငွေ၊ ၈/ပမန(နိုင်) ၀၈၇၁၃၈ ဖြစ်ပါကြောင်း။


**ဦးနေငွေ**

### အမည်မှန်

မြိတ်မြို့၊ မြင်းမိုရ်ပုဂ္ဂလိက ကိုယ်ပိုင်အထက်တန်းကျောင်း အဌမတန်းအောင်မှ မယမင်းသူ၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မရွှေဝတ်မှုံ ဖြစ်ပါကြောင်း။

**မရွှေဝတ်မှုံ**

The Hotel @ Tharabar Gate
Old Bagan, Myanmar



## ရင်းနှီးမြှပ်နှံရန် အထူးကောင်းမွန်သော
## Special Sale , Amazing Price

မြောက်ဒဂုံ၊ (၂၉)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးပေါ်
(40'x60')မြေပိုင်ဆိုင်မှုနှင့် Foundation ပြီးစီးပြီး
စထပ်ခွဲ (Lift ပါ)ဆောက်လုပ်ရန် အဆောက်အဦးဖြစ်သည်။

**သိန်း - 4700**

ဆက်လက်ဆောက်လုပ်ရန် (သိန်း - 5,000)ခန့် ကုန်ကျမည်ဖြစ်ပြီး
အဆောက်အဦးပြီးသွားပါက အနည်းဆုံး (သိန်း - 15,000)ပြန်ရနိုင်မည့်
အကျိုးအမြတ်များသော ရင်းနှီးမြှပ်နှံမှုဖြစ်ပါသည်။



**Golden Myanmar Real Estate**
Ph - 09 7966 88880, 09 7966 88881, 09 9651 33905

## SUPER RICH MAN
### GROUP OF COMPANIES

**(ဝန်ထမ်းအမြန်အလိုရှိသည်)**

| | |
|---|---|
| ၁။ မန်နေဂျာ (ဘွဲ့ရ) | ကျား (၃)ဦး |
| ၂။ ရေလိုင်း၊ မီးလိုင်းကျွမ်းကျင် (M&E) | ကျား (၁၀)ဦး |
| ၃။ ဂဟေကျွမ်းကျင် | ကျား (၅)ဦး |
| ၄။ ယာဉ်မောင်း (လိုင်စင် ညီ/နီ) | ကျား (၃)ဦး |
| ၅။ လုပ်ငန်းကြီးကြပ် (ဘွဲ့ရ) | ကျား (၅)ဦး |
| ၆။ ရုံးဝန်ထမ်း (ဆယ်တန်းအောင်/ဘွဲ့ရ) | မ (၅)ဦး |

၂၉/ဘီ၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ၊ ရန်ကုန်။
ဖုန်း _ 09 422205502, 01 401518, 01 8604064

## METRO
IT & Japanese Language Centre

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက် IT Engineer တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည်

**Only One School in Myanmar**

IT | ဂျပန်ဘာသာ | English ဘာသာ




Game၊ Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော၊ Programming skill ပြည့်ဝသော Software Engineer တစ်ယောက်ဖြစ်ချင်ပါသလား?
Web Page များကို ကိုယ်တိုင်ဖန်တီးရေးသားနိုင်သော Web Developer တစ်ယောက်ဖြစ်ချင်ပါသလား?
ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ IT Engineer တစ်ယောက်အဖြစ် ရပ်တည်ချင်ပါသလား?
... IT Engineer များစွာကို မွေးထုတ်ပေးနေသည့် Metro IT & Japanese Language Centre မှာ ...
IT နည်းပညာရပ်များကို Zero Level မှစတင်ပေးလာပြီး ...

### IT Course Seminar ( ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ )

26 May 2019 ( Sunday )
1:00 pm ~ 3:00 pm
Metro IT & Japanese Language Centre ( Yangon )

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo, Pansodan Road ( middle block ),
Kyauktada Township, Yangon. Phone No : 01-372691, Email: mminfo@metro-myanmar.com
Facebook: www.facebook.com/metrogroupmyanmar Website: www.metro-myanmar.com/mic
09-262007800
09-976334160

# အပူဒဏ်နှင့် ရေရှားပါးမှုကြောင့် ရွှေစက်တော်ဘေးမဲ့တောတွင် ရွှေသမင်ကောင်ရေ လျော့နည်းလာ



ရွှေစက်တော်ဘေးမဲ့တောမှ ရွှေသမင်များကို တွေ့ရစဉ်။

**မင်းဘူး မေ ၁၉**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ရွှေစက်တော်ဘေးမဲ့တောတွင် သဘာဝအတိုင်း ပေါက်ပွားရှင်သန်နေသော ဒေသမျိုးစိတ်ရှားပါးရွှေသမင်အကောင်ရေ စာရင်းများကို နှစ်စဉ်ဖေပြီလရောက်တိုင်း စာရင်းကောက်ယူခဲ့ရာ ယခုနှစ်တွင် သမင်ကောင်ရေ ၉၅၂ ကောင်သာရှိသည်ဟု တွက်ချက်နိုင်ခဲ့ပြီး မျှော်မှန်းအကောင်ရေထက် ကောင်ရေ ၆၀၀ ခန့် လျော့နည်းသွားကြောင်း ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရုံးမှ သိရသည်။

**စာရင်းကောက်လိုင်းများ သတ်မှတ်**

သမင်ကောင်ရေစာရင်းကို မျက်မြင်တစ်ကောင်ချင်းအပေါ် ရေတွက်ကောက်ယူခြင်းမျိုးမဟုတ်ဘဲ စာရင်းကောက်လိုင်းများသတ်မှတ်၍ ကောက်ယူခဲ့ရာတွင် ရာသီဥတုအပူဒဏ်ပြင်းထန်မှုနှင့် သမင်များအတွက် သောက်သုံးရေရှားပါးသွားသည့် အခြေအနေများကြောင့် ယင်းသို့လျော့နည်းခဲ့ရခြင်းဖြစ်သည်ဟု သိရသည်။

**တောရိပ် တောင်ရိပ်ခို**

"အရင်နှစ်က ရေကန်တွေနားမှာ သမင်တွေကို အုပ်စုလိုက်တွေ့ရတယ်။ ဒီနှစ်မှာ သူတို့ ရှိတတ်တဲ့ ရေကန်တွေကလည်း အစောကြီးခန်းသွားတော့ နွေစပါးအတွက်ရေလှောင်ထားတဲ့ မုန်းဆည်၊ မန်းဆည်၊ မဲဇလီဆည်မြောင်းတွေဘက် ပြန့်သွားတာတွေလည်း ရှိတယ်။ သမင်တွေက မနက်ပိုင်း ၁၀ နာရီလောက်အထိကျက်စားကြတယ်။ ဒါပေမယ့်နေကလည်း ပူလွန်းတော့ တောရိပ် တောင်ရိပ်ခိုနေတာတွေလည်း ရှိပါတယ်။ နေပြင်းတော့ ဝန်ထမ်းတွေကလည်း စာမျက်နှာ ၅ ကော်လံ ၅ သို့ ✳

## အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးဘောလုံးအသင်း ဇွန် ၁၂ ရက်တွင် စတင်လေ့ကျင့်မည်

**ရန်ကုန် မေ ၁၉**
မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၂၀၁၉ အာဆီယံ အမျိုးသမီးပြိုင်ပွဲယှဉ်ပြိုင်ရန် ဇွန် ၁၂ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဧပြီလပထမပတ်က ယှဉ်ပြိုင်သည့် အိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲပြီးကတည်းက လေ့ကျင့်မှုရပ်နားထားခြင်း ဖြစ်သည်။

**ခြေစမ်းပွဲများယှဉ်ပြိုင်**

မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၁၂ ရက်မှ လကုန်အထိ ရန်ကုန်မြို့၌ လေ့ကျင့်မည်ဖြစ်ပြီး ဇူလိုင်ပထမပတ်တွင် မော်လမြိုင်မြို့သို့ သွားရောက်ကာ ဒေသခံအသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇူလိုင်နောက်ဆုံးပတ်တွင် ပြည်ပခြေစမ်းခရီးစဉ်သွားရောက်မည်ဖြစ်ပြီး ခြေစမ်းပွဲ အနည်းဆုံးသုံးပွဲကစားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ဆက်လက်ကိုင်တွယ်မည်**

ယင်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးအသင်းကို ပဏ္ဍာမကစားသမား ၂၅ ဦးဖြင့် နည်းပြချုပ် ဦးဝင်းသူမိုးက ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းနည်းပြအဖွဲ့သည် လက်ရှိကျင်းပနေသည့် အမျိုးသမီးလိဂ်ပွဲစဉ်များအား လိုက်လံကြည့်ရှုနေပြီး စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ✳



ရှမ်းယူနိုက်တက်တိုက်စစ်မှူး အီမန်နျူရယ် ဟံသာဝတီဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

## ပိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်နှင့် ရခိုင်အသင်း ဆီမီးဖိုင်နယ်တက်ရောက်

**ရန်ကုန် မေ ၁၉**
၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ်(ပထမနေ့)ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် ရခိုင်အသင်း ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

**(အောင်ဆန်းကွင်း)**

| | | |
|---|---|---|
| ရှမ်းယူနိုက်တက် | - | နှစ်ဂိုး |
| ဟံသာဝတီ | - | တစ်ဂိုး |

၂၀၁၈ ရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် ဟံသာဝတီအသင်းသည် ယခုပွဲတွင် ဦးဆောင်ဂိုးကို မထိန်းနိုင်၍ ရှမ်းယူနိုက်တက်ကို အရှုံးပေးခဲ့ရပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင် နောက်မှလိုက်ကစားရသော်လည်း ဒုတိယပိုင်းတွင် သွင်းယူသည့်နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲပြီးခါနီးတွင် သွင်းယူခဲ့သည့် ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○

### ကြေးမုံ ယနေ့ ဗတ်စရာ


ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် မိုးမကျမီ ယာယီနေရာချထားပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး
စာမျက်နှာ - ၈

အီတလီစီးရီးအေတစ်နှစ်တာအကောင်းဆုံးဆု စီရီနယ်လ်ဒို ဆွတ်ခူး အသင်းနည်းပြ အယ်လီဂရီ ဂျူဗင်တပ်မှ ထွက်ခွာမည်
စာမျက်နှာ - ၁၁



MTB
MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်
"သင့်အနာဂတ်ဖန်တီးဖို့ MTB နဲ့လက်တွဲစို့"
Address: No.437(Ka), Pyay Road, 8 Ward, Kamayut Township, Yangon, Myanmar. Tel: 09 682 682 682
Email : info@mtb-bank.com, Facebook : www.facebook.com/MyanmaTourismBank, Website : www.mmtourismbank.com